www.dhammaransi.com



www.dhammaransi.com

စံတုတ္တအကြိမ်
၁၉၇၉—ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ [၃၀၀၀]
မျက်နှာဖုံး ပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး—ဦးကြိုလေး။
ဘလောက် လွင် နှင့် သောင်းလှ
မျက်နှာဖုံးရိုက်—သီရိနန္ဒာ
ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ်[၄၆၃]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၄/၇၉](၂)
တန်ဖိုး ၁၂-ကျပ်။

ထုတ်ဝေသူ။ ။ဦးနန္ဒ (၀၂၅၄၅)၊ မော်ကွန်းသစ်စာပေ၊ အမှတ် ၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဦးနန္ဒ (၀၃၅၉၇)၊ သီရိနန္ဒာစာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့

www.dhammaransi.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

ဗုဒ္ဓံ ဝန္ဒံ သံဃံ ပူဇေမိ။

# ဘုရား တရား သံဃာ

# မြတ်ရတနာ

## ပုံပြတရားတော်

ဦးနန္ဒ၊ ဝိဇ္ဇာ (ဂုဏ်ထူး)၊ ဒီဂျေ တင်ဆက်ပူဇော်သည်။

သီရိရတနာ စာပေတိုက်
၁၆၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

၂၉၄.၃၀၉၂

နုဒ္ဒ.

၁၈၂၉

စဥ်-၂

ကံဇို့-၂၇

www.dhammaransi.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဘုရား တရား သံဃာ မြတ်ရတနာ

## ပဌမ

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ သရဏံ သဗ္ဗပါဏိနံ။
နတွာ ဂန္ထံ ကရိဿာမ လောကဓမ္မတ္ထသာဓကံ။

သဗ္ဗပါဏိနံ၊ လူ, နတ်, ဗြဟ္မာ ခပ်သိမ်းသော သတ္တဝါဟူသမျှတို့၏။ သရဏံ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကွယ်ကာ ကိုးကွယ်ရာအစစ် ဖြစ်ပေထသော....

www.dhammaransi.com

ဗုဒ္ဓဥ္စ၊ သစ္စာလေးတန် တရားမှန်ကို ကိုယ်တော်တိုင် သိကာ, သူတကာတို့ သိဖို့ အရေး ဟောပြောပေးတတ် ဘုရားရှင် ကိုယ်တော်မြတ်ကိုလည်းကောင်း။

ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။

သံဃဥ္စ၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်အရိယာ မြတ်သံဃာကိုလည်းကောင်း။

အဟံ၊ နန္ဒမည်ခေါ် ဘုရားတပည့်တော်သည်။ နမာမိ၊ ရိုသေညွတ်လျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။ နတွာ-နမိတွာ၊ ရိုသေညွတ်လျိုး လက်စုံမိုးကာ ရှိခိုးပြီး၍။ လောကဓမ္မတ္ထသာဓကံ၊ လောကုတ်, လောကီ နှစ်လီသောအကျိုးတရားတို့ကို မုချဆတ်ဆတ် ပေးစေနိုင်တတ်သော။ ဂ္ဂလမ်ဂန္ထံ၊ "ဘုရား တရား သံဃာ မြတ်ရတနာ" ဟူသော ကျကျမ်းစာကို။ ကရိဿာမိ၊ စေတနာရွှေထား မေတ္တာပွားလျက် ရေးသားစီရင် စီစဉ်တင်ဆက်ပါအံ့ သတည်း။

www.dhammaransi.com

## “ဘုရားရတနာ ကိုးကွယ်ရာ”

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ဟာ သုမေဓာရှင်ရသေ့ဘဝက “သင်ကား မချွတ်ကေန် အမှန်စင်စစ် သဗ္ဗညုဘုရားရှင်ဖြစ်လိမ့်မယ်”ရယ်လို့ ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါးမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့ရတဲ့အခါ-

-ငါ သစ္စာလေးပါးကို သိမြင်တဲ့ အခါ သတ္တဝါ အများ တို့အား လည်း ငါ သိ သ လို သိစေ့မယ်။

-ငါ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့အခါ သတ္တဝါအများတို့အားလည်း သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်စေ့မယ်။

-ငါ သံသရာရေယဉ်ကျောမှ ကူးမြောက်တဲ့အခါ သတ္တဝါအများတို့အားလည်း သံသရာ ရေယဉ်ကျောမှ ကူးမြောက်စေ့မယ်။ ။ရယ်လို့ ဝန်ခံ ကြိမ်းပတော်မူခဲ့ပါတယ်။

အဲဒီလို ဝန်ခံကြိမ်းပတော်မူခဲ့ပြီးတဲ့နောက်၊လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းတိုင်တိုင်အမျှသုံးဆယ်သော ပါရမီတော်တို့ကို လည်းကောင်း၊ စွန့်ခြင်းကြီးငါးပါးနဲ့ စရိယ သုံးဖြာတို့ကို လည်းကောင်း ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူးတော်မူပါတယ်။ နောက်ဆုံး ဝေဿန္တရာမင်းဘဝ ကုန်ဆုံးတဲ့အခါ ဘုရားအလောင်းတော်ဟာ ပါရမီတော်အားလုံး ပြည့်စုံကုံလုံပြီး တုသိတာနတ်ပြည်မှာ “သေတကေတု”အမည်ရတဲ့ သန္တုသိတနတ်သားရယ်လို့ ထင်ရှားဖြစ်တော်မူပါတယ်။

www.dhammaransi.com



## ချမ်းမြေ့ကြည်ဖြူ သန္ဓေယူ

သုံးလူ့ရှင်ပင်၊ ကျွန်ုထိပ်တင်၊သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာ ရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေ ယူသည်၊ နတ်လူငြိမ်းဖို့ ကန်းပါကို။


[လယ်တီဆရာတော်]

အလောင်းတော်ဟာ တုသိတာ နတ်ပြည်မှာ နတ်သက်တမ်းစေ့တဲ့အခါ၊ စကြဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာများလာရောက်ကြပြီး"အို-အရှင်နတ်သား၊ ဘုရားဖြစ်ရန်အချိန်တန်ပါပြီ၊ လူ့ပြည်၌ ပဋိသန္ဓေနေ၍ ဘုရားဖြစ်တော်မူပါ"ရယ်လို့ ဝိုင်းဝန်းတောင်းပန်ကြပါတယ်။ ဒီအခါ အလောင်းတော် နတ်သားဟာ လူ့ပြည်၌ သန္ဓေယူရန် "ကြည့်ခြင်းကြီးငါးပါး"ဖြင့် ကြည့်တော်မူပါတယ်။ အဲဒီလို ကြည့်တော်မူတဲ့အခါ ငါးပါးလုံး ပြည့်စုံစွာ ရှိဘာကို မြင်တော်မူတဲ့အတွက် "လူ့ပြည်၌ ဘုရားဖြစ်ပွင့်တော်မူရန်" ဝန်ခံကတိပြုတော်မူပြီး၊ တုသိတာနတ်ပြည်မှ နတ်သက်ချွေကာ စုတေတော်မူပါတယ်။

---

(၁) အလောင်းတော် သန္ဓေယူစဉ် မယ်ဘုရားမာယာဒေဝီ အိပ်မက် မြင်မက်တော်မူပုံ။

www.dhammaransi.com



အဲဒီလို စုတေပြီးတဲ့နောက်၊ မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ည သန်းခေါင်ယံ အချိန်မှာ ကပိလဝတ် ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းရဲ့ မိဖုရားကြီးဖြစ်တဲ့ ကျင့်ဝတ်သီလနဲ့ ပြည့်စုံတဲ့ မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ စွဲပိုက်သန္ဓေ တည်နေတော်မူပါတယ်။ [ကပိလဝတ်ပြည်ဆိုတာ သကျသာကီဝင်ဘုရင်တွေ အုပ်စိုးတဲ့ တိုင်းပြည်ဖြစ်ပြီး အိန္ဒိယမြောက်ပိုင်း ဟိမဝန္တာနဲ့ နီးကပ်တဲ့၊ ယခု နီပေါပြည်လို့ခေါ်တဲ့ အရပ် ဖြစ်ပါတယ်။]

အဲဒီလို အလောင်းတော် သန္ဓေယူတော်မူတဲ့ အချိန်မှာ မယ်တော် မဟာမာယာဒေဝီဟာ အိပ်ပျော်နေပြီး "ဆင်ဖြူရတနာတစ်စီးက မိမိရဲ့ လက်ယာနံပါးကို ဖောက်ပြီး ဝမ်းတွင်းသို့ဝင်ရောက်လာတယ်" ရယ်လို့ အိပ်မက် မြင်မက်တော်မူပါတယ်။

### ပဋိသန္ဓေ ဖွားတော်မူ

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဥ်၊ မဟာလိုက်ဆူ၊
ဖွားတော်မူသည့်၊ ရက်လူ့အောင်မြို့ လမ်းပါကို။

[လယ်တီဆရာတော်]

---

(၂) ဖွားမြင်ပြီးစ အချိန်တွင် မြောက်အရပ်သို့ ရဲရင့်စွာ လှမ်းကြွတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီလို ၆၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ သန္ဓေ ယူတော်မူပြီး ကိုးလလွန်မြောက် ဆယ်လ ရောက်တဲ့ ၆၈-ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့မှာ မယ်တော် မဟာမာယာဒေဝီဟာ ဆွေတော်မျိုးတော်များရှိရာ ဒေဝဒဟပြည်သို့ မင်းခမ်း မင်းနားဖြင့် ထွက်ကြွတော်မူပါတယ်။ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည် အကြားမှာရှိတဲ့ လွန်စွာ သာယာလှတဲ့ လုမ္ဗိနီသာမော အင်ကြင်းတောမှာ အလောင်းတော်အား မီးရှူးသန့်စင် ဖွားမြင်တော်မူပါတယ်။ ဒီအခါ မြေငလျင် ပြင်းစွာ တုန်လှုပ်ပါကယ်။

ဖွားမြင်ပြီးစအချိန်မှာ အလောင်းတော်ဟာ မြောက်အရပ်သို့ ခြေခုနစ်ဖဝါး ကြွလှမ်းတော်မူပြီး မတ်မတ်ရပ်ကာ "တစ်လောကလုံးမှာ ငါသာလျှင် အမြတ်ဆုံး" စတဲ့ စကားရပ်များကို မြွက်ကြားတော်မူပါတယ်။ အဲဒီနောက် ၅-ရက်မြောက်တဲ့နေ့မှာ ပုရောဟိတ်ပုဏ္ဏားများက ဘုရားလောင်းရဲ့ ရုပ်လက္ခဏာတော်ကို ကြည့်ရှုစစ်ဆေးကြတဲ့အခါ၊ ပုဏ္ဏား ၇-ယောက်တို့က လက် ၂-ချောင်း ထောင်ပြီး "လူအဖြစ်နဲ့ခနရင် စကြာမင်းဖြစ်မယ်၊ တောထွက်ရင် ဘုရားဖြစ်မယ်" လို့ ဟောကြပါတယ်။ အငယ်ဆုံးဖြစ်တဲ့ ကောဏ္ဍညပုဏ္ဏားကတော့ လက်တစ်ချောင်းသာ ထောင်ပြီး "ကေန်မုချ ဗုဒ္ဓဘုရား ဖြစ်လိမ့်မယ်" လို့ ဟောကြားပါတယ်။

အလောင်းတော်အား သိဒ္ဓတ္ထ[အကျိုးအားလုံး ပြီးစီးသော] မင်းသားရယ်လို့ အမည်မှည့်ခေါ်ကြပါတယ်။

www.dhammaransi.com



## ချမ်းမြေ့ရဂုံ တောရပ်လှုံ

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျံလူ၊ စံတော်ယူ၍၊
ရှယ်မူနှုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်
ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျွားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊
တောရပ်လှုံသည်၊ စုံမြှိုင်ပင်ရိပ်ခန်းမှာကို။ [လယ်တီဆရာတော်]

အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ အသက် ၁၆-နှစ်အရွယ်မှာ ဖွားဖက်တော် ယသော်ဓရာ မင်းသမီးနဲ့ လက်ဆက်ပြီး ထီးနန်းစည်းစိမ်ကို ၁၃ နှစ်တိုင်တိုင် ခံစားစံစားတော်မူပါတယ်။ ခမည်းတော်နဲ့ ဆွေတော်မျိုးတော်များက တောထွက်သွားမှာကို မလိုလားကြတဲ့အတွက် သိဒ္ဓတ္ထမင်းသားအား လောကီအာရုံ ကာမဂုဏ်စည်းစိမ်တွေနဲ့ ယစ်မူးမေ့လျော့နေစေပါတယ်။ ရမ္မ, သုဘ, သုံရမ္မ, ဆိုတဲ့ ရွှေနန်းမသုံးဆောင်တို့မှာ ရာသီအလိုက် ချမ်းသာစွာ စံစားစေပါတယ်။

ဒါပေမယ့် သိဒ္ဓတ္ထမင်းသားဟာ ဥယျာဉ်တော်သို့ ၄-လတစ်ကြိမ်ကျထွက်ကြွစဉ်မှာ နတ်ဗြဟ္မာများ ဖန်ဆင်းပြကြတဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီး ၄-ပါးကို မြင်တွေ့တော်မူရလို့ ကြီးစွာ သံဝေဂ ဖြစ်တော်မူခဲ့ရပါတယ်။

ဒါကြောင့် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ [သားတော်ရာဟုလာ ဖွားမြင်တဲ့နေ့] ည သန်းခေါင်ယံအချိန်မှာ ဖွားဖက်တော် ဆန္န အမတ်ကို နောက်ပါခေါ်ပြီး၊ ဖွားဖက်တော် ကဏ္ဍက မြင်းကို စီးကာ တောထွက်တော်မူပါတယ်။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူစဉ်မှာ သက်တော် ၂၉-နှစ်သာ ရှိပါသေးတယ်။ လောကီစည်းစိမ်များကို ခံစားမယ်ဆိုယင် ခံစားလို့ ကောင်းတုန်းအရွယ်ပါဘဲ။

တောထွက်လာပြီး မြို့တံခါးရဲ့အပြင်ဘက်သို့ရောက်တဲ့အခါ မာရ်နတ်လာပြီး "အသင်မင်းသား တောထွက်ဖို့မလိုပါ။ ၇-ရက်ကြာလျှင် စကြာရတနာ ဆိုက်ရောက်လာပါလိမ့်မယ်" လို့ ပြောဆို တားမြစ်ပါသေးတယ်။ ဒါပေမယ့် အလောင်းတော်က လက်မခံဘဲ ငြင်းပယ်ကာ တောထွက်မြဲ တောထွက်လာတော်မူပါတယ်။


နံနက်လင်းချိန်မှာ အနောမာသောင်ကမ်းသို့ ရောက်ရှိတဲ့အခါ သိဒ္ဓတ္ထမင်းသားဟာ ဆံတော်ကို ပယ်ပြီး၊ ဃဋိကာရ ဗြဟ္မာမင်း ဆက်ကပ်လှူဒါန်းတဲ့ ရဟန်းပရိက္ခရာတို့ကိုခံယူကာ ရဟန်းပြုပါတယ်။

အဲဒီနောက် ဆန္နနဲ့ ကဏ္ဍကတို့ကို နေပြည်တော်သို့ပြန်လွှတ်ကာ၊ တစ်ပါးတည်း တောလမ်း ခရီးကြမ်းကို ကြွလှမ်းတော်မူပါတယ်။

---

[၃] အသက် ၂၉-နှစ်တွင် သိဒ္ဓတ္ထမင်းသား၏တောထွက်တော်မူပုံ-

www.dhammaransi.com



ခါတော်တစ်ဖုံ ပွင့်ချိန်ကြုံ

တောရပ်မြို့ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်
လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေသက်၊ ရွှေညောင်တော်ကြီး၊
ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းမော်၊ သောင်းလုံး
ကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းဖွယ်ကို။ [လယ်တီဆရာတော်]

ဘုရားအလောင်းတော်ဟာ အနုပိယ သရက်တောမှာ ၇-ရက်မျှ စံနေတော်မူပါတယ်။ အဲဒီနောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တဲ့အခါ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကိုယ်တော်တိုင်ကြွလာပြီး ထီးနန်းစည်းစိမ်ကို တစ်ဝက်ခွဲပေးခဲ့ပါသေးတယ်။ ဒါပေမယ့်အလောင်းတော်ကလက်မခံဘဲ ဥရုဝေဠတောသို့ ဆက်လက်ကြွလှမ်းတော်မူပါတယ်။

ဥရုဝေဠတောမှာ အလွန်ကျင့်နိုင်ခဲတဲ့ ဒုက္ကရစရိယအကျင့်ကို ၆-နှစ်တိုင်တိုင် ပြင်းပြင်းထန်ထန်ကျင့်ကြံအားထုတ်တော်မူပါတယ်။ ဘယ်လောက်များ ပြင်းထန်စွာ ကျင့်ကြံအားထုတ်ပါသလဲဆိုရင် အရိုးပေါ် အရေတင်ကာ အားအင်ဆုတ်ပြတ် မေ့မြောပြီး လဲသေလုမတတ် ပြင်းပြင်းထန်ထန်အားထုတ်တော်မူပါတယ်။ ဒါပေမယ့် ဒုက္ကရစရိယအကျင့်ဖြင့် တရားထူးကို မရခဲ့ရှာပါဘူး။

---

[၄] သက္ကရာဇ် ၃၅-နှစ်တွင် သဗ္ဗညုတဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူပုံ။

www.dhammaransi.com



ဒါကြောင့် ဒုက္ကရစရိယအကျင့်ကို စွန့်လွှတ်ကာ၊ မိမိတစ်လသားအရွယ်မှာ လယ်ထွန်မင်္ဂလာကျင်းပစဉ်က အာနာပါနရှုပြီး ပထမစျာန်ရခဲ့ဖူးတာကို ပြန်သတိရတာနဲ့ အဲဒီအာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ဖို့ ဆုံးဖြတ်တော်မူပါတယ်။ အဲဒီနောက် အားအင်ပြည့်ဖြိုးလာအောင် သုဇာတာ ဆက်ကပ်လှူဒါန်းတဲ့ ဃနာနို့ဆွမ်းကို ၄၉-လုတ် ဘုဉ်းပေးတော်မူပါတယ်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ ညနေချမ်းမှာ ဗောဓိမဏ္ဍိုင်သို့ ရောက်ရှိတော်မူပြီး အပရာဇိတပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပါတယ်။ အလောင်းတော်ဟာ "ဘုရားမဖြစ်မချင်း ဒီအထိုင်ကိုမဖျက်ဘူး" ဆိုတဲ့ အဓိဋ္ဌာန်ချက်ဖြင့် တရားဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တော်မူပါတယ်။

အဲဒီနောက် ဗောဓိပင်နဲ့ ရွှေပလ္လင်ကို လာလုတဲ့ မာရ်နတ်ရန်ကို နေမဝင်ခင် အောင်မြင်တော်မူပါတယ်။ ညဉ့်ဦးယံမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိတော်မူပါတယ်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဆိုတာ ရှေးရှေးဘဝအစဉ် ခန္ဓာအစဉ်ကို ပြန်လည်သတိရနိုင် သိမြင်နိုင်တဲ့ ဉာဏ်ပါဘဲ။ အဲဒီနောက် သန်းခေါင်ယံမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိပါတယ်၊ ဒီဉာဏ်ကတော့ ကြည့်လိုရာရာ အကြီးအသေး အနီးအဝေး ရှိရှိသမျှ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို ကြည့်နိုင်မြင်နိုင်တဲ့ နတ်မျက်စိနဲ့ တူတဲ့ ဉာဏ်အထူးပါဘဲ။

www.dhammaransi.com



မိုးသောက်ယံမှာတော့ အာသဝက္ခယဉာဏ်လို့ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို ရရှိတော်မူပါတယ်။ အရဟတ္တမဂ်ဉာဏ်ဆိုတာ ကိလေသာမှန်သမျှကို ဝါသနာနဲ့တကွ အကြွင်းမဲ့ ပယ်သတ်တဲ့ ဉာဏ်ပါဘဲ။ အဲဒီလို အရဟတ္တမဂ်ဉာဏ်ကို ရရှိလိုက်တယ်ဆိုရင်ဘဲ သိစရာတွေမှန်သမျှကို အကုန်အစင် သိနိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကိုလဲ တစ်ခါတည်းရရှိပြီး ဖြစ်ပါတော့တယ်။

အဲဒီလို အရဟတ္တမဂ်ဉာဏ်နဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်ဆိုင်လိုက်တဲ့အခါ လောကမှာ အမြတ်ဆုံးဖြစ်တဲ့ သဗ္ဗညုတဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူကာ၊ "ဗုဒ္ဓရတနာကြီး"ဟာ လူနတ်ဗြဟ္မာတို့ ကိုးကွယ်ဖို့ရာ ထင်ရှားဖြစ်ပေါ်၍ လာရပါတော့တယ်။ ဒါကြောင့်....

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါဟူသမျှတို့၏။ ဟိတာယ၊ လောကုတ်,လောကီ နှစ်လီသော အစီးအပွားအလို့ငှာ။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသေ ဖြစ်ထွန်း ပေါ်ပေါက်တော်မူပါလေပြီ။

www.dhammaransi.com

# ""ဘုရားရှင် နှင့် မာရ်နတ်""

အဲဒီလို "သဗ္ဗညုတ ဗုဒ္ဓမြတ်စွာဘုရား" ရယ်လို့ ထင်ရှားဖြစ်ပေါ်တော်မူပြီးတဲ့နောက်၊ ဘုရားရှင်ဟာ ဗောဓိပင်ရဲ့အနီးဝန်းကျင်အရပ်ဌာန ခုနစ်ဌာနမှာ ခုနစ်ရက် ခုနစ်လီ[သတ္တသတ္တာဟ] စျာန်သမာပတ်ဝင်စားကာ အေးအေးလူလူ စံနေတော်မူပါတယ်။

အဲဒီနောက် ရှစ်ကြိမ်မြောက် ခုနစ်ရက်ရောက်တဲ့အခါ ဘုရားရှင်ထံသို့ မာရ်နတ်လာပြီး....

"အို... မြတ်စွာဘုရား၊ အရှင်ဘုရားဟာ သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် ရည်မှန်းပြီး ပါရမီဖြည့်လာခဲ့တာ ယခု ရည်မှန်းချက် အထမြောက်ပါပြီ၊ ဒါကြောင့် အရှင်ဘုရား ပရိနိဗ္ဗာန်စံတော်မူပါတော့၊ လောကဋ္ဌ လှည့်လည်နေဖို့ မလိုတော့ပါ" ရယ်လို့ ပြောကြားလှာပါတယ်။

ဒီအခါ ဘုရားရှင်က မာရ်နတ်ရဲ့စကားကို လက်မခံဘဲ....

"အို... မာရ်နတ်၊ ငါဘုရားရဲ့ တပည့်သာဝကများ ဖြစ်ကြတဲ့ ရဟန်းယောကျ်ားများ၊ ငါဘုရားရဲ့ တပည့်သာဝိကာမများ ဖြစ်ကြတဲ့ ဘိက္ခုနီများ၊ ငါဘုရားကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ဥပါသကာ ဒါယကာများ၊ ငါဘုရားကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ဥပါသိကာ-ဒါယိကာမများဟာ-

---

[၅] မာရ်နတ်လာ၍ ဘုရားရှင်အား ပရိနိဗ္ဗာန်ဝင်စံရန် ပြောကြားနေပုံ။

www.dhammaransi.com



* ယဉ်ယဉ်ကျေးကျေးနှင့် ထက်ထက်မြက်မြက် မရှိကြသေးသမျှ၊
* တရားအရာမှာ အကြားအမြင် ဗဟုသုတများပြီး ထိုတရားအတိုင်း ကျင့်ကြံနေထိုင်သူတွေ မများသေးသမျှ၊
* ငါ ဘုရားရဲ့ အယူဝါဒကို သင်ယူတတ်မြောက်ပြီး သူတစ်ပါးအား မပို့ချနိုင်သေးသမျှ၊
* ဖြစ်ပေါ်လာတဲ့ဆန့်ကျင်ဘက် အယူဝါဒကို တရားသဖြင့် နှိမ်နင်း၍ အကြောင်းပြလျက် တရားဓမ္မကို မဟောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဖို့ မဖြစ်နိုင်သေးဘူးမာရ်နတ်''

"အို....မာရ်နတ်၊ ငါဘုရားရဲ့ သီလ, သမာဓိ, ပညာ, သိက္ခာသုံးရပ် "ဗုဒ္ဓသာသနာတော်မြတ်ကြီး'' စည်ပင်ပြန့်ပွား၍ ပညာရှိသော လူနတ်တို့ နယ်ပယ်မှာ မထင်ရှားသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံဖို့ မဖြစ်နိုင်သေးဘူး မာရ်နတ်''ရယ်လို့ ပြန်လည်မိန့်ကြားတော်မူပါတယ်။

ဤသို့ ဘုရားရှင်က "မြတ်ဗုဒ္ဓ သာသနာ့လမ်းစဉ်ကြီး'' ကို ပြတ်ပြတ်သားသား ထုတ်ဖော်ကြေညာ မိန့်ကြားတော်မူလိုက်တဲ့အခါ မာရ်နတ်ဟာ ဘာမျှ မတတ်နိုင်တော့ဘဲ လက်မှိုင်ချကာ အရှုံးပေး ထွက်ပြေးသွားခဲ့ရပါတယ်။

အဲဒီနောက် မာရ်နတ်ရဲ့သမီးပျိုများဖြစ်ကြတဲ့ တဏှာ, အရတိ, ရဂါ ဆိုတဲ့ နတ်သမီး သုံးယောက်တို့က ဘုရားရှင်ရဲ့ထံတော်မှောက်သို့ ရောက်ရှိလာကြပြီး "အရှင်ရဟန်းကြီး၊ ကျွန်ုပ်တို့ဟာ အရှင်ရဟန်းကြီးရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းတုပ်ကွ နေထိုင်ကြရန် လာရောက်ကြပါတယ်။

[၆] မာရ်နတ်၏သမီးပျိုများက အစွမ်းကုန်မြူဆွယ်ကြသော်လည်း တုန်လှုပ်ခြင်း အလျှင်းရှိတော်မမူပုံ။

www.dhammaransi.com



အရှင်ရဲ့ အလိုကျ အာရုံကိုပေး၍ လုပ်ကျွေးပြုစုပါရစေ”လို့ ဖြားယောင်းစကား ပြောကြားကြပါတယ်။ ဒါပေမယ့် ဘုရားရှင်က သူတို့ပြောကြားကြတဲ့ စကားများကို အလေးဂရုပင်မပြုဘဲ လျစ်လျူရှုကာ နေပါတယ်။ တုန့်လှုပ်ခြင်း အလျှင်းမရှိ, မျက်စိတော်ကိုပင် ဖွင့်မကြည့်ဘဲ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားလျက်နေတော်မူပါတယ်။

ဒီအခါ မာရ်နတ်ရဲ့သမီးပျိုများက အရွယ် အဆင်း အမျိုးမျိုးတို့ကို ဖန်ဆင်းပြကြကာ အစွမ်းကုန်မြူဆွယ်ဖြားယောင်းကြပြန်တယ်။ ဒါပေမယ့် ဘုရားရှင်က မျက်စိတော်ကိုပင် ဖွင့်မကြည့်ဘဲ “အို....နတ်သမီးတို့၊ သင်တို့ သွားကြကုန်လော့၊ ငါဘုရားအား ဖြားယောင်းမှုကို မပြုကြကုန်လင့်။ ဤအမှုမျိုးကား ရာဂ,ဒေါသ,မောဟ မကင်းသေးတဲ့ သူတို့ရဲ့ ရှေ့မှောက်၌သာ ပြုလုပ်ခြင်းငှာ သင့်လျော်ပေတယ်။ ငါဘုရားမှာတော့ ရာဂတရားကို အကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ ဒေါသတရားကို အကြွင်းမဲ့ပယ်အပ်ပြီးပြီ။ မောဟတရားကိုလည်း အကြွင်းမဲ့ ပယ်အပ်ပြီးပြီ၊ ကိလေသာမှန်သမျှကို အကြွင်းမဲ့ ပယ်အပ်ပြီးပြီ”ရယ်လို့ မိန့်ကြားတော်မူကာ ပယ်မြစ်တော်မူပါတယ်။

ဒီအခါ မာရ်နတ်ရဲ့သမီးပျိုများဟာ ဖြားယောင်းခြင်းငှာ မစွမ်းနိုင်ကြတော့ဘဲ လက်မှိုင်ချ အရှုံးပေးကာ “ဤရဟန်းကြီး ဂေါတမဟာ အရဟံဂုဏ်ရှင်, သုဂတဂုဏ်ရှင် ဖြစ်တော်မူပါပေတယ်။ လောက၌ ရာဂဖြင့် ဖြားယောင်း သွေးဆောင်ဖို့ရန် လွယ်ကူသူ မဟုတ်ပါ”ရယ်လို့ ချီးမွမ်းစကားပြောဆိုကြပြီး အဝေးသို့ ထွက်ခွာသွားကြပါတော့တယ်။

---

[၇] ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com

## ''တရားရတနာ ကိုးကွယ်ရာ''

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊
စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်
ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို။

[လယ်တီဆရာတော်]


ဗုဒ္ဓဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ရက်ပေါင်း ၆၀-လောက်သာ ဖလသမာပတ်ဝင်စားကာ အေးအေးလူလူ သီတင်းသုံးနေတော်မူခဲ့ရပါတယ်။ အဲဒီနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တော်မူပြီး ၂-လအကြာ ဝါဆိုလပြည့်နေ့မှာ မိဂဒါဝုန်တောသို့ ကြွရောက်တော်မူပြီး ပဉ္စဝဂ္ဂီငါးဦးတို့ကို အမှူးထား၍ နတ်ဗြဟ္မာပရိသတ်အပေါင်းတို့အား "ဓမ္မစကြာတရားဦး"ကို ဟောကြားတော်မူပါတယ်။

အဲဒီနောက် ၄၅-ဝါ ကာလပတ်လုံး ဝေနေယျ သတ္တဝါများအကျိုးအတွက် အရပ်ဒေသအမျိုးမျိုးသို့ ဒေသစာရီ ကြွချီ လှည့်လည်ကာ "တရားဓမ္မများ"ကို ဟောကြားတော်မူခဲ့ရပါတယ်။ ဟောကြားတော်မူတဲ့အခါ ဒါနကထာ၊ သီလကထာ စသည်ဖြင့် ဟောစဉ်အတိုင်းရော၊ အခြေအနေကြည့်ပြီးတော့ရော ဟောကြားတော်မူခဲ့ရပါတယ်။

---

[၇] ဝေနေယျအများအား တရားဟောကြား ချွေချွတ်တော်မူပုံ။

www.dhammaransi.com



ဒီတစ်ဘဝတည်းနှင့်ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်စံမယ့်ပုဂ္ဂိုလ်များအတွက်ကိုတော့သီလ,သမာဓိ ကို အခြေခံပြီး၊ တရားကျင့်ကြံအားထုတ်ဖို့ ဝိပဿနာတရားကို အဓိကထား ဟောကြားတော်မူပါတယ်။ သံသရာလည်အုံးမယ့် ပုဂ္ဂိုလ်များအတွက်ကိုတော့ နိဗ္ဗာန်မရမီ ချမ်းချမ်းသာသာနေနိုင်ဖို့၊ အပါယ်မကျစေဖို့ ဒါနတရား၊ သီလတရားတို့ကို အလေးထားဟောကြားပြီး၊ ဝိပဿနာတရားကိုတော့ အခြံအရံ သဘောလောက်သာ ဟောကြားတော်မူပါတယ်။

မေးမြန်းလာတဲ့ ပြဿနာပေါ်လည်ရုံလောက် ဟောကြားတာလဲ ရှိပါတယ်။ ထိုထိုပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒသို့ မငဲ့ပဲ သဘောမှန်သက်သက်ကိုသာ ဟောကြားတော်မူခဲ့တာတွေလဲ ရှိကြပါတယ်။

အဲဒီလို ၄၅-ဝါ ကာလပတ်လုံး မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့တဲ့ အတွက်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအများတို့ အားထားကြည်ညို မှီခိုကိုးကွယ်ဖွယ်ရာဖြစ်တဲ့ "ဓမ္မရတနာမြတ်ကြီး" ဟာ လောကသုံးပါးမှာ ထင်ရှားထွန်းပေါ်၍ လာပါတော့တယ်။ ဒါကြောင့်....

ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။

ဓမ္မော၊ တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါဟူသမျှတို့၏။ သုခါယ၊ ပစ္စုပ္ပန်,သံသရာနှစ်ဖြာသော ချမ်းသာသုခအလို့ငှာ။ လောကေ၊ လောကသုံးခွင်ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသေ ဖြစ်ထွန်းပေါ်ပေါက်တော်မူပါလေပြီ။

www.dhammaransi.com

## "သံဃာရတနာ ကိုးကွယ်ရာ"

မြတ်စွာဘုရားသခင်ဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ပဥ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးရှေးဖျား ရဟန်းပြုပေးတော်မူပါတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာတော်မှာ ကောဏ္ဍည အမှူးရှိတဲ့ ပဥ္စဝဂ္ဂီငါးဦးတို့ဟာ အဦးဆုံး အရင်ဆုံး ရဟန္တာများ ဖြစ်ခဲ့ကြပါတယ်။

ပဥ္စဝဂ္ဂီငါးဦးတို့ရဲ့နောက်မှာ ယသ သူဌေးသား ရဟန်းပြုပါတယ်။ အဲဒီနောက် ယသ သူဌေးသားရဲ့မိတ်ဆွေ ၄ ဦးတို့ ရဟန်းပြုကြပါတယ်။ ဒီအခါ ရဟန်းစုစုပေါင်း တစ်ကျိပ် (ဆယ်ပါး) ဖြစ်လာပါတယ်။ အဲဒီနောက်တစ်ဖန် ယသ သူဌေးသားရဲ့ မိတ်ဆွေငါးကျိပ်တို့ ရဟန်းပြုကြတဲ့အခါ ပထမဝါဆိုလို့ သီတင်းကျွတ်ရင်ဘဲ ရဟန္တာခြောက်ကျိပ် (ခြောက်ဆယ်)တို့ ဖြစ်ပေါ်၍ လာရပါတော့တယ်။

ဒီအခါ မြတ်စွာဘုရားသခင်က ရဟန္တာ ခြောက်ကျိပ်တို့အား "ရဟန်းတို့၊ များစွာသော လူအပေါင်းတို့၏ အကျိုးငှာ၊ ချမ်းသာခြင်းအကျိုးငှာ၊ လောကကိုစောင့်ရှောက်ခြင်းငှာ ခရီးလှည့်လည်ကြကုန်၊ ခရီးတစ်ခုတည်း နှစ်ပါးအတူ မသွားကြနှင့်၊ ကောင်းမြတ်သော သစ္စာတရားတို့ကို လူသတ္တဝါတို့အား ဟောပြောကြကုန်" လို့ မိန့်ကြားတော်မူပါတယ်။

ဒါကြောင့် ရဟန္တာ ခြောက်ကျိပ်တို့ဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ မိန့်မှာတော်မူချက်နဲ့ အညီ အရပ်ဒေသခြောက်ဆယ်တို့သို့ သာသနာပြုသွားရောက်ခဲ့ကြပါတယ်။ ရောက်ရာအရပ်မှာ တရားဓမ္မများကို ဟောကြားကြတဲ့အခါ ဗုဒ္ဓသာသနာတော်ကို ယုံကြည်ဆည်းကပ်ပြီး ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်

များ၊ ဘုရင်မှူးမတ် စစ်သူကြီး သူဌေးသူကြွယ် စတဲ့ သာသနာ့ဒါယကာ ဥပါသကာများဟာ တစ်နေ့တခြား တိုးပွားများပြား၍ လာခဲ့ရပါတော့တယ်။

ရဟန်းတော်များဘက်မှဆိုလျှင် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်မဟာကဿပ စတဲ့ သာသနာ့အာဇာနည် ရဟန္တာမထေရ်ကြီးများ၊ လူပုဂ္ဂိုလ်များဘက်မှဆိုရင် ဝိသာခါ၊ အနာထပိဏ်၊ ဗိမ္ဗိသာရ၊ စိတ္တသူကြွယ် အစရှိတဲ့ ဥပါသကာ ဥပါသိကာ သာသနာ့ ဒါယကာ ဒါယိကာမများ ပေါ်ပေါက်လာကြပါတော့တယ်။

မြတ်ဗုဒ္ဓသာသနာတော်မှာ သာသနာတော်သုံးရပ်ကို လိုက်နာဆောင်ရွက်ရန်၊ ထိန်းသိမ်းရန်၊ ပြန့်ပွားအောင် ဖြန့်ဝေရန်အတွက် သာသနာ့ဝန်ဆောင် ရဟန်းတော်များ တိုးပွားများပြားလာကာ၊ လူသုံးပါးတို့ကိုးကွယ်ရာ "သံဃာရတနာတော်မြတ်ကြီး" ဟာ လောကမှာ ထင်ရှားစွာ ဖြစ်ပေါ်၍ လာရပါတော့တယ်။ ဒါကြောင့်....

**သံဃော လောကေ သမုပ္ပန္နော ပုညာယ သဗ္ဗပါဏိနံ။**

သံဃော၊ သံဃာတော်အရှင်မြတ် အပေါင်းသည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါဟူသမျှ တို့၏။ ပုညာယ၊ ကုသိုလ်အစုစု ကောင်းမှုအကျိုး ပွားတိုးစေရန်အလို့ငှာ။ လောကေ၊ လောက သုံးခွင် ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသေ ဖြစ်ထွန်း ပေါ်ပေါက်တော်မူပါလေပြီ။

---

[၉] ဘုရားရှင်က ရဟန္တာ ခြောက်ကျိပ်တို့အား ဒေသနာခရီး လှည့်လည်ကြရန် မိန့်ကြားတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com

# "မြတ်ဗုဒ္ဓသာသနာ"

အဲဒီလို ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာမြတ် သုံးပါး ထင်ရှား ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာကို ပေးစွမ်းနိုင်တဲ့ "မြတ်ဗုဒ္ဓ သာသနာတော်မြတ်ကြီး" ဟာ လောကသုံးခွင် ဘုံအပြင်မှာ စည်ပင်ပြန့်ပွား ထွန်းကား၍ လာရ ပါတော့တယ်။

အဲဒီလို စည်ပင်ပြန့်ပွား ထွန်းကား၍လာတဲ့ "မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး" ဆိုတာ....

၁။ သဘောတရားကို ပြသရာဖြစ်တဲ့ သင်ယူလေ့လာရတဲ့ ပရိယတ္တိသာသနာ၊

၂။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ရတဲ့ ပဋိပတ္တိသာသနာ၊

၃။ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကို ကေန် ထိုးထွင်းသိမြင်ရတဲ့ ပဋိဝေဓသာသနာ ဆိုတဲ့ သာသနာတော်မြတ်သုံးရပ်တို့ ဖြစ်ကြပါတယ်။

အဲဒီ သာသနာတော်မြတ်သုံးရပ်မှာ "ပရိယတ္တိသာသနာ" ဆိုတာကတော့....

၁။ ရဟန်းကျင့်ဝတ် ဥပဒေပိုင်းဆိုင်ရာ ဝိနည်းတရားတော်၊

၂။ သမထဝိပဿနာ ကျင့်ထုံးကျင့်နည်းဆိုင်ရာ သုတ္တန်တရားတော်၊

၃။ နာမ်, ရုပ်တရားတို့ရဲ့ သဘာဝပိုင်းဆိုင်ရာ အဘိဓမ္မာ တရားတော်တို့ ဖြစ်ကြပါတယ်၊ သုတ္တန်, ဝိနည်း, အဘိဓမ္မာရယ်လို့ သုံးပိုင်းရှိပါတယ်။ဒါကိုပင် "ပိဋကတ်သုံးပုံ" ရယ်လို့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။

www.dhammaransi.com



## ချမ်းမြေ့နိဗ္ဗူ စံတော်မူ

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်ဆူသောင်းလုံး ကျော်တယ်ကို။

[လယ်တီဆရာတော်]

သဗ္ဗညုဗုဒ္ဓဘုရားရှင်ဟာ ဘုရားဖြစ်တဲ့နေ့မှစပြီး ၄၅-ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့ရဲ့ အကျိုးအတွက် မဟာကရုဏာဓာတ် ကြီးမြတ်စွာဖြင့် မနားမနေကြိုးစားဆောင်ရွက်တော်မူခဲ့ပါတယ်။ နေ့တိုင်းနေ့တိုင်း "ဗုဒ္ဓကိစ္စကြီးငါးရပ်"ကိုချမှတ်ကာ အစဉ်အတိုင်း မပြတ်မလပ်အောင် ရွက်ဆောင်တော်မူပါတယ်။

အဲဒီလို ကြိုးစားရွက်ဆောင်တော်မူခဲ့တဲ့ အတွက်ကြောင့် တစ်သောင်းသော စကြဝဠာတိုက်မှ ကျွတ်တိုက်တဲ့နတ်ဗြဟ္မာတွေလည်း ကျွတ်တန်းဝင်နိုင်ကုန်ကြပါပြီ။ အရှင်ကောဏ္ဍညမှအစ အရှင်သုဘဒ္ဒ အဆုံးရှိတဲ့ မရေမတွက်နိုင်လောက်တဲ့ သာဝကဦးရေတို့ဟာလည်း နိဗ္ဗာန်တစ်ဘက်ကမ်းသို့ တက်လှမ်း

နိုင်ခဲ့ကြပါပြီ။ ဘုရားရှင်ဟောကြားတော်မူတဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် ဗုဒ္ဓသာသနာတော်မြတ်ကြီးဟာလည်း ပညာရှိသော လူနတ်တို့နယ်ပယ်မှာ စည်ပင်ပြန့်ပွား ထင်ရှားလျက် ရှိနေပါပြီ။ သုမေဓာရှင်ရသေ့ဘဝက ဝန်ခံကြိမ်းပခဲ့တာတွေလည်း ပြည့်စုံကုံလုံအောင်မြင်နေပါပြီ။

အချိန်ကား ၁၄၈-ခုနှစ်။ သက်တော်ကား ၈၀။ ဝါတော်ကား ၄၅ ဝါ။ ပရိနိဗ္ဗာန် ဝင်စံဖို့ အချိန်ကျရောက်ပါလေပြီ။

ဒါကြောင့် ကဆုန်လပြည့် အင်္ဂါနေ့မှာ ကုသိနာ္ရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်တော်မှာ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါတယ်။

လျှံတက်ကော်ရော် မီးပူဇော်

နိဗ္ဗာန်စံပြီ၊ ရှုမအီသား၊ သိင်္ဂီရွှေလော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့် ၊လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မေ့တော်ရှစ်စိတ်ကြွင်းတယ်ကို။

[လယ်တီဆရာတော်]

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့နောက် ကြွင်းကျန်ရစ်တဲ့ ရုပ်အလောင်းတော်ကြီးကို လူတွေနတ်တွေဗြဟ္မာတွေ အသီးသီးလာရောက်ကြပြီး ရှိခိုးကြ၊ ပန်းနံ့သာ အမျိုးစုံတို့နဲ့ ပူဇော်ကြပါတယ်။

---

[၁၀] သက်တော် ၈၀, ဝါတော် ၄၅ ဝါတွင် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com

အဲဒီနောက် ကဆုန်လဆုတ်ဖြစ်တဲ့ တနင်္ဂနွေနေ့မှာ ဘုရားရှင်ရဲ့ ရုပ်အလောင်းတော်ကြီးဟာ တေဇောဓာတ်လောင်ပြီး ဓာတ်တော်မွေတော်များ ကြွင်းကျန်ရစ်ပါတယ်။ အဲဒါတွေကတော့ ညှပ်ရိုးတော် ၂ဆူ၊ စွယ်တော် ၄ ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူနဲ့ အစိတ်အစိတ်ကြေကွဲနေတဲ့ ဓာတ်တော်များဖြစ်ကြပါတယ်။

အဲဒီအချိန်မှာ အဇာတသတ်မင်းအစရှိတဲ့ ခုနစ်ပြည်ထောင်မင်းတို့ဟာ ဓာတ်တော်များရရှိဖို့အတွက် ကုသိနာရုံပြည်သို့ လာရောက်ကြပါတယ်။ ဓာတ်တော် ဝေခြမ်းရေးအတွက် မလ္လာမင်းတို့နဲ့ စစ်ခင်းရန် တင်းမာနေဆဲမှာ ဒေါဏပါမောက္ခကြီးက ဖျန်ဖြေစကားပြောကြားပြီး ဓာတ်တော်များကို မင်းအသီးသီးသို့ ရှစ်စုခွဲကာ ဝေပေးပါတယ်။ မင်းအပေါင်းတို့လဲ ဓာတ်တော်များကို တိုင်းနိုင်ငံအသီးသီးသို့ ပင့်ဆောင်ကြကာ စေတီတည်ထား ကိုးကွယ်ကြပါတယ်။ အဲဒီလို ဓာတ်တော်များ ဌာပနာပြီး တည်ထားကိုးကွယ်တဲ့စေတီကို "ဓာတုစေတီ"ရယ်လို့ ခေါ်ပါတယ်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၂၀၀ ကျော်လောက်မှာ သီရိဓမ္မာသောကမင်းက နေရာဒေသအနှံ့အပြားမှာ ဓာတ်တော်များ ဖြန့်ဝေပြီး စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားကိုးကွယ်တဲ့အခါ ဗုဒ္ဓဘာသာဝင်အများ ဆည်းကပ်ကိုးကွယ်ပူဇော်နိုင်တဲ့ "ဓာတုစေတီတော်များ"ဟာ ကမ္ဘာလောကဓာတ်တစ်ခွင်မှာ ပျံ့နှံ့ပြီး "ဗုဒ္ဓဓာတ်ကြီး"လွှမ်းမိုးလျက်ရှိနေရပါတော့တယ်။

---

[၁၁] ဘုရားရှင်၏ဓာတ်တော်များကို ဒေါဏပါမောက္ခကြီး ရှစ်စုခွဲ၍ မင်းအပေါင်းအားဝေပေးနေပုံ။

www.dhammaransi.com



www.dhammaransi.com

## ''ရတနာသုံးပါး ဆည်းကပ်ထား''

အဲဒီလို ဗုဒ္ဓဘုရားရှင် ဖြစ်ပွင့်တော်မူခဲ့ကာ ''ဗုဒ္ဓရတနာ မြတ်ကြီး'' ထင်ရှားပွင့်တော်မူပြီးတဲ့နောက် ''ဓမ္မရတနာမြတ်ကြီး'' နဲ့ ''သံဃရတနာမြတ်ကြီး''တို့ဟာလည်း တစ်ဆက်တည်းပေါ်ပေါက်လာတဲ့အခါ ဗုဒ္ဓဘာသာဝင် သူတော်စင်များဟာ—

ဗုဒ္ဓံ-သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားကိုလည်းကောင်း၊

ဓမ္မံ-မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း၊

သံဃံ-အရိယာနွယ်ဝင် သံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း၊

ရိုသေဝပ်တွား ဆည်းကပ်အားထား ကိုးကွယ်ကြရပါတော့တယ်။ အဲဒီလို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ကိုးကွယ်အားထား ဆည်းကပ်ခြင်းကို ''သရဏဂုံ ဆောက်တည်ခြင်း''လို့ ခေါ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တိုင်း ''သရဏဂုံ''ကို ယုံကြည်လေးစား အားထားပြီး ဆောက်တည်ကြရမှာ ဖြစ်ပါတယ်။

သရဏဂုံဆောက်တည်တယ်ဆိုတာကတော့....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

www.dhammaransi.com



ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏။
ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏။
သံဃံ၊ သံဃာတော် အရှင်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သိမှတ်ပါ၏။ ရယ်လို့ ၃ ကြိမ် ၃ ခါ ဆိုရခြင်းပါဘဲ။

## သရဏဂုံ အစစ်

သရဏဂုံဆောက်တည်တဲ့နေရာမှာ (၁) ဆွေမျိုးအမှတ်နှင့်ရှိခိုးတာ, ကိုးကွယ်တာ၊ (၂) ဘေးရန်ကြောက်လို့ ရှိခိုးတာ, ကိုးကွယ်တာ၊ (၃) ကျေးဇူးတင်ရှိတဲ့ ဆရာအမှတ်နှင့် ရှိခိုးတာ, ကိုးကွယ်တာတွေဟာ သရဏဂုံအစစ် မဟုတ်ပါဘူး။ (၄) မြတ်သောအလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်အနေဖြင့် နှလုံးသွင်းပြီး ရှိခိုးတာ, ကိုးကွယ်တာသာလျှင် သရဏဂုံအစစ်လို့ ဆိုရပါတယ်။

## လောကီနှင့် လောကုတ္တရာ

သရဏဂုံဆိုတာ သရဏဂမန ဆိုတဲ့ ပါဠိမှ လာရှိတဲ့ စကားဖြစ်ပြီး (သရဏ ကိုးကွယ်ရာဟူ၍ ဂမန - အသိအမှတ်ပြု၍ ဆည်းကပ်ခြင်း) ကိုးကွယ်ရာအနေနှင့် ဆည်းကပ်ခြင်းကြောင့် ဖြစ်တဲ့ စိတ္တုပ္ပါဒ် ဖြစ်ပါတယ်။ ဘုရားစတဲ့ ရတနာသုံးပါးရဲ့ဂုဏ်ကို အာရုံပြုပြီး ကိလေသာကို ခွာတဲ့ အနေနှင့် ပုထုဇဉ်တို့ ဆောက်တည်ကြတဲ့ သရဏဂုံဟာ လောကီသရဏဂုံ ဖြစ်ပါတယ်။ သစ္စာလေးပါး

www.dhammaransi.com



ကို သိမြင်ကြပြီးတဲ့ အရိယာများအဖို့ မဂ်ရဲ့ခဏမှာ သရဏဂုံသို့ရောက်ရှိပြီး ကိလေသာမရှိ, နိဗ္ဗာန်ဆိုတဲ့ အာရုံသာရှိပြီး အလုံးစုံသော ရတနာသုံးပါး၌သာ အလိုရှိခြင်း ကိစ္စရှိတဲ့ သရဏဂုံဟာ လောကုတ္တရာသရဏဂုံ ဖြစ်ပါတယ်။

## သရဏဂုံ ၄-မျိုး

သရဏဂုံယူပုံ ၄-မျိုးရှိပါတယ်။ အဲဒါကတော့....

၁။ ဘုရား, တရား, သံဃာ ဆိုတဲ့ ရတနာ သုံးပါးအား သဒ္ဓါ ယုံကြည်စိတ်ဖြင့် မိမိကိုယ်ခန္ဓာကို အပ်နှံခြင်း။ [အတ္တသန္နိယျာတန သရဏဂုံ]

၂။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို မှီခိုအားထားခြင်း။ [တပ္ပရာယန သရဏဂုံ]

၃။ ဘုရား, တရား သံဃာ ရတနာသုံးပါးရဲ့ တပည့်အဖြစ် ခံယူခြင်း။ [သိဿဘာဝူပဂမန သရဏဂုံ]

၄။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှိခိုးသစ္စာ ရှိခိုးခြင်း။ [ပဏိပါတန သရဏဂုံ]

ဆိုတဲ့ ၄-မျိုးအနက် တစ်မျိုးမျိုးကို ပြုလုပ်ရင် ပြုလုပ်သူဟာ သရဏဂုံ တည်တယ်လို့ မှတ်ယူရပါတယ်။

## မိမိခန္ဓာ လှူဒါန်းပါ

ဘုရား, တရား, သံဃာ ရတနာသုံးပါးအား ထက်သန်သောသဒ္ဓါ ယုံကြည်စိတ်ဖြင့် မိမိခန္ဓာကိုယ်ကို လှူဒါန်း အပ်နှင်းခြင်းဟာ အင်မတန် အကျိုးများတဲ့ ကောင်းမှု အလှူကြီး ဖြစ်ပါတယ်။

www.dhammaransi.com

လောကမှာ လူတိုင်း လူတိုင်းဟာ မိမိခန္ဓာကိုယ်ကို အချစ်ဆုံး ဖြစ်ကြပါတယ်။ "အတ္တ သမံ ပေမံ နတ္ထိ၊ မိမိကိုယ်ထက် ချစ်တာမရှိဘူး"လို့ ဆိုထားပါတယ်။ ဒါကြောင့် လောကမှာ အမြတ်ဆုံးဖြစ်တဲ့ ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါးတို့အား လောကမှာ အချစ်ဆုံးဖြစ်တဲ့ မိမိခန္ဓာကိုယ်ကို လှူဒါန်း အပ်နှင်းခြင်းဟာ အင်မတန် ထူးခြားပြီး အကျိုးများလှတဲ့ ကောင်းမှု အလှူကြီး ဖြစ်ပါတော့တယ်။

အတ္တာနံ နိယျာတေတွာ ဒိန္နတ္တာ၊ သရဏဂမနံ မဟပ္ဖလတရန္တိ ဝုတ္တံ။ ရယ်လို့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဆိုထားပါတယ်။

အဓိပ္ပာယ်ကတော့— အတ္တာနံ၊ မိမိခန္ဓာကိုယ်ကို။ နိယျာတေတွာ၊ အပ်နှင်းပြီး၍။ ဒိန္နတ္တာ၊ ပေးလှူဒါန်းအပ်သည်၏ အဖြစ်ကြောင့်။ ဣဒံသရဏဂမနံ၊ ဤ သရဏဂုံ ခံယူဆောက်တည်မှုသည်။ မဟပ္ဖလတရန္တိ၊ အလွန်အကျိုးကြီးမြတ်၏ဟု။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဆိုလိုတာကတော့ ...

"ရတနာသုံးပါးအား မိမိ ခန္ဓာကိုယ်ကို လှူဒါန်းအပ်နှင်း၍ သရဏဂုံ ဆောက်တည်ခြင်းဟာ အင်မတန် အကျိုးကြီးမားလှပါတယ်"လို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။ သရဏဂုံဆောက်တည်ခြင်း ရဲ့ အကျိုးကြီးမား များပြားလှပုံကို မဟာဝင်မှာပါရှိတဲ့ သရဏဥပါသကာ ဝတ္ထုကို သာကေရှုပြီး သိမြင်နိုင်ကြပါတယ်။

www.dhammaransi.com

## သရဏာဉပါသကာ သိမှတ်စရာ

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က ဘုရားရှင်ရဲ့ ဆွေတော်မျိုးတော်များထဲမှ တစ်ယောက်သော ပုဂ္ဂိုလ်ဟာ သရဏဂုံကို ယုံကြည်သဒ္ဓါစိတ်ဖြင့် အမြဲတမ်း ဆောက်တည်ထားခဲ့ပါတယ်တဲ့။ ဒါကြောင့် သူ့ကို "သရဏာဉပါသကာ"လို့ အများက ခေါ်ဆိုကြတယ်တဲ့။

အဲဒီ သရဏာဉပါသကာဟာ အရက်ကို အင်မတန် သောက်သူ ဖြစ်သတဲ့။ ဘယ်လောက်များ သောက်ပါသလဲဆိုရင် လူမှန်းသူမှန်း သိစကတည်းကနေပြီး သေသည်အထိ သောက်ပါသတဲ့။ အဲဒီ သရဏာဉပါသကာ သေသွားတဲ့အခါ ဘုရားရှင်က "သရဏာဉပါသကာဟာ နတ်ပြည်သို့ ရောက်သွားတယ်"လို့ မိန့်ကြားတော်မူပါတယ်တဲ့။

ဒီအခါ ဘုရားရှင်ရဲ့ ဆွေတော်မျိုးတော်များက ဘုရားရှင်အား ကဲ့ရဲ့ ပြစ်တင်ကြပါတယ်။ "ဒီသေသောက်ကြူးဟာ လူမှန်းသူမှန်းသိစကတည်းက သေသည်အထိ အရက်သေစာတွေကို မပြတ်သောက်လာတာပဲ။ နတ်ပြည်ကို ရောက်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ တို့တော့ မယုံပါဘူး"လို့ သူတို့ စုဝေးမိကြတိုင်း၊ စည်းဝေးမိကြတိုင်း ပြောဆိုကြ၊ အပြစ်တင်ကြပါသတဲ့။

ဒီအခါ မဟာနာမ်ဆိုတဲ့သာကီဝင်မင်းတစ်ပါးကကြားတော့ မြတ်စွာဘုရားထံ သွားရောက်ပြီး "အရှင်ဘုရားကို ဆွေတော်မျိုးတော်တွေက ကဲ့ရဲ့သင်္ဂိုဟ် အပြစ်ဆိုနေကြပါပြီ ဘုရား"လို့ လျှောက်

[၁၂] သေသောက်ကြူးကြီး နတ်ပြည်ရောက်တယ်ဆိုတာကို မယုံကြည်ကြ၍ ကဲ့ရဲ့စကားပြောကြားနေကြ၍။

www.dhammaransi.com



www.dhammaransi.com



ထားပါတယ်တဲ့။ ဒီအခါ ဘုရားရှင်က "ဘယ်အကြောင်းကြောင့် အပြစ်ဆိုကြတာလဲ"လို့ မေးမြန်းတော်မူပါတယ်။

မဟာနာမ်မင်းက "ဒီသေသောက်ကြူးဟာ လူမှန်းသူမှန်း သိစကတည်းက သေခါနီးဆဲဆဲတိုင်အောင် အရက်သောက်လာခဲ့ပြီး၊ သူသေတော့ နတ်ပြည်ရောက်တယ်လို့ အရှင်ဘုရား ဟောကြားတာကို ဘယ်သူမျှ မယုံကြည်ကြပါဘူး ဘုရား"လို့ လျှောက်ထားပါတယ်တဲ့။

ဒီအခါ မြတ်စွာဘုရားရှင်က "ဟုတ်ပေတယ်၊ သရဏာဥပါသကာ ဒကာကြီးဟာ သေတာနှင့် တပြိုင်နက် သူဟာ သောတာပန် ဖြစ်သွားပြီး နတ်ပြည်သို့ ရောက်သွားတယ်။ သူဟာ ရတနာသုံးပါးကို အသက်စွန့်ပြီး ယုံကြည်ခြင်းငှာစွမ်းနိုင်တဲ့ အဝေစ္စပသာဒလို့ဆိုတဲ့ သဒ္ဓါတရားရှိသူဖြစ်တယ်။ တစ်ပါးသူများ ကသရဏာဥပါသကာအား "သရဏာဥပါသကာ၊ သင် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောရင် ပြော၊ မပြောရင် သင့် ဦးခေါင်းကို ဖြတ်ပစ်မယ်"လို့ ဆိုခဲ့ရင် သရဏာဥပါသကာက "ဖြတ်ချင်ဖြတ်ပါ၊ ငါ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ မပြောနိုင်ပါ"လို့ ပြန်ပြောနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် သရဏာဥပါသကာဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် သူပြုခဲ့တဲ့ သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်တော့ဘဲ ကောင်းရာသုဂတိဘုံသို့ ရောက်ရှိသွားရခြင်း ဖြစ်ပေတယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်တဲ့။

www.dhammaransi.com



## သရဏဂုံရဲ့အကျိုး

ဗုဒ္ဓမြတ်စွာဘုရားရှင်က  သရဏဂုံတည်ရခြင်းရဲ့အကျိုးကို ဤကဲ့သို့ ဟောကြားတော်မူပါတယ်။

**ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏံ မုတ္တမံ။**

**ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။**

ဧတံ၊ ဘုရား, တရား, သံဃာအားဟု သုံးပါးအစုံ မြတ်သရဏဂုံသည်။ ခေါ၊ စင်စစ်ကေန် မသွေမှန်သဖြင့်။ ခေမံ၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းစေနိုင်သော။ သရဏံ၊ ကိုးကွယ် ပုန်းအောင်း လည်းလျှောင်းဖွယ်ရာ မြတ်ရတနာသည်။ ဟောတိ၊ မုချပုံသေ ဖြစ်ပေတော့၏။ ဧတံ၊ ဤဘုရား တရား သံဃာအားဟု သုံးပါးအစုံ မြတ်သရဏဂုံသည်။ ဥတ္တမံ၊ ပြိုင်လာတိုင်းရှုံး အမြတ်ဆုံးဖြစ်သော။ သရဏံ၊ ကိုးကွယ်ပုန်းအောင်း လည်းလျှောင်းဖွယ်ရာ မြတ်ရတနာသည်။ ဟောတိ၊ မုချပုံသေဖြစ်ပေ တော့၏။ ဧတံသရဏံ၊ ဤသို့ရတနာသုံးပါး အားထားမပြတ် ဆည်းကပ်ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ အကြောင်းတစ်ခုအစွဲပြု၍။ သဗ္ဗဒုက္ခာ၊ အပါယ်ဘေးနှင့် အိုဘေးတစ်ဖြာ နာဘေးတစ်ထွေ သေဘေး တစ်မျိုး ဆိုးဆိုးဝါးဝါး များပြားဒုက္ခဟူသမျှမှ။ ပမုစ္စရေ၊ ကင်းစင်လွတ်မြောက် ဘေးတွေပျောက်၍ နိဗ္ဗာန်သို့တိုင် ဆိုက်ရောက်နိုင်ကြလေကုန်ရာသတည်း။

[သာဓု၊ သာဓု၊ သာဓု။]

အစိပ္ပာယ်ကတော့ ဘုရား,တရား,သံဃာ ရတနာသုံးပါးကို အမြဲမပြတ် အားထားဆည်းကပ်သူဟာ ပဉ္စုပ္ပန်သံသရာ နှစ်ဖြာသောဘေးအမျိုးမျိုးတို့မှ ကင်းစင်လွတ်မြောက်ပြီး နိဗ္ဗာန်သို့ပင် ဆိုက်ရောက်နိုင်ပါတယ်လို့ အာမခံချက် ပေးထားခြင်းဖြစ်ပါတယ်။

## သရဏဂုံရဲ့အဓိပ္ပာယ်

"သရဏဂုံ"ဆိုတဲ့စကားအဓိပ္ပာယ်ကတော့ "ဟိံသတီတိ သရဏံ"လို့ ဟောတော်မူချက်အရ ဖိစီးနှိပ်စက် ဖျက်ဆီးတတ်တဲ့အတွက် သရဏဂုံလို့ ခေါ်ခြင်း ဖြစ်ပါတယ်။ ဘာကိုဖိစီးနှိပ်စက်ဖျက်ဆီးပါသလဲလို့ဆိုတော့ ဘေးရန်တို့,ကြောက်ရွံ့ထိတ်လန့်ခြင်းတို့, ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းတို့, အပါယ်လေးပါးသို့ လားရောက်ခြင်းတို့ကို ဖျက်ဆီးတတ်တဲ့အတွက် သရဏဂုံလို့ ခေါ်ရခြင်းဖြစ်ပါတယ်။

သရဏဂုံတည်သူရဲ့အပေါ်မှာ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်တဲ့ ဘေးအမျိုးမျိုးတွေကို မကျရောက်အောင် ကာကွယ်ဖျက်ဆီး ပေးတတ်တဲ့သဘော ဖြစ်တဲ့အတွက် "သရဏဂုံ"လို့ ခေါ်ဝေါ်သုံးနှုန်းခြင်းဖြစ်ပါတယ်။ ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လို့ဘေးရန်ကင်းကွာပြီး ချမ်းသာကောင်းကျိုး ရရှိသွားခဲ့ကြတဲ့ ဝတ္ထုသာဓကတွေကတော့ အများအပြားပင်ရှိကြပါတယ်။ ပထမဦးဆုံး သရဏမထေရ်ရဲ့ဝတ္ထုဇာတ်ကြောင်းကို ကြည့်မယ်ဆိုရင် ထူးဆန်းအံ့ဩဖွယ်ရာတွေ တွေ့မြင်ရပါလိမ့်မယ်။

www.dhammaransi.com


## သရဏာမထေရ် ထူးခြားပေ

ဘုရားရှင်လက်ထက်က သာဝတ္ထိမြို့မှာ မောင်နှမနှစ်ယောက်တို့ ရှိခဲ့ကြပါတယ်တဲ့။ အဲဒီမောင်နှမနှစ်ယောက်ဟာ မိဘတွေကွယ်လွန်သွားခဲ့ကြတော့ အစ်ကိုဖြစ်သူက နှမလေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပါတယ်တဲ့။ သူတို့မောင်နှမ နှစ်ယောက် ကြီးပြင်းလာပြီး အရွယ်ရောက်လာကြတဲ့အခါ အစ်ကိုက မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး၊ နှမကလဲ ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ကျကာ တစ်မြို့တစ်ရွာစီ ကွဲကွာသွားခဲ့ကြပါတယ်တဲ့။

တစ်နေ့မှာ နှမဖြစ်သူဟာ ကိုယ်ဝန်ရှိလာတဲ့အခါ အစ်ကိုဖြစ်သူကိုတွေ့ချင်လွန်းတာနဲ့အစ်ကို့ဆီ လိုက်ပို့ပေးဖို့ သူ့ယောက်ျားကိုပူဆာပါသတဲ့။ သူ့ယောက်ျားလဲ မယားက ပူဆာလွန်းမက ပူဆာလှတာနဲ့ မယားအလိုသို့လိုက်ပြီး အစ်ကို့ရွာသို့သွားဖို့ လက်ဆောင်ပစ္စည်းများယူကာ အိမ်မှထွက်လာကြပါသတဲ့။

လမ်းခရီးမှာ ရဟန်းသံဃာတော်များ ခြံရံပြီး ဆွမ်းခံကြွတော်မူလာတဲ့ မြတ်စွာဘုရားရှင်ကို ဖူးမြင်ရတဲ့အခါ အင်မတန် ကြည်ညိုသဒ္ဓါပွားများလှတာနဲ့ လင်မယားနှစ်ယောက်လုံး ထိုင်ပြီး ရှိခိုးကြပါသတဲ့။

ဒီအခါ မြတ်စွာဘုရားက သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်စေပြီးတဲ့နောက် "ချစ်သား ချစ်သမီးတို့၊ ဘေးရန်အမျိုးမျိုးတို့ တွေ့ကြုံရတဲ့အခါ ငါဘုရားကို အောက်မေ့ သတိရပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လို့ ဆည်းကပ်ကိုးကွယ်ကြပါကုန်" ရယ်လို့ မှာကြားတော်မူလိုက်ပါတယ်တဲ့။

ဒါဒီနောက် လင်မယားနှစ်ယောက်တို့လဲ ဆက်လက်ထွက်ခွာခဲ့ကြပြီး အစ်ကိုနေထိုင်တဲ့ ရွာသို့ ရောက်ရှိသွားခဲ့ကြပါတယ်တဲ့။

အစ်ကို့အိမ်သို့ရောက်ရှိကြပြီး နှစ်ရက်သုံးရက်လောက်ကြာတော့ လင်ယောကျ်ားက ကိစ္စတစ်ခု ရှိတာနှင့် မယားကို အစ်ကို့အိမ်မှာထားခဲ့ပြီး ပြန်သွားပါသတဲ့။ အစ်ကိုလင်မယားကလဲ ကိုယ်ဝန်ရှိနေတဲ့နှမကို ကောင်းစွာပြုစုကြပါသတဲ့။ ဒါပေမယ့် တော်တော်လေးကြာလာတော့ ယောက်မဖြစ်သူ အစ်ကို့မယားက ပါလာတဲ့ နှမရဲ့လက်ဝတ်လက်စားတွေကို လိုချင်တာနဲ့ အကောက်ကြံပါလေတော့သတဲ့။ ဘယ်လိုအကောက်ကြံသလဲဆိုတော့ နေထိုင်မကောင်းဟန်ဆောင်ပြီး အိပ်ရာထဲတခွေခွေအိပ်နေကာ ယောကျ်ားက မေးလွန်းမကမေးတော့မှ "သူဟာ သူ့ယောက်မရဲ့ အသားကို စားချင်တဲ့ ချင်ခြင်းဖြစ်နေတယ်"လို့ ပရိယာယ်နဲ့ပြောဆိုပါသတဲ့။

ဒီအခါ ယောကျ်ားဖြစ်သူက မသင့်လျော်တဲ့အကြောင်း အတန်တန် ပြောပါတယ်။ ဒါပေမယ့် မိန်းမက "ကျွန်မဟာ ရှင့်နှမရဲ့အသားကိုမှ မစားရရင် အသက်သေရပါလိမ့်မယ်"လို့ ပြောပါသတဲ့။ နောက်ဆုံး အတန်တန်နားချပေမယ့် မရတဲ့အခါ မိန်းမရဲ့စကားကို မလွန်ဆန်နိုင်တဲ့ အစ်ကိုဖြစ်သူဟာ နှမလေးကိုခေါ်ပြီး "နှမရေ ဟိုဘက်ရွာကို တို့မောင်နှမနှစ်ယောက် ကြွေးသွားတောင်း

---

[၁၃] "ဘေးရန်တွေကြုံရတဲ့အခါ ငါဘုရားကို တိ ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ ဆည်းကပ်ကြပါကုန်" ဟု မှာကြားတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



ချေရအောင်၊ တို့မိဘများထားခဲ့တဲ့ကြွေးတွေ ရစရာရှိတယ်''တို့ လိမ်ပြောပြီး နွားမလေးကို လှည်းနဲ့ တင်ခေါ်လာခဲ့ပါသတဲ့။

တောအုပ်တစ်ခုထဲရောက်တော့ နွားမကိုဆံပင်ဆွဲပြီး လှည်းပေါ်ကဆွဲချကာ သတ်ဖို့လုပ်ပါတော့သတဲ့။ ဒီအခါ နွားမက သူ့ကိုမသတ်ဖို့၊ အသက်ချမ်းသာပေးဖို့ အမျိုးမျိုး ရှိခိုးတောင်းပန်ရှာပါသတဲ့။ ဒါပေမယ့် အစ်ကိုက မ,စိတ်မွန်နေသူဖြစ်နေလေတော့ တောင်းပန်လို့မရဘဲ နွားမကို ဆံပင်ဆွဲပြီး မြေကြီးပေါ် တွန်းလှဲပစ်လိုက်ပါသတဲ့။

အဲဒီအချိန်မှာ နွားမဖြစ်သူရဲ့ကိုယ်ဝန်ကလဲ နေ့စေ့လစေ့နဲ့ မွေးဖွားချိန်ရောက်လာလို့ ဗိုက်နာပြီး မနေနိုင်မထိုင်နိုင်အောင် ဖြစ်လာပါသတဲ့။ ဒီအခါ နွားမက ရှက်တာနဲ့ သူ့အစ်ကိုကို ချုံကွယ်မှာ ခဏဖယ်ပေးဖို့ပြောရှာပါသတဲ့။ ဒါပေမယ့် ပြောမရတဲ့အဆုံး အစ်ကိုရှေ့မှာဘဲ သားဦးလေးကို မွေးဖွားခဲ့ရရှာပါသတဲ့။

မီးဖွားလို့လဲပြီးရော အင်မတန်ရက်စက်လှတဲ့ အစ်ကိုဟာ တစ်ခါတည်းသတ်ဖို့ ဆံပင်ဆွဲပြီး အနီးအနားမှာရှိတဲ့ ညောင်ပင်ရင်းဆီသို့ တရွတ်တိုက် ဆွဲခေါ်သွားပါသတဲ့။

နွားမကလဲ''အစ်ကိုရယ်၊အစ်ကို့တူကလေးကို သနားပါအုံး၊ အခုမှလူ့လောကထဲကိုရောက်ခါစ ရှိပါသေးတယ် အစ်ကိုရယ်''လို့ ပြောဆိုပြီး သားကလေးရဲ့မျက်နှာကို ငုံ့ကြည့်လိုက်၊ ဘီလူးသဘက်လို

[၁၄] အသက်ချမ်းသာခွင့်ပေးပါရန် နွားမငယ်က အစ်ကိုကြီးအား အသနားခံနေရှာပုံ။

www.dhammaransi.com



www.dhammaransi.com



ခက်ထန်မာကျောနေတဲ့ အစ်ကို့မျက်နှာကို မော့ကြည့်လိုက်နဲ့ မျက်ရည်ဖြိုင်ဖြိုင်ကျကာ အားကိုးရာမဲ့ ဖြစ်နေရှာပါတော့သတဲ့။ အဲဒီနောက် နှမက ဆက်လက်ပြီး....

"အစ်ကိုရယ်....အစ်ကိုတစ်ခု နှမဘာစ်ခုတည်းရှိတာမို့ အစ်ကို့ဆီကို အားကိုးပြီး မရောက်ရောက် အောင် လာခဲ့ရတဲ့နှမကို သတ်ပစ်ရက်တော့မှာလား။ အမေသေခါနီးတုန်းက 'ငါ့သားကြီးက မင်း နှမလေးကို မိဘသဖွယ် စောင့်ရှောက်ရစ်ပါကွယ်' လို့ တတွတ်တွတ် မှာကြားခဲ့တဲ့ စကားတွေကို အစ်ကိုမေ့ပြီလား" ရယ်လို့ ပြောပြောပြီး နှမကလေးက ငိုရှာပါသတဲ့။

အဲဒီလို ပြောပြောပြီး ငိုတာကိုတောင် လူကြားအောင် ကျယ်ကျယ်မငိုဘဲ တိုးတိုးတိတ်တိတ် ပြောဆိုပြီး ငိုရှာသတဲ့။ ဘာပြုလို့လဲဆိုတော့ သူငိုတာကို တခြားလူတွေကြားသွားရင် သူ့အစ်ကိုကို ရန်ပြုကြမှာ စိုးရိမ်လို့တဲ့။ နှမက အစ်ကို့အပေါ်မှာ ဒီအခြေအနေ ရောက်သည့်တိုင်အောင် မေတ္တာ မပျက်ရှာပါဘူးတဲ့။

နေကလည်း ဝင်လုဆဲဆဲ၊ အစ်ကိုကလည်း ဘယ်လိုမှ တောင်းပန်လို့မရ၊ ချမ်းသာပေးမယ့်ပုံ မပေါ်တော့တဲ့နောက်ဆုံး နှမဖြစ်သူဟာ မငိုတော့၊ မပြောတော့ဘဲ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဖူးတွေ့ ခဲ့ရစဉ်အခါက "ချစ်သမီး၊ ဘေးအန္တရာယ် တစ်စုံတစ်ရာတွေ့လျှင် ငါဘုရားကိုသတိရပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-လို့ ရွတ်ဆိုဆည်းကပ်ပါလေ"လို့ မိန့်မှာတော်မူခဲ့တဲ့ စကားကို ကြားယောင်လာပါသတဲ့။ အဲဒီအခါ ဘုရားကိုရည်မှန်းရှိခိုးကာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"လို့ ရွတ်ဆိုပြီး၊ ဘုရားကို အာရုံပြုကာ ငြိမ်သက်တည်ကြည်စွာ နေလိုက်ပါတော့သတဲ့။

www.dhammaransi.com



အဲဒီအချိန်မှာ အစ်ကိုဖြစ်သူဟာ နှမကို လက်စတုံးစီရင်ပစ်ဖို့စဉ်းစားနေဆဲ ဗြုန်းဆို နှမရဲ့လင်ယောက်ဖဖြစ်သူက ဓားကြီးကိုကိုင်ပြီး ခပ်လှမ်းလှမ်းကပြေးလာတာကိုမြင်လိုက်ရပါသတဲ့။ ဒါကြောင့် အစ်ကိုဖြစ်သူဟာ လွန်စွာ ကြောက်ရွံ့ထိတ်လန့်ပြီး တစ်ချိုးတည်း ထွက်ပြေးသွားပါလေတော့သတဲ့။

အဲဒီနောက် ယောကျ်ားဖြစ်သူက မယားနဲ့ သားကို အသင့်ပါလာတဲ့ လှည်းပေါ်တင်ခေါ်လာပြီးသာဝတ္ထိမြို့အနီးရှိဇရပ်တစ်ခုမှာရပ်နားကြပါသတဲ့။ ဇရပ်ပေါ်ကိုရောက်တော့ သားအမိခမျာလဲ မောမောနဲ့ အိပ်ပျော်သွားလိုက်ဘာ၊ မိုးလင်းခါနီးအချိန်ကျမှဘဲ နိုးလာပါတော့သတဲ့။ အိပ်ရာကနိုးလို့ ယောကျ်ားကိုကြည့်လိုက်တဲ့အခါ ယောကျ်ားရော လှည်းပါ မရှိတော့တာကို တွေ့လိုက်ရပါသတဲ့။

ဒါနဲ့ တဖြည်းဖြည်း မိုးစင်စင်လင်းပြီး မလှမ်းမကမ်းက လှည်းနဲ့ လူတစ်ယောက်လာတာ တွေ့လိုက်ရပြီး၊ "အဲဒီလူဟာ သူ့ယောကျ်ားနဲ့ အင်မတန် တူပါတယ်" လို့ အောက်မေ့ပါသတဲ့။ လှည်းနဲ့လာတဲ့လူကလဲ ဇရပ်ပေါ်က မိန်းမကိုကြည့်ပြီး "ငါ့မိန်းမနဲ့ တူပါတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်" လို့ အောက်မေ့ကာ စုံစမ်းရန် ဇရပ်ပေါ်သို့ တက်လာခဲ့ပါတယ်တဲ့။

ဇရပ်ပေါ်ရောက်လို့ သူ့မယားဟုတ်မှန်ကြောင်း သိရှိရတော့မှ "မင်းဘယ်တုန်းကရောက်လာတာတုံး၊ ဘယ်သူနဲ့လိုက်လာတာတုံး" စသည်ဖြင့် မေးပါတော့သတဲ့။ ဒီအခါ မယားဖြစ်သူက လွန်စွာအံ့သြသွားပြီး...,

"ရှင်ဘဲ မနေ့ညက ကျွန်မတို့ကို လှည်းနဲ့တင်ခေါ်လာပြီးဇီဇရပ်ပေါ် ထားခဲ့တာဘဲ၊ကျွန်မတို့ကို ထားခဲ့ပြီး အခု ဘယ်ကပြန်လာတာတုံး"လို့ ပြန်မေးပါသတဲ့။

ဒီလိုမေးတဲ့အခါ ယောကျ်ားဖြစ်သူက "အို....ရှင်မ ဘာတွေပြောနေတာလဲ။ မင်းအစ်ကို့ရွာကို ငါလိုက်ပို့ပြီးထားခဲ့တာ လေးလတောင် ကြာသွားပါပကော။ ဒီကြားထဲ ရှင်မနဲ့ ငါ ဘယ်မှာ တွေ့ကြလို့လဲ။ မင်းကို ငါလှည်းနဲ့လာခေါ်တယ်ဆိုတာ မဖြစ်နိုင်တာကွယ်။ ကြံကြံဖန်ဖန်၊ မင်း ဘယ်လိုများဖြစ်နေတာလဲ" လို့ ပြန်ပြောပါသတဲ့။

ဒီအခါ မယားဖြစ်သူက ဇရပ်ကိုရောက်ရှိလာတဲ့အထိ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြပြီး၊ ယောကျ်ားဖြစ်သူကလဲ သူ့မယားကို အန္တရာယ်ဘေးမှကယ်တင်ပေးခဲ့တဲ့ "ယောကျ်ားဆိုသူ"နဲ့ ပတ်သက်ပြီး စဉ်းစားလို့မရနိုင်အောင်ဘဲ အံ့သြထူးဆန်းလျက် ရှိနေပါသတဲ့။

ဒီလိုနဲ့ သူတို့မိသားစုသုံးဦးဟာ နေရင်းအိမ်ကို ချောချောမောမော ပြန်လည်ရောက်ရှိသွား ကြပါတယ်တဲ့၊ အိမ်ကိုရောက်လို့ နှစ်ရက်သုံးရက်ကြာတဲ့အခါ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် ယခုလို ဘေးရန်ကင်းကွာ ချမ်းသာရာကိုရပေတယ်လို့ အောက်မေ့ကြပြီး မြတ်စွာဘုရားရှင်ကိုအိမ်သို့ ပင့်ကာ အလှူအတန်းပြုကြပါသတဲ့။

---

[၁၅] ဘုရားရှင်၏ရှေ့မှောက်တွင် သားငယ်လေးအား သရဏဂုံ ဆောက်တည်စေခဲ့ပုံ။

www.dhammaransi.com



www.dhammaransi.com



ဘုရားရှင်ရဲ့ရှေ့မှောက်မှာ သားကလေးကိုချထားကာ အမေက လက်အုပ်ချီပေးပြီး သရဏဂုံဆောက်တည်စေတယ်တဲ့၊ သားကလေးရဲ့အမည်ကိုလဲ "သရဏ" လို့ မှည့်ခေါ်ကြသတဲ့။ မိဘနှစ်ပါးလဲ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို နာကြားရလို့ သောတာပန်များ ဖြစ်သွားကြရပါသတဲ့။ သား "မောင်သရဏ" ကလေးဟာလဲ အရွယ်ရောက်တဲ့အခါ ရဟန်းပြုပြီး၊ သရဏမထေရ်ရယ်လို့ ခေါ်တွင်ကာ တရားအားထုတ်တဲ့အတွက် မကြာမီ ရဟန္တာဖြစ်သွားခဲ့ရပါတယ်တဲ့။ [သရဏမထေရ်ဝတ္ထု။]

ဒီသရဏမထေရ်ရဲ့ဝတ္ထု(ဇာတ်ကြောင်း)မှာ သရဏမထေရ်ရဲ့မိခင်ဟာ သူ့အစ်ကိုရဲ့ ရက်စက်စွာ သတ်ဖြတ်မှုကို ခံလိုက်ရမယ်ဆိုရင် သူတို့ရဲ့ ဘဝရှေ့ရေး ကံကြမ္မာဟာ မတွေးပံ့လောက်အောင်ပင် ဆိုးရွားသွားမှာ ဖြစ်ပါတယ်။ ယခုတော့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် ဘေးအန္တရာယ်ကင်းကွာခဲ့ရပြီး လောကီကောင်းကျိုးချမ်းသာသာမက အင်မတန်တန်ဖိုးကြီးမားလှတဲ့ လောကုတ္တရာကောင်းကျိုးချမ်းသာကြီးကိုပါ ရရှိခံစားသွားခဲ့ကြရတာ ဖြစ်ပါတယ်။

သရဏမထေရ်ရဲ့မိခင်ဟာ အစ်ကိုဖြစ်သူရဲ့ သတ်ဖြတ်လုဆဲဆဲ ညောင်ပင်ခြေရင်းမှာ ဘုရားရှင်ကို သတိရအောက်မေ့ပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" လို့ ရွတ်ဆိုခဲ့တာကတစ်ကြောင်း၊ သူ့အစ်ကိုအပေါ်မှာ မေတ္တာမပျက်ဘဲ မေတ္တာပွားလျက်ရှိဘာကလဲဘကြောင်းတို့ကြောင့် "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဆိုတဲ့စကားနဲ့အညီ တရားစောင့်သူကို တရာ ကပြန်ပြီး စောင့်ရှောက်လိုက်ခြင်းဘဲ ဖြစ်ပါတော့တယ်။ ညောင်ပင်စောင့်နတ်ဟာ သူ့ပိုင်နက်အတွင်း သူတော်ကောင်းတစ်ယောက် ဒုက္ခရောက်နေတာကို

မကယ်မလျှင် နတ်စစ်သူကြီးများရဲ့ဒဏ်တပ်ခံရပြီး နတ်သဘင်အစည်းအဝေးမှာ ဝင်ခွင့်မရဘဲဖြစ်မှာစိုးရိမ်တဲ့အတွက် နှမရဲ့ယောကျ်ားယောင်ဆောင်ပြီး အစ်ကို့လက်တွင်းမှ ကယ်တင်ခဲ့ကာ ဘေးကင်းရာနေရာသို့ ပို့ဆောင်ပေးခဲ့ရခြင်း ဖြစ်ပါတယ်တဲ့။

## ထင်းခုတ်သမား အဖေနဲ့သား

ရှေးက ရာဇဂြိုဟ်ပြည်မှာ ထင်းခုတ်ပြီး အသက်မွေးဝမ်းကျောင်းရတဲ့ ထင်းခုတ်သမားတစ်ယောက်ဟာ သူ့ရဲ့သားကလေးကိုခေါ်ပြီး မြို့မှထွက်၍ တောသို့ ထင်းခုတ်ရန်သွားခဲ့ကြပါတယ်တဲ့။ ထင်းတွေခုတ်လို့ပြီးတဲ့အခါ ညနေစောင်းအချိန်မှာ ခုတ်ပြီးသားထင်းတွေကို ပါလာတဲ့ လှည်းပေါ်မှာတင်ပြီး ဆောင်ယူခဲ့ကြပါတယ်တဲ့။

ဒီလိုနဲ့ မြို့နားရောက်လာတဲ့အခါ နွားတွေဟာ လှည်းမှအတင်းရုန်းကန်ထွက်ပြေးပြီး မြို့ထဲသို့ဝင်ပြေးသွားခဲ့ကြပါတယ်တဲ့။ ဒီအခါ ထင်းခုတ်သမားဖခင်ဟာ သားငယ်နဲ့လှည်းတို့ကို မြို့ပြင်၌ထားရစ်ခဲ့ပြီး နွားများကိုဖမ်းဖို့ မြို့တွင်းသို့ဝင်ခဲ့ရပါသတဲ့။ နွားတွေကလဲ မြို့ထဲမှာလျှောက်ပြေးနေလို့ တော်တော်နဲ့ ဖမ်းလို့မမိနိုင်ပါဘူးတဲ့။ နေဝင်လုဆဲဆဲအချိန်လောက်ရောက်မှဘဲ နွားတွေကိုဖမ်းမိပြီး မြို့ပြင်ကိုပြန်လာတဲ့အခါ မြို့တံခါးပိတ်ပြီး ဖြစ်နေတော့တာနဲ့ မထွက်နိုင်တော့ဘဲ အဖေတစ်ကွဲ သားတစ်ကွဲ ဖြစ်သွားခဲ့ရရှာပါတော့သတဲ့။

ညကလဲ တဖြည်းဖြည်းမှောင်လာပါတယ်။ သားကလေးဟာ သူတစ်ယောက်တည်းမြို့ပြင်မှာ ကျန်ရစ်ခဲ့ပြီး၊ ဖခင်က အချိန်မီပြန်မလာနိုင်တော့တာနဲ့ အားကိုးရာမဲ့ဖြစ်ပြီး နေရှာပါတယ်။ တစ်နေကုန် အလုပ်လုပ်ခဲ့ရတဲ့အတွက် ပင်ပန်းပြီး ဗိုက်ထဲကလဲ ဆာ၊ အိပ်လဲအိပ်ငိုက်လာပါတော့သတဲ့။

ဒါနဲ့ သားကလေးဟာ သူရွတ်ဆိုနေကျ ဂါထာကလေးဖြစ်တဲ့....

ဗုဒ္ဓေါ မေ သရဏံ အညံ့ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ့ နတ္ထိ၊
သံဃော မေ သရဏံ အညံ့ နတ္ထိ။

ဘုရားသည်သာ ငါ၏ကိုးကွယ်ရာ၊ ဘုရားမှတစ်ပါး ငါ့မှာ ကိုးကွယ်ရာမရှိ။
တရာ သည်သာ ငါ၏ကိုးကွယ်ရာ၊ တရားမှတစ်ပါး ငါ့မှာ ကိုးကွယ်ရာမရှိ။
သံဃာသည်သာ ငါ၏ကိုးကွယ်ရာ၊ သံဃာမှတစ်ပါး ငါ့မှာ ကိုးကွယ်ရာမရှိ။

ဆိုတဲ့ ဘုရား, တရား, သံဃာ-ရတနာသုံးပါးကို ဆည်းကပ်ရှိခိုးတဲ့ ဂါထာလေးရွတ်ဆိုပြီး အိပ်ပျော်သွားပါတော့သတဲ့။ ညကလဲ တဖြည်းဖြည်း နက်လာပါတယ်။ နတ်ဘီလူးနဲ့ ပြိတ္တာ တစ္ဆေတွေဟာ အစာရှာဖို့ထွက်လာကြပြီး လှည့်လည်လာကြတဲ့အခါ၊ ဘီလူး ၂-ယောက်ဟာ သားကလေးရဲ့ အနီးအနားသို့ ရောက်ရှိလာခဲ့ကြပါသတဲ့။

---

[၁၆] သားကလေးက "ဗုဒ္ဓေါ မေ သရဏံ အညံ့ နတ္ထိ"ဟု ဆိုလိုက်ရာ မိစ္ဆာဘီလူးမှာ လွန်စွာကြောက်သန့်သွားပုံ။

www.dhammaransi.com



www.dhammaransi.com

အဲဒီ ဘီလူး ၂ ယောက်အနက် မိစ္ဆာဒိဋ္ဌိ ဘီလူးက သားကလေးကို စားမယ် ဝါးမယ်လို့ ကြိမ်းဝါးပြီး သားကလေးရဲ့ခြေထောက်ကို ဆွဲယူလိုက်ပါသတဲ့။ ဒီအခါ သားကလေးကလဲ သူ့ရှတ် ဆိုရင်း အိပ်ပျော်သွားခဲ့တဲ့ ဘုရားရှိခိုးဂါထာဖြစ်တဲ့ "ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" လို့ ပါးစပ်က ယောင်ပြီး ရွတ်ဆိုလိုက်မိပါသတဲ့။ ဒီအခါ မိစ္ဆာဘီလူးဟာ တစ်ခါတည်း ခုတ်လိုက်သလို ဖြစ်သွားပြီး သားကလေးရဲ့ခြေထောက်ကို ကြောက်ကြောက်လန့်လန့်နဲ့ လွှတ်ချလိုက်ရပါသတဲ့။

ဒီအခါ သမ္မာဒိဋ္ဌိဘီလူးက "ငါတို့တော့ သူတော်ကောင်းလေးကို ပြစ်မှားမိပြီ။ ဒီကလေးရဲ့ အကျိုးငှာ ငါတို့ ဒဏ်ထားကြရတော့မယ်၊ ဒီသူငယ်ကလေးကို တစ်ညတာမျှ ငါတို့ စောင့်ရှောက်ကြပါစို့" လို့ ပြောဆိုပြီး စောင့်ရှောက်ကူညီဖို့ သဘောတူခဲ့ကြပါသတဲ့။

ဒါနဲ့ ဘီလူး ၂ ယောက်တို့ဟာ မြို့တွင်းသို့ တိတ်တဆိတ်ဝင်ခဲ့ပြီး ဘုရင့်စားတော်အုပ်ရွှေခွက်ကို ယူဆောင်ခဲ့ကြပါတယ်တဲ့။ အဲဒီနောက် သားကလေးအား မိဘနှစ်ပါးအသွင်ဖြင့် ကျွေးမွေးပြုစုခဲ့ကြပါတယ်။ ဖြစ်ကြောင်းကုန်စင်ကိုလဲ ရွှေခွက်မှာ ကမ္ဗည်းရေးထိုးခဲ့ကြပြီး "ဤစာတန်းကို ဘုရင်မင်းမြတ်သာလျှင် မြင်ပါစေ၊ အခြားသူများ မမြင်ပါစေသား" လို့ အဓိဋ္ဌာန်ပြုပြီး ထင်းလှည်းပေါ်တင်ထားရစ်ခဲ့ကြပါတယ်တဲ့။

နံနက်လင်းတော့ ဘုရင့်စားတော်အုပ် ရွှေခွက်ပျောက်လို့ မြို့တွင်းအနှံ့ လိုက်ရှာကြတဲ့အခါ မြို့တွင်းမှာ မတွေ့ကြရဘဲ၊ မြို့ပြင်ရောက်မှ သားကလေးနဲ့ ရွှေခွက်ကို တွေ့ရတာနဲ့ ဘုရင့်ဆီသို့ သား

www.dhammaransi.com

ကလေးကို ခေါ်ဆောင်သွားခဲ့ကြပါတယ်တဲ့။ ဘုရင်လဲ ရွှေခွက်မှာပါရှိတဲ့ စာကို ဖတ်ရှု သိရှိပြီး၊ ကလေးနဲ့ ကလေးရဲ့ မိဘများကိုခေါ်ဆောင်ကာ မြတ်စွာဘုရားရှင်ထံသို့ သွားရောက်ခဲ့ကြပါသတဲ့။

ဘုရားရှင်အား အကြောင်းစုံလျှောက်ထားတဲ့အခါ၊ ဘုရားရှင်က "ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, ကာယဂတာသတိ, အဟိံသာယ ရတော မနောနဲ့ ဘာဝနာမယ ရတောမနော ဆိုတဲ့ ခြောက်ပါးသောတရားတို့ဖြင့် စိတ်ကို ကောင်းစွာ ရှုမှတ်ပွားများနေအပ်သောသူအား အန္တရာယ်ကို အကာအကွယ် အစောင့်အရှောက် ဖြစ်စေပေ၏။ အခြားတစ်ပါးသော လောကီအစီအရင် အစောင့်အရှောက်တို့ဖြင့်သော်လည်းကောင်း၊ လောကီမန္တသြသဓဆေးတို့ဖြင့်သော်လည်းကောင်း ပြုလုပ်စရာ မလိုတော့ပေ"လို့ ဟောကြားတော်မူပါတယ်တဲ့။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရား, တရား, သံဃာ ရတနာသုံးပါးကိုသာ အမြဲမပြတ် ဆည်းကပ်ပါ။ [တစ်ခြား ဘာဘာညာညာတွေကို ဆည်းကပ်စရာမလို၊ လောကီအစီအရင် ဆေးဝါးမန္တသြသဓတွေလဲ မလို]။ ဘုရား, တရား, သံဃာအား ဆည်းကပ်သူဟာ အန္တရာယ် အကာအကွယ် အစောင့်အရှောက် ရပြီးသား ဖြစ်ပါတယ်ဆိုတာ ထင်ရှားလှပါတော့တယ်။

www.dhammaransi.com


## အမြတ်ဆုံး ကိုးကွယ်မှု

"ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်သူတို့ဟာ အမြတ်ဆုံးကို ကိုးကွယ်သူများ ဖြစ်ပါပေတယ်။ အမြတ်ဆုံးကို ကိုးကွယ်သူတို့ဟာ အမြတ်ဆုံးသောအကျိုးကို ရရှိကြပေတယ်" လို့ ဣတိဝုတ် အဂ္ဂပသာဒသုတ်မှာ ဆိုထားပါတယ်။

အမှန်စင်စစ် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးဟာ လူသတ္တဝါအများ ဆင်းရဲဖို့ အတွက် ဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။ လူသတ္တဝါအများ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်ကင်း ချမ်းသာစေဖို့အတွက် ဖြစ်ပေါ်လာရခြင်းသာ ဖြစ်ပါတယ်။

သတ္တဝါအများဟာ ချမ်းသာချင်ကြလို့ ချမ်းသာအောင် အမျိုးမျိုးလုပ်ကြပေမယ်လို့ အမှန် စင်စစ် မချမ်းသာကြရှာပါဘူး။ လောဘမီး, ဒေါသမီး, မောဟမီးတွေက တဟုန်းဟုန်းတောက် လောင်နေကြပြီး၊ ကိလေသာ ကြေးညှော်တွေနဲ့ အထပ်ထပ်ညစ်ပေကာ ဒုက္ခတောကြီးထဲမှာ တစ်ဝဲ လည်လည် ဖြစ်နေကြရရှာပါတော့တယ်။

အဲဒီလို ဒုက္ခတောကြီးထဲမှာ တစ်ဝဲလည်လည်ဖြစ်နေကြရာမှ ရုန်းကန်ထွက်မြောက်နိုင်အောင် လောကီ လောကုတ္တရာ အကျိုးစီးပွားတွေ ရရှိနိုင်အောင် ဖြစ်ပွင့်လာတော်မူပြီး လမ်းမှန် ကမ်းမှန် ညွှန်ပြ ကယ်တင်ပေးနိုင်သူဟာ ဗုဒ္ဓမြတ်စွာမှတစ်ပါး အခြားမရှိပါဘူး။ သတ္တဝါ အများကို ဆင်းရဲ

ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်တင်နိုင်တာဟာ ရတနာသုံးပါးသာလျှင် ဖြစ်ပါတော့တယ်။ အခြား မရှိပါဘူး။

ဒါကြောင့် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ယုံကြည်လေးစား အားထားဆည်းကပ်ခြင်းဟာ ဒုက္ခတောကြီးထဲမှ ထွက်မြောက်အောင်လုပ်ခြင်း၊ ချမ်းသာစစ် ချမ်းသာမှန်ကို ရရှိအောင်လုပ်ခြင်းဖြစ်တဲ့အတွက်ကြောင့် "အမြတ်ဆုံးသော ကိုးကွယ်မှု"ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။

အမြတ်ဆုံးသော ကိုးကွယ်မှုဖြစ်တဲ့ သရဏဂုံကို ဗုဒ္ဓဘာသာဝင်များဟာ သီလယူတိုင်း ဆောက်တည်လျက်ရှိကြပါတယ်။ ဒီအလေ့အကျင့်ဟာ ကောင်းမြတ်တဲ့ အလေ့အကျင့်ဘဲ ဖြစ်ပါတော့တယ်။

## သရဏဂုံတည်ခြင်း

အမှန်စင်စစ် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို တကယ်ယုံကြည်လေးစားအားထားတဲ့ စိတ်နဲ့ တစ်ကြိမ်တစ်ခါမျှ သရဏဂုံဆောက်တည်ထားလို့ ရှိရင်လဲ အဲဒီ ယုံကြည် လေးစား အားထားတဲ့ စိတ်ဓာတ် မပျက်ပြားမချင်း သရဏဂုံဟာ သက်ဆုံးတိုင် တည်ရှိနေတာပါဘဲတဲ့။

ဒါပေမယ့် သေဆုံးသွားပြီးလျှင်တော့ သရဏဂုံဟာ အဲဒီ သေဆုံးတဲ့သူမှာမရှိတော့ဘဲ ပျက်ပြယ်သွားရပါတယ်တဲ့။ ယခုဘဝမှာ သေတဲ့အလောင်းကို သရဏဂုံတင်ကြတာကတော့ အသိစိတ်ဓာတ်မရှိတော့တဲ့ အလောင်းကောင်ကြီးအတွက် သရဏဂုံတင်ကြခြင်း မဟုတ်ပါဘဲ သေဆုံးသွားလေသူ

www.dhammaransi.com

ရောက်ရာအရပ်က သတိရလျှင် သရဏဂုံယူပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုဒ္ဓဘာသာဝင်များက သရဏဂုံ ကုသိုလ်ကို ပြုလုပ်ကြခြင်းသာ ဖြစ်ပါတယ်တဲ့။

## ဗောဓိမင်းသား စံနမူနာထား

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သံသုမာဂိရိမြို့ကို ကြွတော်မူတဲ့အခါ ဗောဓိမင်းသားဟာ လာရောက်ဖူးမြော်ပြီး "ချမ်းသာသုခဆိုတာ ဆင်းရဲဒုက္ခနှင့် ရင်းမှ ရနိုင်တတ်လို့ထင်ပါကြောင်း" လျှောက်ထားပါတယ်တဲ့။

ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ဟုတ်မှန်ပေတယ် မင်းသား"လို့ မိန့်တော်မူပြီး မြတ်စွာဘုရား အဖြစ်ဆိုတဲ့ ချမ်းသာသုခကို ရဖို့ရာ ခြောက်နှစ်ပတ်လုံး ကျင့်ခဲ့ရသော ဒုက္ကရစရိယ ဆင်းရဲကို အကျယ်အားဖြင့် ဟောကြားတော်မူပါတယ်။ တရားဒေသနာအဆုံးမှာ ဗောဓိမင်းသားက "အရှင်ဘုရား၏ တရားတော်ဟာ လွန်စွာနှစ်သက်ဖွယ် ရှိပေစွ" စသည်ဖြင့် တရား ဒေသနာကိုသာ ချီးမွမ်းပြီးနေတယ်၊ သရဏဂုံကိုတော့ မဆောက်တည်ဘဲ နေပါသတဲ့။

ဒီအခါ အတူပါလာတဲ့ လုလင်က "အသင်မင်းသားဟာ ဒီလိုချည်းဘဲလုပ်တယ်၊ တရားကိုသာ ချီးမွမ်းပြီး သရဏဂုံကိုတော့ ဆောက်တည်တယ်ရယ်လို့ မရှိဘူး"လို့ ပြောဆိုပါသတဲ့။

[၁၇] ဗောဓိမင်းသားက "မိမိသည် မိခင်ဝမ်း၌ရှိစဉ်ကပင် သရဏဂုံတည်ပြီးဖြစ်ကြောင်း"ရှင်းပြနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒီအခါ ဗေဒမိမင်းသားက "လုလင်၊ ငါကား သရဏဂုံဆောက်တည်ဖို့ မလိုပါ။ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေစဉ်ကပင် ငါ့ရဲ့မယ်တော်ဟာ မြတ်စွာဘုရားထံသို့ရောက်ရှိ၍ သရဏဂုံဆောက်တည်တဲ့အခါ သူ့အတွက် တစ်ကြိမ်၊ ငါ့အတွက်တစ်ကြိမ်. နှစ်ကြိမ် ဆောက်တည်ခဲ့ပါတယ်။ ဒါကြောင့် ငါကား မမွေးဖွားမီ အမိဝမ်းတွင်းကပင် သရဏဂုံတည်ပြီး ဖြစ်ပေတယ်" လို့ မြတ်စွာဘုရားရှင်ရဲ့ ရှေ့မှောက်တော်၌ပင် လုလင်အား ပြန်လည်ပြောကြားပါတယ်တဲ့။

**မှတ်ချက်။** ။ဒါကြောင့် ယခုခေတ်မိဘများဟာ ဗေဒမိမင်းသားရဲ့မိခင်ကဲ့သို့ မိမိတို့ရဲ့သားငယ် သမီးငယ်လေးများအတွက် "ဘေးကင်းရန်ကွာ ကောင်းကျိုးချမ်းသာ ရရှိကြစေဖို့" သရဏဂုံကို ဆောက်တည်ပေးထားသင့်ကြပါတယ်။ နောင် သားငယ်, သမီးငယ်လေးများ ကြီးပြင်းလာကြတဲ့အခါ နားလည် သဘောပေါက်လောက်အောင် ပြောပြပြီး သရဏဂုံကို သက်ဆိုးတိုင် တည်သွားစေသင့်ကြပါတယ်။

## မဋ္ဌကုဏ္ဍလီ သရဏဂုံတည်

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟာ သာဝတ္ထိပြည်မှန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်အခါ၊ အဒိန္နပုဗ္ဗကသူဌေးရဲ့သားဖြစ်တဲ့ မဋ္ဌကုဏ္ဍလီဆိုတဲ့ လုလင်တစ်ယောက် ရှိခဲ့ဖူးပါတယ်။

---

[၁၈] မဋ္ဌကုဏ္ဍလီသည် သေအံ့ဆဲဆဲအချိန်တွင် ဘုရားရှင်အား သဒ္ဓါစိတ်ဖြင့် ဖူးမြင်ကြည်ညိုခဲ့၍ ပုံ။

www.dhammaransi.com



www.dhammaransi.com



အဲဒီ မဋ္ဌကုဏ္ဍလီဟာ သေခါနီးဆဲဆဲအချိန်အခါမှာ မြတ်စွာဘုရားရှင် ဆွမ်းခံကြွဝင်လာတာကို အာရုံဖြင့်ဖူးမြင်ခဲ့ရပါတယ်။ သူဟာ မြတ်စွာဘုရားရှင်ရဲ့ ကြည်ညိုသပ္ပာယ်လှတဲ့ဂုဏ်ကို အာရုံပြုပြီး ဘုရားရှင်အား ဆည်းကပ် ကိုးကွယ် ကြည်ညိုလှတဲ့စိတ်နဲ့ စုတိကျကာ သေလွန်သွားခဲ့ရပါတယ်။

ဒါကြောင့် သူဟာ တာဝတိံသာနတ်ပြည်မှာ ယူဇနာသုံးဆယ်ရှိတဲ့ ရွှေဗိမာန်ကြီးနဲ့ နတ်သမီးတစ်ထောင်ခြံရံတဲ့ နတ်သားတစ်ပါး သွားဖြစ်ခဲ့ရပါတယ်။ အဲဒီလို နတ်သားဖြစ်ရတဲ့အခါ "ဘယ်ကောင်းမှုကုသိုလ်ကြောင့် ယခုလို ရွှေဗိမာန်မှာ နတ်သမီးတစ်ထောင်ခြံရံပြီးနေရတဲ့ နတ်သားဖြစ်ရတာလဲ" လို့ ကြည့်ရှုပါတယ်။ အဲဒီအခါ လူ့ပြည်တုန်းက မဋ္ဌကုဏ္ဍလီလုလင်အနေဖြင့် သေခါနီးဆဲဆဲမှာ ဘုရားရှင်အား ရိုသေလေးစား ဆည်းကပ် ကြည်ညိုခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့်ဖြစ်ကြောင်းသိတာနဲ့ သူဟာ သူ့ရဲ့ရွှေဗိမာန်အခြံအရံနဲ့တကွ ဘုရားရှင်ထံတော်သို့ လာရောက်ပြီး တရားတော်ကို နာကြားပါတယ်။ တရားအဆုံးမှာ မဋ္ဌကုဏ္ဍလီနတ်သားဟာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါတော့တယ်တဲ့။

ဒီဝတ္ထုမှာ မဋ္ဌကုဏ္ဍလီဟာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် ကောင်းရာမွန်ရာသို့ ရောက်ရှိသွားခဲ့ရပါတယ်။ ဘုရားရှင်ကိုကြည်ညိုဆည်းကပ်တဲ့ စုတိစိတ်နဲ့ သေလွန်ခဲ့ရတဲ့အတွက် နတ်ဖြစ်ပြီး လောကီကောင်းကျိုးချမ်းသာကို ခံစားခဲ့ရပါတယ်။ တစ်ခါ နတ်ဖြစ်ပြီး မြတ်စွာဘုရားရှင်ရဲ့

www.dhammaransi.com



တရားတော်ကို နာယူရကာ ခန္ဓာအစဉ်ကို ရှုမှတ်ပွားများရတဲ့အတွက် သောတာပတ္တိဖိုလ် ဆိုတဲ့ လောကုတ္တရာကောင်းကျိုးချမ်းသာကိုလည်း တစ်ဖန်ထပ်မံပြီး ရရှိခံစားခဲ့ရပြန်ပါတော့တယ်။

ဒါကြောင့် မဋ္ဌကုဏ္ဍလီလို ဘုရား,တရား,သံဃာ ရတနာသုံးပါးအား မမှိတ်မသုန် ယုံကြည်သော သဒ္ဓါတရားထား၍ သေလွန်သွားတတ်ကြမယ်ဆိုရင် မဋ္ဌကုဏ္ဍလီလိုဘဲ လောကုတ်,လောကီ နှစ်လီသောအကျိုးတရားတို့ကို ရရှိခံစားကြရမှာ ကေန်မလွဲဘဲ ဖြစ်ပါတော့တယ်။

## ဗုဒ္ဓဘာသာဝင်ဆိုတာ

ဗုဒ္ဓဘာသာဝင်ဆိုတာ ကံ,ကံ၏အကျိုးကို သက်ဝင်ယုံကြည်ပြီး ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ကိုးကွယ်သူကို ခေါ်ဆိုပါတယ်။ ဘုရားရှင်လက်ထက်တော်က သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ကြတဲ့ပုဂ္ဂိုလ် အများအပြားရှိခဲ့ကြပါတယ်။ အဲဒီအထဲမှာ ဘုရင်တွေ, မှူးမတ်တွေ, စစ်သူကြီးတွေ, သူဌေးသူကြွယ်တွေ, ဆင်းရဲသားတွေလဲ ပါဝင်ခဲ့ကြပါတယ်၊ အမှန်စင်စစ် သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေပါဘဲ။ ပါဠိလိုဆိုတော့ ဥပါသကာ[ဒါယကာ]နဲ့ ဥပါသိကာ[ဒါယိကာမ]များ လို့ ခေါ်ဆိုပါတယ်။ အဲဒီဥပါသကာ-ဒါယကာနဲ့ ဥပါသိကာ-ဒါယိကာမများဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ပရိသတ်လေးပါးထဲမှာ လူပရိသတ်အနေနှင့် အပါအဝင်ဖြစ်ကြပါတယ်။

www.dhammaransi.com

# ဥပါသကာ ကျင့်စဉ်

မြတ်စွာဘုရားရှင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ စံနေတော်မူစဉ်အခါက ဘထွေးတော် မဟာနာမ်မင်းဟာ မြတ်စွာဘုရားရှင်ထံသို့ ရောက်ရှိလာပြီး....

"ကိတ္တာဝတာ နု ခေါ ဘန္တေ ဥပါသကော ဟောတီ။"

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဝါ၊ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ဥပါသကော၊ ဥပါသကာမည်သည်။ ဟောတိ၊ ဖြစ်တော်မူပါသနည်း။

အရှင်မြတ်ဘုရား။ အရှင်မြတ်ရဲ့သာသနာတော်မှာ ဥပါသကာလို့ခေါ်ကြတာ ရှိပါတယ်။ အဘယ်မျှလောက်သော အကြောင်းအင်္ဂါနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဥပါသကာလို့ ခေါ်ရပါသလဲ ဘုရား" လို့ မဟာနာမ်မင်းက လျှောက်ထားမေးမြန်းပါသတဲ့။

ဒီအခါ ဘုရားရှင်က ပြန်လည်မိန့်ဆိုတော်မူတဲ့ ပါဠိတော်က....

"ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ။"

ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊

---

[၁၉] မဟာနာမ်မင်းက ဥပါသကာ၏အင်္ဂါရပ်များကိုသိလို၍ ဘုရားရှင်အား လျှောက်ထားမေးမြန်းနေပုံ။


www.dhammaransi.com

www.dhammaransi.com



မဟာနာမ၊မဟာနာမ်မင်း။ ယဒတော၊ အကြင့်ကြောင့်။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်သည်။ဟောတိ၊ ဖြစ်ပါပေ၏။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ မှီဝဲဆည်းကပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။ ဧတ္တာဝတာ၊ ဤမျှဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

အကြင်ပုဂ္ဂိုလ်ဟာ ဘုရားကို ကိုးကွယ်တယ်၊ မှီဝဲတယ်၊ ဆည်းကပ်သည်။ တရားတော်ကိုလဲ ကိုးကွယ်တယ်၊မှီဝဲတယ်၊ဆည်းကပ်တယ်။သံဃာတော်ကိုလဲ ကိုးကွယ်တယ်၊ မှီဝဲတယ်၊ ဆည်းကပ်တယ်။ ထိုပုဂ္ဂိုလ်ကို ဥပါသကာလို့ခေါ်ပါတယ်တဲ့။ အမျိုးသမီးဖြစ်ရင် ဥပါသိကာလို့ ခေါ်ပါတယ်တဲ့။

ဒါက မဟာဝဂ္ဂပါဠိတော် မဟာနာမသုတ်မှာ ပြဆိုထားတာ ဖြစ်ပါတယ်။ ဒီဃနိကာယ်၊ သုတ်မဟာဝါ၊ မဟာသမယသုတ်မှာ ပြဆိုထားဟာက....

"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ။"

ယေကေစိ၊ အမှတ်မရှိ ခပ်သိမ်းကုန်သောသူတို့သည်။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ မှီဝဲဆည်းကပ်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ အပါယဘူမိံ၊ အပါယ်ဆင်းရဲသို့။ န ဂမိဿန္တိ၊ မလားရောက်ကြကုန်။

www.dhammaransi.com



မာနုသံဒေဟံ၊ လူဖြစ်သော ခန္ဓာကိုယ်ကို။ ပဟာယ၊ ပယ်စွန့်၍။ ဝါ၊ ပယ်စွန့်သည်ရှိသော်။ ဒေဝကာယံ၊ နတ်ဖြစ်သော ခန္ဓာကိုယ်ထို။ ပရိပူရေဿန္တိ၊ မုချကေန် ပြည့်စုံနိုင်ကြကုန်လတ္တံ့။

မြတ်စွာဘုရားရှင်အား ကိုးကွယ်မှီဝဲဆည်းကပ်တဲ့ပုဂ္ဂိုလ်ဟာ အပါယ်ဆင်းရဲမကျရောက်ဘဲ လွတ်မြောက်နိုင်တယ်။ လူ့ဘဝမှသေလွန်ရင် နတ်ပြည်လောကသို့ ရောက်ရှိနိုင်တယ်။ အကြောင်းညီညွတ်ရင် နိဗ္ဗာန်ချမ်းသာကိုပင် ရရှိနိုင်ပါတယ်တဲ့။

မဟာနာမ်မင်းက ဥပါသကာတို့မှာ ရှိရမယ့်သီလ၊ရှိရမယ့်သဒ္ဓါ၊ ရှိရမယ့်စာဂ၊ ရှိရမယ့်ပညာတို့နှင့်ပတ်သက်ပြီး ဆက်လက်မေးမြန်း လျှောက်ထားတဲ့အတွက် ဘုရားရှင်က "မဟာနာမသုတ်"မှာ အကျယ်တဝင့် ဟောကြားညွှန်ပြ ရှင်းလင်းထားတာတွေ ရှိကြပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာကျင့်ကြံအားထားကြရမယ့် အင်မတန်တန်ဖိုးကြီးမားလှတဲ့ ဗုဒ္ဓရဲ့လမ်းညွှန်ချက်တွေပါဘဲ။

www.dhammaransi.com

# ဘုရားလက်ထက်က ဥပါသကာများ

ဘုရားရှင်လက်ထက်တော်က ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ကြတဲ့ ဥပါသကာ အများအပြားပေါ်ထွန်းခဲ့ကြပါတယ်။ "ဥပါသကာ"ဆိုတာကတော့-"ဥပ-ရတနာသုံးပါးသို့ကပ်၍၊ အာသက-နေတတ်သူ"ရယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဘုရား၌ မကြာခဏ စိတ်ရောက်နေသူ၊ ဘုရားဂုဏ်တော်ကို မကြာခဏသတိရနေသူ၊ဘုရားနှင့်စပ်သောကိစ္စရပ်များကို မကြာခဏ ဆောင်ရွက်နေသူများကို "ဘုရားကို ကိုးကွယ်ဆည်းကပ်သူ"ရယ်လို့ ခေါ်ပါတယ်။

မဂ်ဖိုလ်ရတဲ့သူ၊ မဂ်ဖိုလ်ရရှိအောင် ကျင့်ကြံအားထုတ်နေသူ၊ဘုရားတရားတော်ပိဋကကျမ်းစာများကို မပျောက်မကွယ်သွားအောင် ထိန်းသိမ်းစောင့်ရှောက်သူ၊ ပူဇော်သူ၊ ဟောပြောပို့ချသူ၊ ကြားနာမှတ်သားသူကို "တရားကို ကိုးကွယ်ဆည်းကပ်သူ"ရယ်လို့ ခေါ်ပါတယ်။

အရိယာ သံဃာတော်များကိုလည်းကောင်း၊ အရိယာဖြစ်အောင် ကြိုးစားနေသော ပုထုဇဉ်သူတော်ကောင်းများကို လည်းကောင်း အားပေးချီးမြှောက် ထောက်ပံ့ လှူဒါန်းသူ၊ သံဃာတော်များအား ကောင်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်သူ၊ သူတော်ကောင်း သံဃာတော်များ တိုးပွားအောင် ကြိုးစားသူကို "သံဃာကို ကိုးကွယ်ဆည်းကပ်သူ"ရယ်လို့ ခေါ်ပါတယ်။

ဘုရားရှင် လက်ထက်က ပေါ်ထွန်းခဲ့ကြတဲ့ ဥပါသကာများအနက်မှ စံထားရတဲ့ ဥပါသကာများအကြောင်းကို ဒီနေရာမှာ အလျဉ်းသင့်သဖြင့် အနည်းငယ် ထည့်သွင်း ဖော်ပြလိုက်ရပါတယ်။

www.dhammaransi.com

## အနာထပိဏ် ဝတ္ထု သာဓကရှု

အနာထပိဏ်သူဌေးဟာ သာဝတ္ထိမြို့က သုမနသူဌေးရဲ့သားဖြစ်ပြီး ငယ်နာမည်ရင်းကတော့ သုဒတ္တလို့ ခေါ်ပါသတဲ့။ နောက်မှ မှီခိုအားထား ကိုးကွယ်ရာမဲ့နေသူများကို ထမင်းအစာပေးတဲ့သူ ဖြစ်လို့မို့ အနာထပိဏ္ဍိက-အနာထပိဏ်ရယ်လို့ ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါသတဲ့၊ သူဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်း ထက်က ပဒုမုတ္တိုရ်မြတ်စွာဘုရားထံတော်မှာ ဥပါသကာတစ်ယောက်ကိုအားကျခဲ့ပြီး "ဥပါသကာ ဒါယကာ" ဆုကို ပန်ထားခဲ့သူဖြစ်ပါတယ်။

တစ်နေ့မှာ အနာထပိဏ်ဟာ ရာဇဂြိုဟ်မြို့သို့ ကုန်သည်းရောင်းဝယ်မှုကိစ္စဖြင့် ရောက်ရှိသွားခဲ့ပါ တယ်။ ရာဇဂြိုဟ်မြို့မှာ သူ့ယောက်ဖတော်တဲ့ သူဌေးသားတစ်ယောက်ရဲ့အိမ်မှာတည်းခိုလေ့ရှိပါတယ်။ ယခုတစ်ခေါက်မှာတော့ အဲဒီ သူဌေးယောက်ဖဟာ သူ့ကို ကြာကြာညှော်ခံပြီး စကားမပြောနိုင်အား တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နက်ဖြန်နံနက်မှာ ဘုရားရှင်အား ဆွမ်းဆက်ကပ်လှူဒါန်းဖို့အတွက် ချက်ရေးပြုတ်ရေးတွေ စီမံနေရလို့ပါဘဲတဲ့။

ညအခါရောက်တော့မှ "ဗုဒ္ဓမြတ်စွာကြွလာတော်မူမည့်အကြောင်း" ကို သူ့ယောက်ဖက သူ့ကို ပြောပြလိုက်တဲ့အခါ၊ အနာထပိဏ်ဟာ "ဗုဒ္ဓ" ဆိုတဲ့ အသံကိုကြားလိုက်ရတာနဲ့တစ်ပြိုင်နက် နှစ်သက်မှု ပီတိအဟုန်ဟာ တစ်ကိုယ်လုံးဖုံးလွှမ်းပြီး မေ့မြောသွားသလိုတောင် ဖြစ်သွားခဲ့ရပါတယ်တဲ့။

www.dhammaransi.com

အနာထပိဏ်က သူ့ယောက်ဖ ရာဇဂြိုဟ်သူဌေးကို "ဗုဒ္ဓလို့ သင်ပြောပါသလား" လို့ထပ်မေးပါသတဲ့။ သူ့ယောက်ဖ သူဌေးကလဲ "ဗုဒ္ဓလို့ ပြောပါတယ်" လို့ ဖြေကြားပါတယ်။ တစ်ခါ အနာထပိဏ်က ကြားချင်လွန်းလို့ "ဗုဒ္ဓလို့ သင်ပြောပါသလား" လို့ ထပ်မေးပြန်ပါသတဲ့။ ရာဇဂြိုဟ်သူဌေးကလဲ "ဗုဒ္ဓလို့ ပြောပါတယ်" လို့ ထပ်မံပြီး ဖြေကြားပြန်ပါတယ်။

အဲဒီလို သုံးကြိမ်တိုင်တိုင် ဖြစ်ပြီးမှ "ဗုဒ္ဓမြတ်စွာဆိုတာ ဖူးတွေ့ရဖို့ကိုမဆိုထားနဲ့၊ ဗုဒ္ဓ....ဗုဒ္ဓဆိုတဲ့စကားသံကို ကြားရဖို့ပင် အလွန်ခဲယဉ်းပါတယ်။ ယခုလို ညဉ့်အခါမှာ ဗုဒ္ဓကို သွားရှ်ဖူးတွေ့လို့ ရနိုင်ပါသလား" လို့ မေးမြန်းပါတယ်။ ဒီအချိန်မှာ ဖူးတွေ့လို့ မရနိုင်တော့ကြောင်း ပြောကြားတဲ့အတွက် အနာထပိဏ်ဟာ အိပ်ရာထဲသို့ ဝင်ခဲ့ရပါတော့တယ်။ အိပ်ရာသို့ဝင်ရသော်လည်းဗုဒ္ဓကိုဖူးတွေ့လိုတဲ့စိတ်ဇောတွေက ပြင်းပြလို့ လာပါတယ်။ ဒါကြောင့် ကောင်းကောင်းအိပ်မပျော်နိုင်ဘဲ ထ,ယောင်ထိုင်,ယောင် ဖြစ်ခဲ့ရပါတယ်။ ဘုရားဂုဏ်တော်ကိုသာ အာရုံပြု စိတ်စောနေတဲ့အတွက် ဗုဒ္ဓပီတိစိတ်အဟုန်ဖြင့် ခန္ဓာကိုယ်မှ အလင်းရောင်များပင် ထွက်ပေါ်၍ လာပါတော့တယ်။

အနာထပိဏ်ဟာ မိမိရဲ့ ကိုယ်ခန္ဓာက အလင်းရောင်ကြောင့် ထွန်းလင်းလာတာကို မိုးလင်းပြီအထင်နဲ့ တစ်ကိုယ်တည်း မြို့ပြင်သို့ထွက်လာခဲ့ပါတယ်။ မြို့အပြင်မှာ သုသာန်တစ်ခုကိုဖြတ်ကျော်ပြီးမှ ဘုရားရှင် သီတင်းသုံးရာ "သီတဝန်" တောကျောင်းသို့ ရောက်ရှိနိုင်တာ ဖြစ်ပါတယ်။

---

[၂၀] အနာထပိဏ်သူဌေးကြီးသည် ညအခါ သုသာန်ကိုဖြတ်၍ ဘုရားကျောင်းတော်သို့ သွားရောက်နေပုံ။

www.dhammaransi.com



ဒါကြောင့် အနာထပိဏ်ဟာ မြို့မှုအထွက် သုသာန်ကိုဖြတ်ကျော်တဲ့အချိန်အခါမှာ ပုပ်ဆွေး နံ့ဟောင်နေတဲ့ လူသေအလောင်းကောင်များ၊ လတ်တလော သေပြီးခါစ လူသေအလောင်းကောင် များကို ဖြတ်ကျော်ခဲ့ရပါတယ်။ အလောင်းကောင်များဟာ ခွေးတစီစီ ယင်တရုန်းရုန်း ဖြစ်နေရာက အနာထပိဏ် အနီးသို့ရောက်လာတဲ့အခါ ဝေါကနဲ ယင်အုပ်ကြီးက ပျံသန်းသွားလိုက်၊ ဝုန်းကနဲ ခွေးအုပ်များက ထွက်ပြေးသွားလိုက်နဲ့ ကြောက်ခမန်းလိလိ၊ ကြက်သီးထစရာ၊ ကျောချမ်းစရာ ဖြစ်ခဲ့ ရပါတယ်တဲ့။

အဲဒီအခါ အနာထပိဏ်ဟာ ကြောက်ရွံ့စိတ်တွေ ဝင်လာပြီး ဒေါသအပူစိတ်တွေ ရောက်လာ တဲ့အတွက် ဘုရားကိုအာရုံပြုကြည်ညိုနေတဲ့ ဗုဒ္ဓပီတိစိတ်တွေဟာ ရုတ်တရက် ပါးလျှား လျော့နည်း သွားရပါတော့တယ်တဲ့။ ဒီအခါ ကိုယ်ရောင် ကိုယ်ဝါများဟာလဲ တဖြည်းဖြည်း မှေးမှိန်သွားပြီး ငုပ်ကွယ် သွားခဲ့ရပါတော့တယ်။ အနာထပိဏ်ဟာ မှောင်ကြီးမဲမဲထဲမှာ လူသေအလောင်းကောင် များကို နင်းမိလိုနင်းမိ၊ တိုးမိလိုတိုးမိပြီး စမ်းတဝါးဝါး ဖြစ်နေရရှာပါတယ်တဲ့။

အဲဒီအချိန်မှာ အရိယာတောစောင့်နတ်များက "အို... သူဌေးကြီး၊ ရှေ့သို့ ဆက်၍သွားပါ လော့၊ ဘုရားအာရုံဖြင့်သွားရသော ခြေလှမ်းရဲ့တန်ဖိုးဟာ လောကီစည်းစိမ်များနှင့် မနှိုင်းယှဉ်သာ လောက်အောင် သာလွန်မြင့်မြတ်လှပါပေတယ်" စသည်ဖြင့် တိုက်တွန်းပြောကြား အားပေးခဲ့ကြ ပါတယ်တဲ့။

www.dhammaransi.com



အနာထပိဏ်သူဌေးကြီးလဲ "ငါ့နောက်က အဖော်တွေပါသွားဘဲ"ရယ်လို့ အားတက်လာပြီး ဘုရားကို ကြည်ညိုတဲ့အာရုံများ တိုးပွားလာတဲ့အခါ ကိုယ်ရောင်ကိုယ်ဝါတွေဟာလဲ တစ်ဖန် ပြန်ထွက်လာပြီး အလင်းရောင်ရရှိလာခဲ့ရပြန်ပါတယ်တဲ့။

ဒီလိုနဲ့ အနာထပိဏ်သူဌေးကြီးဟာ ဘုရားရှင်ထံတော်မှောက်သို့ မိုးမလင်းမီ ရောက်ရှိသွားခဲ့ကာ ပထမအကြိမ် တရားနာရလို့ တရားအဆုံးမှာပင် သောတာပန်တည်ခဲ့ရပါတော့တယ်တဲ့။

အနာထပိဏ် သူဌေးကြီးဟာ ဇေတဝန်ကျောင်းတော်ကြီးကို အထူးတလည် ဆောက်လုပ်လှူဒါန်းခဲ့တာတွေ၊ နေ့စဉ် သံဃာတော်နှစ်ထောင်ကို ဆွမ်းလောင်းလှူခဲ့တာတွေ၊ သာသနာ့ ဝေယျာဝစ္စ ကိစ္စများမှာ ကြိုးကြိုးစားစား အားထုတ် ဆောင်ရွက်ခဲ့တာတွေ၊ သားသမီးများကို ရတနာသုံးပါး ကြည်ညိုတတ်အောင် သွန်သင်ဆုံးမ ညွှန်ပြခဲ့တာတွေဟာ အင်မတန်နည်းယူစရာ၊ အားကျစရာကောင်းလှပါတော့တယ်တဲ့။

## စိတ္တသူကြွယ် အားကျဖွယ်

ဘုရားရှင်လက်ထက်တော်က မစ္ဆိကာသဏ္ဍမည်တဲ့ ဇနပုဒ် မြို့ငယ်လေးမှာ စိတ္တဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိခဲ့ပါတယ်။ သူ့ကို မွေးဖွားစဉ်အခါက ထူးထူးခြားခြား ပန်းမိုးကြီးရွာချခဲ့တဲ့အတွက်ကြောင့် သူ့ကို စိတ္တ [မြန်မာလို မောင်ထူးဆန်း]ရယ်လို့ မှည့်ခေါ်ခဲ့ကြပါသတဲ့၊ သူဟာ ချမ်းသာတဲ့သူဌေးသူကြွယ်မျိုးမှာ ဖြစ်ခဲ့တဲ့အတွက် စိတ္တသူကြွယ်ရယ်လို့ ထင်ရှားခဲ့ပါတယ်တဲ့။

www.dhammaransi.com


စိတ္တသူကြွယ်ဟာ ရှေးရှေး ဘုရားရှင်များလက်ထက်က ရုပ်နာမ်သင်္ခါရအပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး ပွားများခဲ့တဲ့အတွက်၊ ဂေါတမဘုရားရှင် လက်ထက်တော်မှာ ပါရမီရင့်သန်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့ရပါတယ်။ တစ်နေ့မှာ မဟာနာမ်ထေရ်ကို ဖူးတွေ့ခဲ့ရပြီး၊ မဟာနာမ်ထေရ်ရဲ့တရားကို နာကြားရတဲ့အခါ အလွယ်တကူပင် အနာဂါမ်တည်ခဲ့ရပါတယ်တဲ့။

စိတ္တသူကြွယ်ဟာ ဘုရားရှင်ရဲ့ တရားဒေသနာတော်များကို ကိုယ်တိုင်သင်ယူပြီး၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့သူဖြစ်ပါသတဲ့။ သူတစ်ပါးအား ဟောပြောတဲ့နေရာမှာ အဟောအပြောကောင်းတဲ့ ဓမ္မကထိက တစ်ဦးလည်း ဖြစ်ပါတယ်တဲ့။ သူ့ရဲ့နောက်မှာ ဥပါသကာငါးရာတို့ဟာ အမြဲလိုက်ပါလျက်ရှိခဲ့ကြပါသတဲ့။ တိတ္ထိတို့နဲ့ တရားဆွေးနွေးမေးမြန်းကြတဲ့အခါ တိတ္ထိတို့ရဲ့ အယူဝါဒအမှားများကို အကြောင်းပြပြီး နှိမ်ချဖျက်ဆီးနိုင်ခဲ့သူ၊ ဘုရားအယူဝါဒကို ဖြန့်ဖြူးပေးနိုင်ခဲ့သူဖြစ်သတဲ့။ ဒါကြောင့် စိတ္တသူကြွယ်ဟာ လူဝတ်ကြောင် ဓမ္မကထိကတို့တွင် ဧတဒဂ်ရ ထိပ်တန်းအကျဆုံး ဓမ္မကထိကကြီး တစ်ယောက် ဖြစ်ခဲ့ရပါတော့တယ်တဲ့။

ဘုရားရှင်လက်ထက်က ပေါ်ထွန်းခဲ့တဲ့ ဥပါသကာတွေကတော့ လွန်စွာများပြားလှပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်ကိုးကွယ်ဆည်းကပ်မှု ပြုခဲ့ကြတာတွေဟာ အင်မတန် အားကျဖွယ်ကောင်းလှပါတယ်။ ဒီနေရာမှာတော့ စံပြုနမူနာ ဥပါသကာအဖြစ် အနာထပိဏ်သူဌေး နဲ့ စိတ္တသူကြွယ်တို့နှစ်ယောက်ကိုသာ ဖော်ပြလိုက်ရပါတော့တယ်။

---

[၂၁] စိတ္တသူကြွယ်က တိတ္ထိဂိုဏ်းကြီးများအား အယူဝါဒပြိုင်ဆိုင်ကာ အနိုင်ယူနေပုံ။

www.dhammaransi.com



www.dhammaransi.com

## ''ဘုရားလက်ထက်က ဥပါသိကာများ''

ရတနာသုံးပါးကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ခဲ့ကြပြီး သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ကြတဲ့အမျိုးသမီးအာဇာနည် ဥပါသိကာ ဒါယိကာမများဟာ ကာလလွန်စွာဘဲ များပြားခဲ့ကြပါတယ်။ အဲဒီ ဥပါသိကာ ဒါယိကာမများထဲက ထင်ရှားတဲ့ ပုဂ္ဂိုလ်လေးဇက်ကိုဘဲ ထုတ်နုတ်တင်ပြပါဦးမယ်။


### သောတာပန်အရိယာ ဝိသာခါ

ဝိသာခါဟာ ကဿပဘုရားရှင်လက်ထက်က ကိကီမင်းကြီးရဲ့ သမီးတော် ၇-ပါးအနက် အငယ်ဆုံး သံဃဒါယိကာဆိုတဲ့ သမီးတော်တစ်ပါး ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ကောမာရဗြဟ္မစရိယ အကျင့်ကိုကျင့်ခဲ့လို့ ဂေါတမဘုရားရှင်လက်ထက်မှာ ပါရမီဓာတ်ခံ ရင့်သန်လှတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်လာရပါတယ်။ မြတ်စွာဘုရားရှင် ဘဒ္ဒိယမြို့ကို ကြွလာတော်မူတဲ့အခါ ၇-နှစ်သမီးအရွယ် ဝိသာခါဟာ အခြွေအရံ သူငယ်မငါးရာနဲ့တကွ ခရီးဦးကြိုဆိုခဲ့ကြပြီး တရားနာကြားခဲ့ကြပါတယ်။ အဲဒီ ၇-နှစ်သမီးအရွယ်မှာဘဲ ဝိသာခါဟာ တရားနာကြားခဲ့ရလို့ သောတာပန် တည်ခဲ့ရပါတယ်တဲ့။

---

[၂၂] ဝိသာခါသည် ၇-နှစ်အရွယ်တွင် တရားနာယူနေစဉ် သောတာပန် တည်ခဲ့ရပုံ။

www.dhammaransi.com



www.dhammaransi.com



နောင်အခါ ပသေနဒီကောသလမင်းကြီးက သူ့ဖခင် ဓနဥ္စယ သူဌေးကို ကောသလပြည်သို့ လာရောက်နေထိုင်ရန် ဖိတ်ခေါ်တဲ့အတွက် ဝိသာခါဟာ မိဘများနှင့်အတူ သာကေတမြို့ကို ရောက်ရှိသွားခဲ့ရပါတယ်။ အဲဒီနောက် အရွယ်ရောက်တဲ့အခါ သာဝတ္ထိမြို့က မိဂါရသူဌေးရဲ့သား ပုဏ္ဏဝဍ္ဎနနဲ့ လက်ဆက်ထိမ်းမြားခဲ့ရတဲ့အတွက် သာဝတ္ထိမြို့သို့ ရောက်ရှိသွားခဲ့ရပြန်ပါတယ်။

ဝိသာခါဟာ သာဝတ္ထိမြို့မှာ ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ သူ့အိမ်မှာလဲ နေ့စဉ် သံဃာတော် အရှင်မြတ်များကို ယာဂုဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ညနေပိုင်းမှာလဲ ကျောင်းတော်သို့သွားပြီးတော့ အဖျော်များ ဆေးပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းပြီး တရားနာကြားခဲ့ပါတယ်။

ဒါ့အပြင် မိစ္ဆာအယူရှိကြတဲ့ သူ့ယောက္ခမများနဲ့ သူ့ယောကျ်ားဘက်က အမျိုးအားလုံးကိုလဲ ဗုဒ္ဓဘာသာဝင်များဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါသေးတယ်။ အလှူဒါနတို့ဖြင့်အမြဲမွေ့လျော်လှတဲ့ ဝိသာခါဖြစ်တဲ့အတွက်ကြောင့် သူ့ကိုဒါနဖြင့်မွေ့လျော်သူတို့တွင် "တေဒဂ်ရ ထိပ်တန်းအကျဆုံး ဒါနရှင်" အဖြစ် လူသိများ ထင်ရှားခဲ့ရပါတော့တယ်။

## ခုဇ္ဇုတ္တရာ နှင့် သာမာဝတီ

ကောသမ္ဗီပြည် ဃောသကသူဌေးရဲ့ နေအိမ်မှာ ကလေးထိန်းမိန်းမက မွေးတဲ့ အမျိုးသမီး တစ်ယောက်ရှိခဲ့ပါတယ်။ သူ့နာမည်ရင်းကတော့ ဥတ္တရာ ဖြစ်ပါတယ်။ ဒါပေမယ့် ခါးနည်းနည်း

www.dhammaransi.com



ကုန်းတဲ့အတွက် "ခုဇ္ဇာ"လို့ ခေါ်ဝေါ်ကြရက အမည် ၂-ခုပေါင်းပြီး ခုဇ္ဇုတ္တရာ လို့ ထင်ရှားလာခဲ့ရပါတယ်။

သူဟာ ဥတေနမင်းရဲ့ မိဖုရားဖြစ်တဲ့ သာမာဝတီမိဖုရားထံမှာ အလုပ်အကျွေးအဖြစ် အမှုထမ်းခဲ့ရပါတယ်။ နေ့တိုင်းပန်းသည်မှူးကြီးအိမ်သို့ ပန်းများသွားဝယ်ယူပြီး သာမာဝတီထံ ပန်းများဆက်သခဲ့ရပါတယ်။ သူဟာ ပန်းဝယ်ဖို့ပေးလိုက်တဲ့ အသပြာရှစ်ကျပ်ထဲက လေးကျပ်ဖိုးသာ ပန်းဝယ်ယူပြီး၊ ကျန်လေးကျပ်ကို အမြဲ ခိုးယူထားလေ့ရှိခဲ့ပါတယ်တဲ့။

တစ်နေ့မှာ ပန်းသည်မှူးကြီးအိမ်၌ ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းပင့်ကျွေးတာနှင့် ကြုံကြိုက်ခဲ့တဲ့အတွက် ပန်းသည်မှူးကြီးရဲ့ ဖိတ်ခေါ်ချက်အရ ဝေယျာဝစ္စများမှာ ကူညီလုပ်ကိုင်ပေးခဲ့ရပါတယ်။ အဲဒီနောက် ဘုရားရှင်ရဲ့တရားတော်ကို နာကြားရပြီး၊ ရတနာသုံးပါးအပေါ် ကြည်ညိုသဒ္ဓါပွားကာ တရားဆင်ခြင်အားထုတ်ခဲ့တဲ့အတွက်ကြောင့် ချက်ချင်းဘဲ သောတာပန်တည်သွားခဲ့ရပါတယ်တဲ့။

ခုဇ္ဇုတ္တရာဟာ သောတာပန်တည်ပြီးတဲ့အခါ ပန်းဖိုးပေးလိုက်တဲ့ငွေထဲက လေးကျပ်ကို မိမိအတွက် မယူတော့ဘဲ၊ ရှစ်ကျပ်ဖိုးလုံး ပန်းများ ဝယ်ယူခဲ့ပါတယ်။ အဲဒီနောက် သာမာဝတီမိဖုရားထံ ပန်းများဆက်သတဲ့အခါ ခါတိုင်းနေ့များနဲ့မတူဘဲ ပန်းတွေများလာတဲ့အတွက် သာမာဝတီကအံ့သြပြီး မေးမြန်းစုံစမ်းပါခဲ့တယ်။ ဒီအခါ ခုဇ္ဇုတ္တရာက "သူ ဘုရားနှင့် တွေ့ခဲ့ရပုံ၊ ရတနာသုံးပါးရဲ့ ဂုဏ်

www.dhammaransi.com



ကျေးဇူးတော်များ ကြီးမားလှပုံနဲ့ ဘုရားတရားနာရလို့ အမတ (နိဗ္ဗာန်)ကို ရလာခဲ့ပုံ၊ ဒါကြောင့် ပန်းဖိုးထဲက အသပြာတစ်ဝက်ကို မခိုးယူတော့ဘဲ ငွေအပြည့်ဝယ်ယူခဲ့တဲ့အတွက် ပန်းများ ခါတိုင်းထက် များပြားလာရပုံ'' တို့ကို ရှင်းလင်းပြောပြခဲ့ပါတယ်။

ဒီအခါ သာမာဝတီနဲ့ အခြွေအရံများက ''အဲဒီ အမတ ဆိုတာကို ပေးစမ်းပါ၊ အဲဒီအမတ ဆိုတာကို ပေးစမ်းပါ''လို့ ဝိုင်းဝန်းတောင်းဆိုခဲ့ကြပါတယ်တဲ့။ ခုဇ္ဇုတ္တရာက ''အို....အဲဒီ အမတဆိုတာ ပေးလို့ရကောင်းတာမဟုတ်ဘူး၊ ကျုပ်က ဘုရားဟောတော်မူတဲ့အတိုင်းဟောမယ်၊ ရှင်မတို့က နေရာ အနိမ့်ကနေ၍ နာယူကြ''လို့ ပြောပြီး မြင့်တဲ့နေရာမှာ သူကထိုင်ကာ တရားဟောကြားပါတယ်တဲ့။

ဒီအခါ သာမာဝတီနဲ့ အခြွေအရံအားလုံး တရားနာပြီး သောတာပန် တည်သွားခဲ့ကြပါတယ်တဲ့။ အဲဒီနောက် ခုဇ္ဇုတ္တရာဟာ သာမာဝတီမိဖုရားရဲ့ အစေအပါး မလုပ်ရတော့ဘဲ၊ ကောသမ္ဗီပြည်မှာ ဘုရားရှင် သီတင်းသုံးသမျှကာလပတ်လုံး ဘုရားရှင်ထံမှ တရားတော်ကိုနာယူပြီး မိဖုရားနဲ့ အခြွေအရံတို့အား တစ်ဆင့်ဟောပြောပြသရတဲ့ ''ဓမ္မကထိကကြီးတစ်ဦး''ဖြစ်လာခဲ့ရပါတော့တယ်တဲ့။

အမျိုးသမီး ဥပါသိကာ ဒါယိကာမများအကြောင်း ဆက်ပြောရမယ်ဆိုရင် ဥတ္တရာတို့၊ သီရိမာတို့၊ သုပ္ပဝါသာတို့၊ သုပ္ပိယာတို့၊ ကာတိယာနီတို့ ကျန်ရှိပါသေးတယ်။ လေ့လာလိုသူများ ဗုဒ္ဓဝင် မဟာဝင်ကျမ်းများမှာ ရှာဖွေဖတ်ရှုနိုင်ကြပါတယ်။

---

[၂၃] ခုဇ္ဇုတ္တရာသည် သောတာပန်တည်ပြီးနောက်ပန်းဖိုးအပြည့်ဝယ်ယူကာသာမာဝတီအားဆက်သနေပုံ။

www.dhammaransi.com



www.dhammaransi.com

# ဘုရားဂုဏ်တော်ပွားကြစို့

သဘောတရားတစ်ခုကို ကြိမ်ဖန်ထပ်ထပ်ပြုလုပ်တာဟာ "ပွားများ" တာ ဖြစ်ပါတယ်။ ဘုရားကို ဖူးတွေ့တာ၊ ဘုရားကိုရှိခိုးတာ၊ ဘုရားရဲ့ ဖြစ်တော်စဉ်များကို ထင်မြင်အောက်မေ့တာ၊ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော် တန်ခိုးတော်များကို ကြိမ်ဖန်များစွာ အောက်မေ့သတိရပြီး စိတ်ဓာတ်မြင့်မြတ်အောင် အထပ်ထပ်ရှုမှတ်တာဟာ "ဘုရားဂုဏ်တော်ကို ပွားများတာ" ဖြစ်ပါတယ်။ ပါဠိလိုဆိုတော့ "ဗုဒ္ဓါနုဿတိဘာဝနာ" ရယ်လို့ ခေါ်ပါတယ်။

အဲဒီလို ကြိမ်ဖန်ထပ်ထပ် ရှုမှတ်ပွားများတဲ့အခါ အာရုံယူပုံယူနည်းဟာ အင်မတန် အရေးကြီးလှပါတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော် ကျေးဇူးတော်များအထိ အသိဆိုက်ပြီး အာရုံစူးစိုက် ပွားများခြင်းဟာ အခြေခံကျပြီး မှန်ကန်တဲ့ အာရုံယူပုံယူနည်း ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ ကိလေသာအညစ်အကြေးတွေ မရှိတော့ဘူး။ ပကတိဖြူစင်နေတယ်။ ပြီးတော့ လူ၊ နတ်၊ ဗြဟ္မာတွေရဲ့ ပူဇော်မှုတွေကို ခံယူထိုက်သူဖြစ်တယ်" လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "အရဟံဂုဏ်တော်" ကို ပွားများတာ ဖြစ်ပါတယ်။

www.dhammaransi.com



"ဘုရားရှင်ဟာ သိစရာတွေကို အကုန်သိတယ်။ အမှန်အတိုင်းသိတယ်၊ ဆရာမရှိဘဲ မိမိကိုယ်တိုင် သိမြင်တဲ့သူ ဖြစ်တယ်"လို့အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ"သမ္မာသမ္ဗုဒ္ဓဂုဏ်တော်" ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ အသိဉာဏ်စွမ်းအား အမျိုးမျိုးရှိသူဖြစ်တယ်။ ကျင့်ကြံအားထုတ်မှုစွမ်းအား အမျိုးမျိုးရှိသူလဲ ဖြစ်တယ်။ ပြီးတော့ အသိဉာဏ်နဲ့ ကျင့်ကြံမှုတို့ဟာလဲ ထပ်တူညီတူ ပြည့်စုံညီညွတ်သူ ဖြစ်တယ်"လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ"ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်" ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ အကောင်းဆုံး ပြောဆိုသူဖြစ်တယ်။ အကောင်းဆုံး ပြုလုပ်သူ ဖြစ်တယ်။ အကောင်းဆုံးနေရာနိဗ္ဗာန်သို့ရောက်ရှိသွားသူလဲဖြစ်တယ်"လို့အထပ်ထပ်အောက်မေ့ပါ။ပွားများပါ။ ဒါဟာ "သုဂတဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ သတ္တဝါအမျိုးမျိုးရဲ့ အကြောင်းကိုလဲ သိတယ်။ ဖြစ်ပျက်မှု အမျိုးမျိုးရဲ့ အကြောင်းတွေကိုလဲ အကုန်သိတယ်။ ကြွင်းသော ကမ္ဘာလောကကြီးတစ်ခုလုံးရဲ့ အကြောင်းကိစ္စ မှန်သမျှတွေကိုလဲ အကြွင်းမရှိ အကုန်သိနိုင်စွမ်းရှိသူ ဖြစ်တယ်"လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "လောကဝိဒူဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

www.dhammaransi.com


"ဘုရားရှင်ဟာ လောကမှာ အတူမရှိ၊ အတုမရှိတဲ့ အမြတ်ဆုံးသော ဗုဒ္ဓဘုရား ဖြစ်တယ်။ လူနတ်ဗြဟ္မာသတ္တဝါတွေ လိမ္မာအောင်, ယဉ်ကျေးအောင်, ကိလေသာ ကင်းဝေးစင်ကြယ်အောင် ဆုံးမနိုင်စွမ်းရှိသူလဲ ဖြစ်တယ်"လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ လူနတ်ဗြဟ္မာသတ္တဝါတစ်လောကလုံးရဲ့ တစ်ပါးတည်းသော ခေါင်းဆောင်ကြီးဖြစ်တယ်။ လမ်းမှန်ကို ညွှန်ပြသူကြီးဖြစ်တယ်"လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "သတ္ထာဒေဝမနုဿာနံဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ သစ္စာလေးပါးကို ကိုယ်တော်တိုင်လဲသိသူ ဖြစ်တယ်။သူတစ်ပါးသိအောင်လဲ ဟောပြောပြသနိုင်စွမ်းရှိသူ ဖြစ်တယ်" လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "ဗုဒ္ဓဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

"ဘုရားရှင်ဟာ ဘုန်းတော်အနန္တ,ဉာဏ်တော်အနန္တ,ကံတော်အနန္တ, တန်ခိုးတော် အနန္တရှိသူ ဖြစ်ပါပေတယ်"လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "ဘဂဝါဂုဏ်တော်" ကို ပွားများတာ ဖြစ်ပါတယ်။

ကဲ....ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးလုံးလဲ ပြည့်စုံသွားပါပြီ။ အဓိကထားပြောလိုတာကတော့ ဘုရားရှင်ရဲ့ဂုဏ်တော်များကိုအာရုံထားပြီးပွားများကြည့်ကြစမ်းပါ။ မုချအကျိုးထူးခြားပါလိမ့်မယ်။

www.dhammaransi.com

ဤကမ္ဘာလောကကြီးမှာ အင်အား အထက်မြက်ဆုံးဖြစ်တဲ့ "ဗုဒ္ဓ ဓာတ် ဗုဒ္ဓ အင်အားကြီး" တစ်ရပ်ဟာ အမှန်စင်စစ် တည်ရှိနေပါတယ်။ အဲဒီ ဗုဒ္ဓဓာတ်ဗုဒ္ဓအင်အားကြီးကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် မိမိတို့နှင့်ဆက်သွယ်ကြပါကုန်။ လုပ်လျှင် လုပ်သလောက် အခြေခံ အင်အားကြီးများ တိုးပွားလာကြမှာ ကေန်အမှန် ဖြစ်ပါတော့တယ်။

## ရှေး ဦး ပြု ဖွယ်

အဲဒီလို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းကြတဲ့အခါ ပထမဦးဆုံး မိမိခန္ဓာကိုယ်ကို ဘုရားရှင်ထံ လှူထားသင့်ကြပါတယ်။ မိမိအချစ်ဆုံး ခန္ဓာကိုယ်ကြီးကို မိမိအကြည်ညိုဆုံး ဘုရားရှင်အား လှူဒါန်း အပ်နှင်းထားခြင်းဟာ အကောင်းဆုံးသော လှူဒါန်းမှုကြီး ဖြစ်ပါတော့တယ်။ အကျိုးအာနိသင် အစွမ်းသတ္တိဟာလဲ အလွန်ကြီးမားလှပါတယ်။ မိမိခန္ဓာကိုယ်ကြီးဟာ ဘုရားပိုင်ပစ္စည်း ဖြစ်သွားပြီ ဖြစ်လို့မို့ ဘယ်သူမှ ဖျက်ဆီးလို့ မရနိုင်ကြတော့ပါဘူး။ အန္တရာယ်အမှန် ကင်းရှင်း သွားစေပါ တော့တယ်။

အဲဒီနောက် မိမိရဲ့ကိုယ်ခံဓာတ်များ စင်ကြယ်သန့်ရှင်းအောင်အခြေခံသီလများဖြင့် ဆေးကြော ထားကြရပါလိမ့်မယ်။ သီလတရားရှိ၍ စိတ်ထားဖြူစင်သန့်ရှင်းလေ၊ အကျိုးအာနိသင် ကြီးမားလေ ဖြစ်ပါတော့တယ်။ မေတ္တာတရားကိုလဲ အခြေခံအင်အားအဖြစ် အစွမ်းရှိသလောက် ပွားများထား သင့်ကြပါတယ်။

## ပွား များ ပုံ

အဲဒီနောက် ဆိတ်ငြိမ်ရာအရပ်မှာ ခါးကို မတ်မတ်ထားထိုင်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို အာရုံပြုကာ ဘုရားရှင်ရဲ့ ဂုဏ်တော်တစ်ခုခုကိုဖြစ်စေ၊ ဂုဏ်တော်များကိုဖြစ်စေ အနက်အဓိပ္ပာယ်ပါသိရှိပြီး စူးစူးစိုက်စိုက် ထပ်ကာထပ်ကာ ရွတ်ဆိုပွားများပါ။ ရွတ်ဆိုတဲ့အခါ စိတ်ထဲကသာ စွဲမြဲစွာ ရွတ်ဆိုပါ။ စိတ်ကို အပြင်အာရုံများနောက်သို့ မလိုက်ပါသွားအောင် ကြိုးစားထိန်းပါ။ ပုံသဏ္ဌာန်အရိပ်နိမိတ်တွေ ဝင်လာရင်လဲ လက်မခံပါနဲ့။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုသာ အပျောက်မခံဘဲ စိုက်စိုက်မတ်မတ်ရှုပွားကြပါ။ သမာဓိအားကောင်းလာပြီး ပညာအားတွေထက်မြက်လာစေမှာ အမှန်ဖြစ်ပါတော့တယ်။

ဘုရားရှင်က "ကျောင်းတော်ကြီးဆောက်လှူတဲ့အကျိုးထက် နှ့် သာတစ်ရှူလောက် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းရတဲ့အကျိုးက ပိုမိုကြီးမြတ်တယ်"ရယ်လို့ အမိန့်ရှိတော်မူခဲ့ပါတယ်။

ဒါကြောင့် ဘုရားရှင်ရဲ့ ဂုဏ်တော်များကို နှလုံးသွင်းပြီး ပွားများနေခြင်းဟာ ဘေးရန်အမျိုးမျိုးတို့မှ အံ့သြလောက်အောင် လွတ်ကင်းစေနိုင်ခြင်း၊ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို အလွယ်တကူဖြစ်ပေါ် ရရှိစေနိုင်ခြင်းဆိုတဲ့ အကျိုးတရား များပြားလှတဲ့အတွက် လူတိုင်း လူတိုင်း စားရင်း, သွားရင်း, နေရင်း, ထိုင်ရင်း, ရပ်ရင်း, လျှောင်းရင်း, အိပ်ရင်း, ပွားများနေသင့်ကြပါတော့တယ်။

www.dhammaransi.com



"ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။"

များစွာသော ကမ္မဋ္ဌာန်းဘာဝနာတို့တွင် အသာလွန်ဆုံး, အထူးကဲဆုံး, အမြင့်မြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း" ကို ပွားများ အားထုတ်ပါလေလော့။ "ဗုဒ္ဓါနုဿတိသမထဘာဝနာ"ကို ပွားများအားထုတ်ပါလျှင် သင်၏စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံပါလိမ့်မည်။

[ထေရာပဒါန်၊ သုဘူတိရဟန္တာလောင်း နန္ဒရှင်ရသေ့အား ပဒုမုတ္တရဘုရား မိန့်ဆိုချက်—မှ]

www.dhammaransi.com

# ။။ဘုရားဂုဏ်တော် ၉-ပါး ပါဠိတော်။။

ဣတိပိ သော ဘဂဝါ အရဟံ,သမ္မာသမ္ဗုဒ္ဓေါ,ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မ သာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

## ဂုဏ်တော် တစ်ပါးစီ ရွတ်ပွားပုံ

၁။ သော ဘဂဝါ ဣတိပိ အရဟံ, ၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ, ၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော, ၄။ သော ဘဂဝါ ဣတိပိ သုဂတော, ၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ, ၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော-ပုရိသဒမ္မ သာရထိ, ၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ, ၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ, ၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ။

## ၁။ အရဟံ ဂုဏ်တော်

သော ဘဂဝါ၊ ထိုမြတ်စွာဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာမလေ့ အထုံငွေ့မျှ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့ ရွှေစိတ်ပျံ့

www.dhammaransi.com



သင်း လွန်သန့်ရှင်း၍ မင်းမင်းပြည်သူ ကြည်ဖြူကော်ရော် အလှူတော်မှုန် အပူဇော်ကို ခံတော်မူ ထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

## ၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သောဘဂဝါ၊ထိုရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ သဗ္ဗညုဉာဏ်အား စွမ်းပကား၊ဖြင့် များသင်္ခါရ, ဝိကာရနှင့် လက္ခဏာပညတ်, နိဗ္ဗာန်ဓာတ်ဟု ငါးရပ် သိရန်ဉေယျဓမ်ကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့် ကျော်ကြား ထင်ရှားတော် မူပေသည်တကား။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

သောဘဂဝါ၊ထိုရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ သုံးပါးရှစ်ပါး နှစ်မျိုးအားဖြင့် ဟောထားပညာ ဉာဏ်ဝိဇ္ဇာတည်း နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့် ဧကျင့်စရဏ ဆယ့်ငါးဝနှင့် ဝကွ ဉသုံ ပြည့်စုံတော်မူသော ဤ

www.dhammaransi.com



အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးချီး မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

## ၄။ သုဂတဂုဏ်တော်

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဒီပင်္ကရာ ထွတ်ချာသနင်း ခြေတော်ရင်းမှ မုန်ကင်းသိရိ ဗောဓိမဏ္ဍိုင် ခန်း၀ါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီဘ၀ မျှားသတ္တ၏ သုခစီးပွား ကူ၍သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက ဆံမြူတစ် မကင်ငြိဘဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရှေ့ရှု ကြွတော်မူခဲ့သော ဂုဏ်အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

## ၅။ လောကဝိဒူဂုဏ်တော်

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ သတ္တောကာသ သင်္ခါရလောက သုံးပုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသော ဂုဏ်အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

www.dhammaransi.com



## ၆။ အနုတ္တရော ပုရိသဒမ္မ သာရထိဂုဏ်တော်

သောဘဂဝါ၊ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဆုံးမသင့်ရန် သတ္တဝါမှန်သော် ခြောက်တန်လျှင်ခြောက် မြောက်တန်မြောက်၍ အောက်အောက်ထက်ဂုဏ် ဆင့်ဆင့်စုံဖို့ ဖုံဖုံသင်ပေး အစဉ်ဖေးလျက် ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မ သာရထိ၊ အနုတ္တရော ပုရိသဒမ္မ သာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

## ၇။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိဣမိနာ စ ကာရဏေန၊ သတ္တဝါဟော် ကုန်သည်ကျော်သည် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှားဘေးခ ကန္တာရမှ ခမမြေငူ ထုတ်ကယ်ယူသို့ ထို့တူတစ် ခဲယဉ်းဘိသည့် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့ နတ်လူဖြဟ္မာ သတ္တဝါကို ကောင်းစွာဆောင်ယူ ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

www.dhammaransi.com



### ၈။ ဗုဒ္ဓ ဂုဏ်တော်

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဒုက္ခသမုဒယ နိရောဓ နှင့် မဂ္ဂမည်သော လေးသစ္စာကို ဦးစွာပိုင်ပိုင် သိမြင်နိုင်၍ သုံးဆိုင်ဝေနေ မျှား ဗိုလ်ခြေကို မသွေအတူ သိစေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြပ်မွှဲ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည် တကား။

### ၉။ ဘဂဝါဂုဏ်တော်

သောဘဂဝါ။ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဘုန်းတော်, ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြပ်မွှဲ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

မှတ်ချက်။ ။အထက်ဖော်ပြပါ "ဘုရားဂုဏ်တော်ဖွင့် ဘုရားရှိခိုး" တွေကတော့ ကျေးဇူးရှင် အမရပူရ မဟာဂန္ဓာရုံဆရာတော် ဖွင့်ဆိုတော်မူထားတဲ့ "ဂုဏ်တော်ဖွင့်" တွေ ဖြစ်လို့မို့ အင်မတန် ကောင်းမွန်ပြီး တန်ဖိုးကြီးမားလှပါတယ်။ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ယုံကြည်သောသဒ္ဓါတရား ဖြင့် အာဂုံဆောင်ကာ အစဉ်သဖြင့် ရွတ်ဆိုပွားများ နေသင့်ကြပါတော့တယ်။

## စီးဖြန်းခြင်းအကျိုး

ဘုရားရှင်ရဲ့ ဂုဏ်တော်များကို အသိဆိုက်လျက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများခြင်းဖြင့် ကိုယ်ရော စိတ်ပါ ကြည်လင်ခြင်း, ချမ်းသာခြင်း, ကျန်းမာခြင်းတို့ကို ရရှိစေနိုင်ရုံမျှမက ဘုရားကို အာရုံပြုသော မဂ္ဂင်လမ်းဖြင့် နိဗ္ဗာန်ကိုပင် မျက်မှောက်ပြု နိုင်ပါကြောင်းကို ဖုဿဒေဝ ရဟန်းအကြောင်း ကြည့်ရှုခြင်းဖြင့် သိသာနိုင်ကြပါတယ်။

## ဖုဿဒေဝဝတ္ထု သာဓကရှု

ရှေးက ဖုဿဒေဝ အမည်ရတဲ့ ရဟန်းတစ်ပါးဟာ စေတီတော်ရင်ပြင်တစ်ခုမှာ တံမြက်လှည်းလျက် သန့်ရှင်းရေးလုပ်နေပါတယ်တဲ့။ ဘုရားရှင်အား ကြည်ညိုသောသဒ္ဓါစိတ်ဖြင့် သန့်ရှင်းနေခြင်း ဖြစ်ပါသတဲ့။ ဒီအခါ မာရ်နတ်က မျောက်ညိုကြီးယောင်ဆောင်ပြီး စေတီရင်ပြင်မှာ နွားချေးတွေကို ကြဲဖြန့်ပြီး ထွက်ပြေးပါသတဲ့။ နောက်တစ်နေ့မှာလဲ ဒီလိုဘဲ ရဟန်းတော်တံမြက်လှည်းပြီး ဘုရားကို အာရုံပြုနေတုန်း မာရ်နတ်က နွားအိုကြီးယောင်ဆောင်ပြီး နှောင့်ယှက်ပြန်ပါသတဲ့။

တစ်ဖန် နောက်တစ်နေ့မှာလဲ အလွန်အရုပ်ဆိုးတဲ့ ယောကျ်ားယောင်ဆောင်ပြီး နှောင့်ယှက် ပြန်တဲ့အခါ ရဟန်းတော်ရဲ့စိတ်ထဲမှာ "ဒီလို လူမျိုး ဒီနယ်မှာ မမြင်ဖူးဘူး။ ဧကန္တ မာရ်နတ်ပဲ ဖြစ်မှာဘဲ" လို့ တွေးမိပြီး "သင်,,,,မာရ်နတ်မဟုတ်လား" လို့ မေးလိုက်ပါသတဲ့။ ဒီအခါ မာရ်နတ်က

www.dhammaransi.com



ဟုတ်မှန်ကြောင်း ဝန်ခံတဲ့အခါ၊ ရဟန်းတော်က "မာရ်နတ်ဆိုရင် ဘုရားရှင်ကို ဖူးမြင်ခဲ့ဖူးတာဘဲ၊ ဒါကြောင့် ဘုရားရှင်ရဲ့ပုံတော်ကို ဖန်ဆင်းပြစမ်းပါ" လို့ တောင်းပန်ပြောကြားပါတယ်တဲ့။

ဒီအခါ မာရ်နတ်က "တကယ်တူအောင်တော့ ဖန်ဆင်းမပြနိုင်ပါ၊ အတုလောက်တော့ရပါတယ်" ဆိုပြီး ဘုရားရှင်ရဲ့ပုံတော်ကို ဖန်ဆင်းပြတဲ့အခါ ရဟန်းတော်က "အတုဖြစ်တဲ့ ဤပုံတော်သည်ပင် ဤမျှလောက် သပ္ပာယ်တော်မူသေးရင် ကိလေသာတွေ ကင်းစင်တဲ့ ဘုရားရှင်ရဲ့ပုံတော်အစစ်ဟာ ဒီထက် သာလွန် သပ္ပာယ်တော်မူပေမှာဘဲ" လို့ တွေးတောကာ နှစ်သက်ကြည်ညိုတဲ့စိတ်တွေဖြစ်ပေါ်ပြီး ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို မဂ္ဂင်လမ်းဖြင့် စီးဖြန်းပွားများလိုက်တဲ့အခါ တခဏချင်းဘဲ ရဟန္တာကြီးဖြစ်သွားခဲ့ရပါတော့တယ်တဲ့။

ဘုရားရှင်အား ကြည်ညိုသဒ္ဒါဖြစ်ပွားတဲ့နေရာမှာ စံနမူနာထားရတဲ့ "မနုဥ္စာနီပုဏ္ဏေးမ"ရဲ့ သာဓကဝတ္ထုကိုလဲ ဆက်လက်ကြည့်ရှုနိုင်ကြပါသေးတယ်။

## မနုဥ္စာနီ သောတာပန်တည်

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ မနုဥ္စာနီဆိုတဲ့ ပုဏ္ဏေးမတစ်ယောက်ရှိခဲ့ပါတယ်။ သူဟာ သောတာပန်ဖြစ်တာနဲ့အညီ ဘုရား တရား သံဃာ ရတနာသုံးပါးကို အချိန်ရှိသရွေ့ ဆည်းကပ်

www.dhammaransi.com



ပွားများလျက်ရှိခဲ့ပါတယ်။ မနုဥ္စာနီဟာ ပစ္စည်းတစ်ခုခု လွတ်ကျတဲ့အခါ၊ ခလုတ်တိုက်မိတဲ့အခါ၊ ရုတ်တရက် ချော်ဆတ်တဲ့အခါများမှာပင် ဘုရားရှင်ရဲ့ဂုဏ်တော်များကို မမေ့လျော့ဘဲ 'နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ' ရယ်လို့ ယောင်ယမ်းကျူးရင့် ပြောဆိုလေ့ရှိခဲ့ပါတယ်တဲ့။

သူ့ယောကျ်ားဘာရဒွါဇဆိုတဲ့ပုဏ္ဏားကတော့ ရတနာသုံးပါးကို မကိုးကွယ် မဆည်းကပ်တဲ့ အပြင် ဘုရား၊ တရား၊ သံဃာနဲ့ စပ်တဲ့စကားကိုကြားရရင် အလိုလို ဒေါပွနေတတ်တဲ့သူ ဖြစ်ပါသတဲ့။ မကြားမိအောင် နားကိုတောင် ပိတ်ထားလေ့ရှိခဲ့ပါသတဲ့။

တစ်နေ့တော့ သူတို့အိမ်မှာ ပုဏ္ဏားတွေကို ထမင်းကျွေးပွဲပြုလုပ်ပါသတဲ့။ အဲဒီ ထမင်းကျွေးပွဲ မတိုင်မီ ဘာရဒွါဇက မနုဥ္စာနီကို "ရှင်မ၊ ထမင်းစားပွဲပြုလုပ်တဲ့အချိန် ပုဏ္ဏားတွေရဲ့ရှေ့မှာ သင့်ဆရာ ဂေါတမကို ရှိခိုးတဲ့စကားနဲ့ မယောင်မိအောင် သတိထားပါ"လို့ ကြိုတင်ပြီး ပြောကြား ထားပါ တယ်တဲ့။

မနုဥ္စာနီလဲ ထမင်းကျွေးပွဲမှာ ဧည့်သည်ပုဏ္ဏားတွေကို ထမင်းလိုက်ထည့်ပေးနေရင်း ရုတ်တရက် ချော်လဲသွားတဲ့အခါ ဘုရားရှင်ရှိရာကိုလက်အုပ်ချီပြီး "နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ရယ်လို့ ယောင်ယမ်းရွတ်ဆိုမိခဲ့ပါသတဲ့။ ဒီအခါ ဘာရဒွါဇဟာ "ကြိုတင် ပြောထားခဲ့ပါ လျက်နဲ့ ငါ့ကို ပုဏ္ဏားတွေရှေ့မှာ အရှက်ခွဲရကောင်းလား" ဆိုပြီး သူ့မယားမနုဥ္စာနီကို ကြိမ်းမောင်း

www.dhammaransi.com



ပါတော့သတဲ့။ "ဟဲ့-အယုတ်မ၊ နင်ဟာ ဘယ်တော့ယောင်ယောင် နင့်ဆရာ ရဟန်းဂေါတမရဲ့ ကျေးဇူးကိုဘဲ ပြောလေ့ရှိတယ်။ ဒီလောက်တောင်ဖြစ်လှတာ နင့်ဆရာ ဂေါတမဆီ ငါသွားပြီး ဝါဒတင်စွပ်စွဲမယ်၊ အရှုက်ခွဲပြမယ်"လို့ ပြောဆိုပြီး ထွက်သွားခဲ့ပါသတဲ့။

အဲဒီနောက် ဘုရားရှင်ရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိတဲ့အခါ ဘုရားရှင်အား ကြမ်းကြမ်းတမ်းတမ်းဆဲဆိုပြီး မေးချင်တာကို မေးပါသတဲ့။

"ရှင်ကြီးဂေါတမ၊ ဘယ်တရားကိုသတ်ပြီး ချမ်းသာစွာ အိပ်နိုင်ပါသလဲ၊ ဘယ်တရားကိုသတ်ပြီးမစိုးရိမ်ရသလဲ၊ ဘယ်လိုတရားတစ်ပါးသတ်ခြင်းကို နှစ်သက်ပါသလဲ"လို့ မေးတဲ့အခါ ဘုရားရှင်က "အမောင်ပုဏ္ဏား၊ ဒေါသကိုသတ်ပြီး ချမ်းသာစွာအိပ်ရတယ်၊ စိတ်ဆိုးမှုကိုသတ်ပြီး မစိုးရိမ်ရခြင်းဖြစ်တယ်၊ ဆင်းရဲခြင်းရဲ့တရားခံဖြစ်တဲ့ ဒေါသကိုသတ်ခြင်းကို နှစ်သက်ပါတယ်"လို့ မေတ္တာရှေ့ထားပြီး ဖြေကြားတော်မူပါတယ်တဲ့။

ဒီအခါ ဘာရဒွါဇပုဏ္ဏားဟာ ဘုရားရှင်ရဲ့စကားတော်ကို ကြားရတဲ့အတွက် ဒေါသတွေပြေပြီး ဘုရားရှင်အား ကြည်ညိုမှုများဖြစ်ပေါ်လာပါတယ်။ အဲဒီနောက် ရဟန်းပြုပါတယ်။ ရဟန်းတရားကြိုးစားအားထုတ်တဲ့အခါ ရဟန္တာဖြစ်သွားခဲ့ရပါတယ်။

---

[၂၄] မနုဿာနီသည် ပုဏ္ဏားများ၏ရှေ့၌ပင် ဘုရားရှင်အား ရည်စူးလက်အုပ်ချီကာ ဘုရားဂုဏ်တော်များကို ရွတ်ဆိုနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဘာရဒွါဇရဲ့ညီများဖြစ်ကြတဲ့ အက္ကောသဘာရဒွါဇ၊ သုန္ဒရိကဘာရဒွါဇနဲ့ ဗိလင်္ဂိကဘာရဒွါဇ တို့လဲ ဒေါသထွက်ခဲ့ကြပြီး အစဉ်အတိုင်း ဘုရားရှင်အား သွားရောက်၍ ဆဲဆိုမေးမြန်းခဲ့ကြပါတယ်။ သူတို့လဲဘုရားရှင်ရဲ့တရားတော်ကို အစဉ်အတိုင်းနာကြားခဲ့ကြရကာ အစဉ်အတိုင်း ရဟန်းပြုခဲ့ကြပြီး အစဉ်အတိုင်း ရဟန္တာများ ဖြစ်ခဲ့ကြရပြန်ပါတယ်။

ဒီဝတ္ထုကြောင်းကို ကြည့်မယ်ဆိုရင် ဘာရဒွါဇပုဏ္ဏားလေးဦး ရဟန္တာဖြစ်ပြီး သံသရာဘေး ဆိုးကြီးက ကင်းလွတ်သွားခဲ့ရတာဟာ ဓနဉ္စာနီရဲ့ "ရတနာသုံးပါး အားထားကိုးကွယ် ဆည်းကပ် ပွားများခဲ့မှု" က အထောက်အကူပြုလိုက်တယ်ဆိုတာ သိသာထင်ရှားလှပါတော့တယ်။

www.dhammaransi.com

# ❝ဘုရားရှင်၏ ရုပ်အဆင်းတော်❞

ဘုရားရှင်လက်ထက်တော်က ဘုရားရှင်ရဲ့ ရုပ်တု, ဆင်းတု ပန်းပုတွေဟာ မရှိခဲ့ပါဘူးတဲ့။ ဘယ်လိုပုဂ္ဂိုလ်မျိုးမှလဲ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ရဲ့ ရုပ်ဆင်းသဏ္ဍာန်တော်ကို လိုက်မှီအောင် မထုလုပ် မသွန်းလုပ်နိုင်ခဲ့ကြပါဘူးတဲ့။ ဒါ့အပြင် ဘုရားရှင်ကလဲ ခွင့်ပြုတော်မမူခဲ့တဲ့အတွက် ဘုရားရှင်ရဲ့ ရုပ်ဆင်းတော်ပုံသဏ္ဍာန် ထုလုပ်ခြင်း မရှိကြဘဲ၊ ဗုဒ္ဓဘုရားရှင်ရဲ့ ဓမ္မစကြာတရားတော် အထိမ်းအမှတ် သင်္ကေတအမှတ်အသား ရုပ်ပုံများလောက်သာ ထုလုပ်ကိုးကွယ်ခဲ့ကြပါတယ်တဲ့။

နောင် ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နှစ်ပေါင်းတစ်ထောင်လောက် ကြာတော့မှ ကျောက်ဆစ်အတတ်မှာ ကျွမ်းကျင်တဲ့ယောနကတိုင်းသားယွန်းလူမျိုးများက ထုလုပ်ကိုးကွယ်ခဲ့ကြတဲ့ အတွက်၊ ယနေ့ခေတ် တွေ့မြင်ဖူးမြော်နေကြရတဲ့ ဗုဒ္ဓရုပ်ပွားတော်ဆိုတာတွေ အဆက်ဆက်ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါတော့တယ်တဲ့။

အမှန်စင်စစ် ဘုရားရှင်ရဲ့ ရုပ်အဆင်းတော်ဟာ ဒီနေ့ ဖူးမြင်နေရတဲ့ ရုပ်ပွားဆင်းတုတော်တွေထက် အဆအရာ, အဆအထောင်မက သာလွန်ပြီး သပ္ပာယ် ကြည်ညိုဖွယ် ဖြစ်မှာအမှန်ပါဘဲ။ ဘုရားရှင်ရဲ့အဆင်းတော်ကို စိတ်ကူးနဲ့မှန်းပြီး ကြည်ညိုကြည့်ကြပါစို့။

ဘုရားရှင်ဟာ အသမ္မိန္ဒစိတ္တိယအမျိုးဖြစ်လို့ အမျိုးအားဖြင့်မြင့်မြတ်တယ်။ ပြီးတော့ ဘုရားအလောင်းပဋိသန္ဓေတည်နေတဲ့အချိန်မှာ မယ်တော်မဟာမာယာဒေဝီကလဲ ရှစ်ပါးသီလ ဥပုသ်ကိုစောင့်သုံးလျက်ရှိကာ စိတ်ထားဖြူစင် ကြည်လင်လျက်ရှိနေတယ်။ ဘုရားအလောင်းဟာ တုသိတာနတ်ပြည်-သေတကေတုနတ်သားဘဝမှ စုတေကာနီးအချိန်မှာ ဝေနေယျသတ္တဝါများအပေါ် မေတ္တာပွားများလျက် ရှိပြီး စိတ်ထားတည်ကြည်လျက်ရှိခဲ့တယ်။ အဲဒီလို ကာမာဝစရ ပဋိသန္ဓေစိတ်တို့တွင် အကောင်းဆုံးဖြစ်တဲ့စိတ်နဲ့မယ်တော်ဝမ်းမှာ စွဲပိုက်သန္ဓေ တည်နေခဲ့ရခြင်း ဖြစ်တော်မူခဲ့ရပါတယ်။

ဒါ့အပြင် ဘဝပေါင်း များစွာက ဖြည့်ဆည်းလာခဲ့တဲ့ ပါရမီတော်များကလဲ နောက်ဆုံးအကျိုးပေးရမယ့်ဘဝ ဖြစ်ခဲ့တဲ့အတွက်ကြောင့် ဘုရားရှင်ရဲ့ ရုပ်အဆင်းတော်ဟာ ကမ္ဘာပေါ်မှာ အသာဆုံး အလှပဆုံး အချောဆုံးအဖြစ် မွေးဖွားလာခဲ့ရပါတော့တယ်။ အပြစ်ဆိုလို့ စိုးစဉ်းမျှမရှိဘဲ ကြည်ညိုသပ္ပာယ်ဖွယ်ရာတွေချည်း ဖြစ်ခဲ့ရပါတော့တယ်။

ဘုရားရှင်ရဲ့ ၃၂-ပါးသော လက္ခဏာတော်တို့ဟာ လူအဖြစ်နဲ့နေရင် စကြဝတေးမင်း ဖြစ်မယ်။ တောထွက် ရဟန်းပြုလျှင် သဗ္ဗညုတစ်စစ် ဗုဒ္ဓဘုရားရှင်ဖြစ်မယ့် အထုံပါရမီများ ပါရှိလာခဲ့ရပါတော့တယ်။ ဘုရားရှင်လက်ထက်က ဝက္ကလိဆိုတဲ့ ပုဏ္ဏားလုလင်တစ်ယောက်ဟာ ဘုရားရှင်ဆွမ်းခံကြွရာလမ်းတစ်လျှောက် တကောက်ကောက်လိုက်ပါခဲ့ပြီး၊ ဘုရားရှင်ရဲ့အသရေတော်ကို ကြည်ညိုလို့မဝ ရှုလို့မဆုံးနိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဘုရားရှင်အား အမြဲတမ်း ဖူးတွေ့နေချင်လှတဲ့အတွက် ရဟန်းပြုကာ ဘုရားအပါးက မခွာရက်နိုင်အောင်ဘဲ ဖြစ်ခဲ့ရပါတယ်တဲ့။

www.dhammaransi.com



တစ်ခါက မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ တရားဟောတော်မူစဉ်အခါ ဘိက္ခုနီမလေးတစ်ဦးဟာ ဘုရားရှင်ရဲ့ မျက်နှာတော်ကို တစိမ့်စိမ့်ကြည့်ပြီး ဖူးလို့မဝ, ကြည့်လို့ မဝနိုင်အောင် ဖြစ်ခဲ့ရပါတယ်တဲ့။ သူဟာ ရှေးဘဝများကိုပြန်မြင်တဲ့ ဇာတိဿရဉာဏ်ရလို့ ပြန်ကြည့်တဲ့အခါ ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဖြစ်ခဲ့စဉ်က ရန်ငြိုးကြီးခဲ့ဖူးတဲ့ သုဘဒ္ဒါမိဖုရားဖြစ်ခဲ့ဖူးတာကို ပြန်မြင်ရလို့ ယူကျုံးမရဖြစ်ကာ ငိုကြွေးခဲ့ရရှာပါသေးသတဲ့။

ဘုရားရှင်ရဲ့ ရုပ်ဆင်းအင်္ဂါလက္ခဏာတော်ဟာ ဖူးတွေ့ရသူတိုင်း ကြည်ညိုမှုတွေတိုးပွားပြီး သဒ္ဓါတရားထက်သန်လာခဲ့ကြရတာချည်းပင် ဖြစ်ခဲ့ရပါတယ်တဲ့။ ဒါကို အမြင်တိုတဲ့ပုဏ္ဏားတွေက "ဂေါတမဟာ သူ့ဆီရောက်လာတဲ့သူကို မခွဲမခွာရက် စွဲမက်သွားအောင် လှည့်စားပြုစားနိုင်တဲ့ အတတ် (အာဝဋ္ဋနီမာယာ)ရှိတယ်"လို့ မဟုတ်မတရား ဝါဒဖြန့်ခဲ့ကြပါသေးတယ်တဲ့။

"ခမည်းဘော် သုဒ္ဓေါဒနမင်းကြီးက တောထွက်ပြီးဘုရားဖြစ်သွားတဲ့ သူ့သားကြီးကို နေပြည်တော်သို့ပင့်ဆောင်ဖို့ လူတစ်သောင်းနဲ့ဆယ်ယောက်ကို ဆယ်သုတ်ခွဲပြီး စေလွှတ်လိုက်တာ အားလုံးပြန်မလာကြတော့ဘဲ ရဟန်းပြုကုန်ကြသတဲ့။ ဘုရားနဲ့တွေ့ရင် အိမ်ကဇနီးသားမယားကိုတောင် သတိမရနိုင်ကြတော့ဘူးတဲ့"လို့ သတင်းဖြစ်ခဲ့ကြပါသေးတယ်တဲ့။

အမှန်စင်စစ် ဘုရားရှင်ဟာ လွန်စွာကြည်ညိုဖွယ်ကောင်းလှတဲ့ ရုပ်အဆင်းတော်လဲ ရှိတယ်။ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ အသံတော်လဲ ရှိတယ်။ ဝေနေယျသတ္တဝါတို့ရဲ့ကောင်းကျိုးအတွက် မှန်ကန်တဲ့

www.dhammaransi.com



တရားဓမ္မတွေကို ထင်လင်းသိသာအောင် ဟောပြောချေချွတ်နိုင်စွမ်းလဲရှိတဲ့အတွက် ဘုရားအထံတော်သို့ရောက်ရှိလာကြသူ အများအပြားဟာ အကျွတ်တရားရရှိကုန်ကြပြီး ချမ်းသာအေးမြတဲ့"ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်" မှာ ခိုဝင်လဲလျောင်းခဲ့ကြခြင်းသာ ဖြစ်ကြပါတော့တယ်။

## ဘုရားရှင် နှင့် ဗြဟ္မာယု

ဘုရားရှင်လက်ထက်တော်က ဗြဟ္မာယုလို့ အမည်ရှိတဲ့ ထိပ်တန်းအတတ်ပညာရှင် သုခမိန်ကြီးတစ်ဦးရှိခဲ့ဖူးပါတယ်။ သူဟာ မိဓိလာပြည်သားဖြစ်ပြီး၊ အသက်တစ်ရာ့နှစ်ဆယ်အရွယ် ရှိခဲ့ပါတယ်။

ဗြဟ္မာယုသုခမိန်ကြီးဟာ လောကီကျမ်းပေါင်းများစွာကို တစ်ဘက်ကမ်းခတ်တတ်မြောက်ထားသူဖြစ်ပါတယ်။ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာကို ဖတ်နိုင်တဲ့ မဟာပုရိသလက္ခဏာ ကျမ်းကြီးကို ထိပ်တန်းရောက်တောင် တတ်မြောက်ထားတဲ့ သုခမိန်ပညာရှိကြီးတစ်ဦးလဲ ဖြစ်ခဲ့ပါတယ်။

တစ်နေ့မှာ ဘုရားရှင်နဲ့ နောက်ပါသံဃာတော်များ ဝိဒေဟတိုင်းအတွင်း ဒေသစာရီလှည့်လည်လာတော်မူတယ်ဆိုတဲ့သတင်း, ဘုရားရှင်ရဲ့ဂုဏ်ဘော် ကျေးဇူးတော်များကို အတောမသတ် ပြောဆိုခဲ့ကြတဲ့ သတင်းတွေကို ကြားသိရတဲ့အခါ ဗြဟ္မာယုသုခမိန်ကြီးဟာ ကြားရတဲ့သတင်းအတိုင်း ဟုတ်, မဟုတ် မှန်,မမှန်ဆိုတာကို စုံစမ်းလိုတဲ့စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါတယ်။

---

[၂၅] ဗြဟ္မာယုသုခမိန်ကြီးက ဥတ္တရလုလင်အား ဘုရားရှင်၏ မဟာပုရိသလက္ခဏာနှုားကို စုံစမ်းရန် ညွှန်ကြားနေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါကြောင့် ဗြဟ္မာယုသုခမိန်ကြီးဟာ သူ့တပည့်ဖြစ်တဲ့ ဥတ္တရလုလင်ကို ခေါ်ပြီး "ချစ်သား ဥတ္တရ၊ ရဟန်းဂေါတမထံချဉ်းကပ်ပြီး ကျော်စောတဲ့သတင်းအတိုင်း မှန်သလား၊ မမှန်ဘူးလားဆိုတာ စုံစမ်းချေပါလော့"လို့ ပြောကြားခဲ့ပါတယ်။

ဒီအခါ ဥတ္တရလုလင်က "ကျွန်ုပ်မည်ကဲ့သို့ စုံစမ်းရမှာလဲ ဆရာကြီး"လို့ ပြန်မေးတဲ့အခါ၊ သုခမိန်ကြီးက "ချစ်သားဥတ္တရ၊ ငါတို့ရဲ့ဝေဒကျမ်းများမှာ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာ သုံးဆယ့်နှစ်ပါးရှိတယ်ဆိုတာ သင်သိတယ်မဟုတ်လား။ အဲဒီလို သုံးဆယ့်နှစ်ပါးရှိတဲ့လက္ခဏာတော်နဲ့ ပြည့်စုံတဲ့ ယောကျ်ားမြတ်ဟာ အထွတ်အထိပ် ၂-မျိုးသာ ဖြစ်နိုင်ကောင်းတယ်။ တစ်မျိုးက လူ့လောကမှာ နေရင် စကြဝတေးမင်းဖြစ်မယ်။ တစ်မျိုးက ရဟန်းဖြစ်လျှင် ဗုဒ္ဓဘုရားရှင် ဧကန်ဧင်ဧစ် ဖြစ်မယ်။ သင်လဲ ဝေဒကျမ်းများကို ကောင်းစွာ တတ်ထားပြီးပြီဘဲ။ မဟာပုရိသ လက္ခဏာကျမ်းအရ စုံစမ်းခဲ့ပါလော့"လို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

အဲဒီအခါ ဥတ္တရလုလင်က "ကောင်းပါပြီဆရာကြီး"လို့ဆိုပြီး ဘုရားရှင်ထံတော်သို့သွားရောက်ပါတယ်။ ဘုရားရှင်ထံတော်သို့ ရောက်ရှိတဲ့အခါ ဝမ်းမြောက်ဖွယ်ရာစကားတို့ကို ပြောဆိုကာ နေရာတစ်နေရာမှာ ထိုင်နေပါတယ်။ အဲဒီလို ထိုင်နေပြီး ဘုရားရှင်ရဲ့ကိုယ်တော်မှ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာသုံးဆယ့်နှစ်ပါးတို့ကို ကြည့်ရှုရှာဖွေခဲ့ပါတယ်။ သူ့ရဲ့ မျက်မြင်အရ ယောကျ်ားမြတ်လက္ခဏာ

အပါးသုံးဆယ်ကိုသာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ကျန်လက္ခဏာနှစ်ပါးကိုတော့ ဖုံးကွယ်နေတဲ့အတွက် မတွေ့မြင်နိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် အမျိုးမျိုးသံသယဖြစ်လျက် ရှိခဲ့ပါတယ်။

ဒီအခါ ဘုရားရှင်က ဥတ္တရလုလင်ရဲ့သံသယဖြစ်ပုံကို သိရှိတော်မူတဲ့အတွက် အိမ်ဖြင့်ဖုံးလွှမ်းထားတဲ့ ပုရိသနိမိတ်ကို ဥတ္တရလုလင်မြင်သာအောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းပြတော်မူခဲ့ပါတယ်။လျှာတော်ကိုလဲ ထုတ်ပြတော်မူပြီး နားတွင်းနှစ်ဘက်တို့ကို အပြန်အလှန် သုံးသပ်ပြတော်မူပါတယ်။ နှာခေါင်းနှစ်ပေါက်ကိုလဲ အပြန်အလှန် သုံးသပ်ပြတော်မူပါတယ်။ နဖူးပြင်အားလုံးကိုလဲ လျှာဖြင့် ဖုံးအုပ်ပြတော်မူခဲ့ပါတယ်။

ဒီအခါ ဥတ္တရလုလင်က "ရဟန်းဂေါတမဟာ ယောကျ်ားမြတ်လက္ခဏာ သုံးဆယ့်နှစ်ပါးနဲ့ ပြည့်စုံတော်မူပါပေတယ်။ ငါဟာ ရဟန်းဂေါတမကြွသွားရာနောက်သို့ လိုက်ပါခဲ့ရင် ရဟန်းဂေါတမရဲ့ရပ်ပုံ, ထိုင်ပုံ, လျှောင်းပုံ, သွားပုံအလုံးစုံတို့ကို မြင်ရပေမှာဘဲ" လို့ အကြံဖြစ်ပြီး ခုနစ်လလုံးလုံး ဘုရားရှင်ကြွတော်မူရာနောက်သို့လိုက်ပါကာ ဘုရားရှင်အား အကဲခတ်လေ့လာခဲ့ပါတယ်။

အဲဒီနောက် သူ့ဆရာဗြဟ္မာယုသုခမိန်ရှိရာ နေရာသို့ပြန်လာခဲ့ပြီး "ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ကျော်စောတဲ့ ဂုဏ်သတင်းအတိုင်း မှန်ပါပေတယ်။ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော် သုံးဆယ့်နှစ်ပါးနှင့်လဲ ပြည့်စုံတော်မူပါပေတယ်"ဆိုတဲ့အကြောင်းကို အောက်ဖော်ပြပါအတိုင်း လက္ခဏာတော်တို့ကို ရေတွက်ပြကာ ပြောကြားခဲ့ပါတယ်။

www.dhammaransi.com



## "ဘုရားရှင်၏ လက္ခဏာတော် ၃၂-ပါး"

ဘုရားရှင်ဟာ....

၁။ မြေ၌ ခြေထောက်နင်းတဲ့အခါ ကောင်းစွာ တည်ရှိပြီး ညီညွတ်တဲ့ ဖဝါးတော်ရှိပါတယ်။

၂။ ဖဝါးတော်နှစ်ဘက်ရဲ့အပြင်မှာ အကန့်အကွက်ပေါင်း တစ်ထောင်၊ ပုံတောင်း အချက်အချာနဲ့တကွ တရာ့ရှစ်ကွက် စက်လက္ခဏာများ ပါရှိပါတယ်။

၃။ ဖနောင့်တော်ကလဲ ရှည်ပါတယ်။

၄။ လက်ချောင်းတော်၊ ခြေချောင်းတော်တို့ကလဲ ရှည်ပြီး သွယ်ပါတယ်။

၅။ လက်ဖဝါးတော်နဲ့ ခြေဖဝါးတော်များဟာ နူးညံ့လှပါတယ်။

၆။ လက်မတော်ကလွဲလို့ ကျန်တဲ့ခြေချောင်းတော် လက်ချောင်းတော်တွေဟာ အတိုအရှည်တူညီကြပါတယ်။ ပွတ်လုံးထောင်ထားသလို ညီညာလှပနေကြပါတယ်။

၇။ ခြေမျက်စိကလဲ ခြေဖမိုးအထက် လက်နှစ်သစ်လောက် မြင့်တက်နေပါတယ်။

www.dhammaransi.com



၈။ ခြေသလုံးတော်ကလဲ အသားပြည့်ဖြိုးပြီး လွန်စွာသပ္ပါယ်လှပါတယ်။

၉။ အလုံးအရပ်တော်ကလဲ အထက်ပိုင်း အောက်ပိုင်း အချိုးအဆက်ကျကျ ညီညီမျှမျှရှိပြီး ကိုယ်ကို မကိုင်းညွတ်ဘဲနဲ့ ဒူးတော်နှစ်ဘက်ကို လက်ဝါးနှစ်ဘက်နဲ့ ဆုပ်နယ်နိုင်ပါတယ်။

၁၀။ ဆဒ္ဒန်ဆင်မင်းပမာ အိမ်ဖြင့်ဖုံးလွှမ်းတဲ့ ယောကျ်ားမြတ်တို့ရဲ့ နိမိတ်တော်လဲ ရှိတော်မူပါတယ်။

၁၁။ သိင်္ဂနိက်ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ အသားအရေတော် ရှိပါတယ်။

၁၂။ အသားအရေမှာ အညစ်အကြေး လုံးဝမကပ်ငြိဘဲ ရှိပါတယ်။

၁၃။ မွေညင်းတစ်ပေါက်စီမှာ မွေးညင်းတစ်ပင်စီသာ ပေါက်ပါတယ်။

၁၄။ မွေးညင်းတော်အားလုံးဟာ ညိုရောင်ရှိပြီး အဖျားကော့တက်နေကြပါတယ်။

၁၅။ ခန္ဓာကိုယ်ဟာ ဖြောင့်မတ်ပြီးနေတော်မူပါတယ်။

၁၆။ ခြေဖမိုးခတော်နှစ်ဘက်၊ လက်ဖမိုးတော်နှစ်ဘက်၊ ပခုံးတော်နှစ်ဘက်နဲ့ လည်ကုပ်တော် ခုနစ်နေရာလုံး ပြည့်ဖြိုးပြီး သပ္ပါယ် တင့်တယ်နေပါတယ်။

၁၇။ ခြင်္သေ့မင်းရဲ့ ရှေ့ပိုင်းကိုယ်ဟန်လို ကိုယ်ခန္ဓာဟာ ပြည့်ဖြိုးလျက်ရှိပါတယ်။

www.dhammaransi.com



၁၈။ ခါးတော်မှစပြီး အထက်လည်ကုပ်တော်တိုင် ရေစီးကြောင်း အကြားမထင်ဘဲ ဖြည့်ဖြိုး လျက်ရှိပါတယ်။

၁၉။ အရပ်တော်နဲ့ အလံတော်ဟာ လေးတောင်ခန့်စီ လုံးဝန်းညီမျှလျက်ရှိပါတယ်။

၂၀။ ညီညွတ်ပြီး လုံးတဲ့ လည်တိုင်လဲ ရှိပါတယ်။

၂၁။ နှမ်းလုံးခန့်မျှ နည်းပါးလှတဲ့ အရသာကိုပင် တစ်ကိုယ်လုံး ပျံ့နှံ့အောင် သယ်ဆောင် နိုင်တဲ့ အကြောပေါင်းတစ်ထောင်တို့ဟာ အဖျားချင်းအပ်ပြီး လည်မှာ စွပ်ထားလျက် ရှိကြပါတယ်။

၂၂။ မေးတော်ကလဲ ခြင်္သေ့မင်းရဲ့မေးလို ပြုံးယောင်သန်းနေပါတယ်။

၂၃။ သွားတော်ချောင်းရေ ၄၀-ရှိပါတယ်။

၂၄။ သွားတော်တွေဟာ ညီညာလှပနေပါတယ်။

၂၅။ ရွှေလုံးကလေးများစီထားသလို သွားတော်တွေဟာ မစေ့မကွာရှိကြပါတယ်။

၂၆။ သောက်ရှူးကြယ်ပမာ အရောင်လက်နေကြတဲ့ စွယ်တော် ၄-ဆူလဲ ရှိပါတယ်။

၂၇။ ရှည်လျားနူးညံ့ပြီး ပြန့်ကျယ်လှဲ့ လျှာတော်လဲ ရှိတော်မူပါတယ်။

www.dhammaransi.com



၂၈။ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ အသံတော်လဲ ရှိပါပေတယ်။

၂၉။ ညိုကြည်တဲ့ မျက်လုံးတော်လဲ ရှိတော်မူပါတယ်။

၃၀။ ဖွားသစ်စ နွားငယ်ရဲ့မျက်မွေးပမာ အလွန်နူးညံ့ပျိုနုတဲ့ မျက်မွေးတော်လဲ ရှိပါတယ်။

၃၁။ မျက်ခုံးတော် နှစ်ခုအကြား အလယ်တည့်တည့်မှာ ဥဏ္ဏာလုံ မွေးရှင်တော်လဲ ရှိတော်မူပါတယ်။

၃၂။ နဖူးတော်မှာ ပင်ကိုယ်အားဖြင့် ရွှေပြားကပ်ထားသလို သင်းကျစ်တော် အသားလဲ ရှိတော်မူပါတယ်။

အဲဒီလို ဘုရားရှင်ရဲ့ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်များကို ဥတ္တရလုလင်က သေသေချာချာ ရေတွက်တင်ပြခဲ့ပါတယ်။ ဒါလောက်ဆိုရင် ဘုရားရှင်ရဲ့အဆင်းတော်နဲ့ပတ်သက်ပြီး အတော်အတန် ခန့်မှန်းကြည်ညိုလို့ ရနိုင်လောက်ပြီ ထင်ပါတယ်။ ဥတ္တရ လုလင်က ဗြဟ္မာယုသုခမိန်ကြီးအား ဘုရားရှင်ရဲ့ ကြွသွားတော်မူပုံ၊ ထိုင်တော်မူပုံ၊ ဆွမ်းဘုဉ်းပေးတော်မူပုံ၊ တရားဟောတော်မူပုံစတဲ့ ကြည်ညိုစဖွယ် အကြောင်းအရာတွေကိုလဲ ဆက်လက် လျှောက်ထားခဲ့ပါသေးတယ်။

ဗြဟ္မာယုသုခမိန်ကြီးဟာ ဥတ္တရလုလင်ပြောပြတဲ့ ကြည်ညိုနှစ်သက်စဖွယ် စကားများကို အာရုံစူးစိုက်ကာ ကြားနာရပြီး ဘုရားရှင်အား ကြည်ညိုသဒ္ဓါစိတ်တွေ ယိုဖိတ်လျှက် နေရာမှ ထပြီးလျှင်

www.dhammaransi.com



ကိုယ်ရုံလွှာကို ဝဲဘက် ပခုံးထက်မှာ စံပယ်တင်လျက် မြတ်ဗုဒ္ဓရှိရာ အရပ်သို့ လက်အုပ်ချီကာ.... "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ရယ်လို့ သုံးကြိမ် သုံးခါ ရွတ်ဆိုပြီး ရှိခိုးခဲ့ပါတယ်။

ဗြဟ္မာယု သုခမိန်ကြီးဟာ ဘုရားရှင် မိဓိလာပြည်သို့ ကြွချီလာစဉ်မှာ ကိုယ်တိုင် ကိုယ်ကျ ဖူးတွေ့ခွင့်ရရှိခဲ့ပြီး တရားတော်ကိုလဲ ရိုသေစွာ နာကြားခဲ့ရပါတယ်။ ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်မှုဖြင့် ဆည်းကပ်ကိုးကွယ်ခဲ့ရပြီး တရားမှန်ကိုလဲ ကျင့်ကြံအားထုတ်ခဲ့ရတဲ့အတွက် သောတာပန် တည်ခဲ့ရပါတယ်။ မကြာမီ သေလွန်သွားတဲ့အခါ ဗြဟ္မာ့ဘုံသို့ရောက်ရှိပြီး ဗြဟ္မာ့ဘုံမှာဘဲ ပရိနိဗ္ဗာန် ဝင်စံရမှာ ဖြစ်ပါတယ်။

[၂၆] ဗြဟ္မာယုသုခမိန်ကြီးက ဘုရားရှင်၏ခြေတော်ကို ဦးတိုက်ရှိခိုးနေပုံ။

www.dhammaransi.com



www.dhammaransi.com

## "တရားဂုဏ်တော် ပွားကြစို့"

ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်များရဲ့ ဂုဏ်တော်များကို ကြိမ်ဖန် များစွာ အထပ်ထပ်အောက်မေ့ သတိရပြီး ရှုမှတ်ပွားများနေတာဟာ "တရားဂုဏ်တော်ကိုပွားများနေတာ" ဖြစ်ပါတယ်။ ပါဠိလိုဆိုတော့ "ဓမ္မာနုဿတိဘာဝနာ"လို့ ခေါ်ပါတယ်။

တရားတော်ရဲ့ဂုဏ်တော်များကတော့ ၆-ပါး ရှိပါတယ်။

၁။ "ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်များဟာ ကိလေသာငြိမ်းကြောင်း ကောင်းမြတ်မှန်ကန်လှပါပေတယ်"လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "သွာက္ခာတဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

၂။ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်များဟာ ကျင့်ကြံကြသူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ ကောင်းစွာကိုယ်တိုင် တွေ့မြင်နိုင်ပါပေတယ်"လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ "သန္ဒိဋ္ဌိကဂုဏ်တော်"ကို ပွားများတာ ဖြစ်ပါတယ်။

၃။ “ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်များဟာ အခါမလင့် အကျိုးပေးတော်မူတတ်ပါပေတယ်” လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ “အကာလိကဂုဏ်တော်” ကို ပွားများတာ ဖြစ်ပါတယ်။

၄။ “ဘုရားရှင်ဟောကြားတော်မူတဲ့တရားတော်များဟာ ကျင့်ကြံအားထုတ်ကြရန်ဖိတ်မန်ထိုက်လှပါပေတယ်”လို့ အထပ်ထပ်အောက်မေ့ပါ။ပွားများပါ။ ဒါဟာ “ဧဟိပဿိကဂုဏ်တော်”ကို ပွားများတာ ဖြစ်ပါတယ်။

၅။ “ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်များဟာ မိမိစိတ်သန္တာန်၌ တည်အောင်ကျင့်ဆောင်ထိုက်လှပါပေတယ်” လို့ အထပ်ထပ်အောက်မေ့ပါ။ ပွားများပါ။ဒါဟာ “ဩပနေယျိကဂုဏ်တော်” ကို ပွားများနေတာ ဖြစ်ပါတယ်။

၆။ “ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်များဟာ တရားမြင်သိ ပညာရှိရှစ်ပါး အရိယာများသာလျှင် သိမြင်ခံစားအပ်ပါပေတယ်” လို့ အထပ်ထပ် အောက်မေ့ပါ။ ပွားများပါ။ ဒါဟာ “ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်” ကို ပွားများနေတာဖြစ်ပါတယ်။

www.dhammaransi.com

# တရားဂုဏ်တော် ၆-ပါး ပါဠိတော်

သွာက္ခာတော ဘဂဝတာဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ၁။ သွာက္ခာတဂုဏ်တော်

ဘဂဝတာ၊ မြတ်စွာဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်းစွာ ဟောတော်မူအပ်ပါပေ၏။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ဟောပြသလောက် ကျင့်တိုင်းပေါက်၍ မဂ်ရောက်ဖိုလ်ထိ ပညာရှိသည့် မျှားအရိယာ သူတော်စွာတို့ သူတကာပြော ယုံကြည်သောကြောင့် သဒ္ဓါဘာချင်းထပ် မဆည်းကပ်ဘဲ တပ်အပ်ထင်ထင် ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

www.dhammaransi.com



## ၃။ အကာလိကဂုဏ်တော်

ဓမ္မော၊ သောတာပတ္တိ စသည့်ဆင့်တက် လေးချက်အပြား မဂ်တရားသည်။ အကာလိကော၊ ငါးရက် ခုနစ်ရက် စသည်တက်၍ ငံ့လျက်ရှည်ဝေး အကျိုးပေးရ အခါမငံ့ အခြားမဲ့ဖိုလ် အကျိုးကိုလည်း ပေးတော်မူတတ်ပါပေ၏။

## ၄။ ဧဟိပဿိကဂုဏ်တော်

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်သည်။ ဧဟိပဿိကော၊ ဝေဟာတက် ထွန်း ယုဂန်စွန်း၌ လဝန်းအလား ပတ္တမြားသဖွယ် စင်ကြယ်ထင်ရှား ရှိသည်များကြောင့် အားရ ရွှင်လန်း လိုက်ခဲ့စမ်းပါ ရှုစမ်းပါဟု သံသာချိုမြ ဖိတ်ခေါ်ပြဖို့ မုချကေန် အမှန်သင့်လျော် ထိုက်တန်တော်မူပါပေ၏။

## ၅။ ဩပနေယျိကဂုဏ်တော်

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်သည်။ ဩပနေယျိကော၊ မိမိစိတ်တွင် ဟာစ်ကြိမ်ထင်က လေးခွင်အပါယ် ဝဋ်မီးကွယ်သဖြင့် ကိုယ်ဝယ်ဝတ်နှောင် ဆံဉသျှောင်ကို မီးလောင် သော်ငြား မငြိမ်းအားဘဲ တရားမျက်ရှင် စိတ်ဇွဲထင်အောင် ကျင့်ဆောင်ခြင်းငှာထိုက်တော်မူပါပေ၏။

www.dhammaransi.com



## ၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်များကို။ ဝိညူဟိ၊ ပုထုဇဉ်နှင့် မတန်သင့်စွာ လေးသစ္စာကို ကောင်းစွာမြင်သိ ပညာရှိအပေါင်း အရိယာသူတော်ကောင်းတို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ကိုယ်စီကိုယ်င လိုတိုင်းရ၍ နိဗ္ဗာနခေတ် သမာပတ်ဖြင့် မပြတ်သိပိုင် ခံစားနိုင်ပါပေ၏။

ဤတွင် တရားဂုဏ်တော် ၆-ပါး ပွားများလို့ ပြီးပြည့်စုံသွားပါပြီ။

### တရားကိုမြင်မှ ဘုရားကိုမြင်

ဘုန်းတော်ရှင်က တရားကိုမြင်မှ ဘုရားကို မြင်တယ်ဆိုတဲ့အကြောင်းကို....

"ယော ဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော။

အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿမ္ပိ န ပဿတိ"

ယောပဏ္ဍိတော၊ သစ္စာမြင်ငြား အကြင်ချစ်သားသည်။ သဒ္ဓမ္မံ၊ သစ္စာလေးပါးမြတ်တရားကို။ ပဿတိ၊ ကောင်းစွာပိုင်ပိုင် သိမြင်နိုင်၏။ သောပဏ္ဍိတော၊ ထိုသစ္စာမြင်သိ ပညာရှိသည်။ မံ၊ ငါဘုရားမြတ်စွာ သင်တို့ဆရာကို။ ပဿတိ၊ ယူဇနာ(၁၀၀)ဝေးကွာသော်လဲ အမြဲမြင်သည် မည်၏။

ယောဗာလော၊ အကြင် သစ္စာမသိ လူဒိဋ္ဌိသည်။ သဒ္ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ အပဿမာနော၊ အဝိဇ္ဇာတိမ်လုံး ပိတ်ကာဖုံးသဖြင့် လုံးလုံးမထင် မသိမြင်။ သောဗာလော၊ ထိုသစ္စာ

မသိ လူငတိသည်။ မံ၊ ငါဘုရားကို။ ပဿမို၊ မျက်လုံးနှစ်ဘက်ဖြင့် တစ်သက်လုံး ထွက်အောင်ကြည့်သော်လည်း။ န ပဿတိ၊ ကောင်းစွာထင်ထင် မသိမြင်နိုင်ပါတကား။

ဒီဂါထာကတော့ ဘုရားရှင်က ဝက္ကလိရဟန်းကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့တဲ့ ဂါထာဖြစ်ပါတယ်။ ဘုရားရှင်က "တရားဓမ္မနဲ့ အညီ လိုက်နာနေထိုင်သူများ၊ ကျင့်ကြံပွားများ အားထုတ်သူများ၊ တရားကို ဦးတိုက်သူများကိုသာ အလိုရှိတော်မူကြောင်း" ထင်ရှားလှပါတယ်။

ဘုရားရှင်က "ရဟန်းတို့....တရားကိုသာ မှီခိုရာပြု၍ နေကြကုန်၊ တရားအမွေခံထိုက်သူသာ ဖြစ်ကြကုန်"ရယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

တရားဓမ္မဆိုတာကတော့ ပိဋကတ်သုံးပုံနှင့်တကွ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးသောတရားတော်မြတ်တို့ ဖြစ်ကြပါတယ်။

ဘုရားရှင်က "လောကမှာ ကြီးပွားလိုသူ, မြင့်မြတ်လိုသူတို့ဟာ သူတော်ကောင်းတရားကို အလေးအမြတ် မှီခိုရာပြု၍ နေကြရမယ်။ သူတော်ကောင်းတရားကို လက်ကိုင်ထားကြရမယ်" လို့ ညွှန်ပြတော်မူခဲ့ပါတယ်။

ဒါကြောင့် ဘုရားကိုကြည်ညိုလျှင်, ဘုရားကိုချစ်လျှင် ဘုရားရှင်ဟောကြားတော်မူတဲ့ တရားဓမ္မများအတိုင်း လိုက်နာနေထိုင်ကြမှ "ဘုရားရှင်အလိုတော်ကျ"ဖြစ်ကြရပါလိမ့်မယ်။

www.dhammaransi.com



ဘုရားရှင်က "ငါ့ရဲ့သင်္ကန်းစွန်းကိုကိုင်ဆွဲ၍ ထက်ကြပ်မကွာခြေရာနင်းလျက် ငါ့ရဲ့နောက်ပါးမှ လိုက်ပါငြားသော်လဲ အလိုရမ္မက်ကြီးသူ၊ ကာမဂုဏ်အာရုံတို့၌ တပ်မက်မှုအားကြီးသူ၊ စိတ်ဆိုးစိတ်ညစ် ရှိသူ၊ ဖျက်လိုဖျက်ဆီးစိတ်ရှိသူ၊ အမှတ်သတိလွတ်သူ၊ ဆင်ခြင်ဉာဏ်မရှိသူ၊ တည်ငြိမ်မှုမရှိသူ၊ ဣန္ဒြေ မရှိသူဖြစ်လျှင် ထိုသူဟာ ငါဘုရားနဲ့ဝေးသူမည်တယ်။ ငါဘုရားဟာလည်း ထိုသူနဲ့ဝေးသည်မည်တယ်။ ထိုသူဟာ တရားကိုမြင်တဲ့သူ မဟုတ်ဘူး။ တရားကိုမမြင်သူဟာ ငါဘုရားကိုလဲ မမြင်နိုင်ဘူး" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

## ဓမ္မာရာမ ရဟန်းတော်ကလေး


ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် တစ်နေ့မှာ "ချစ်သားတို့.... ယနေ့မှစ၍ လေးလလွန်မြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန်စံတော့မယ်" လို့ မိန့်ကြားတော်မူ ပါတယ်။

ဒီအခါ အနယ်နယ်အရပ်ရပ်တို့မှ ရဟန်းတော်များဟာ ဘုရားရှင်ထံစုရုံးလာကြပြီး၊ ဘုရား ရှင်ရဲ့အနားက မခွဲမခွာနေလာကြပါတယ်။ ပုထုဇဉ် ရဟန်းများကလဲ ငိုကြွေးကြပါတယ်။ အဲဒီ အချိန်မှာ ဓမ္မာရာမဆိုတဲ့ရဟန်းတစ်ပါးကတော့ ခေတ္တခဏသာ ငိုကြွေးပြီး၊ တစ်ပါးတည်း ဆိပ်ကွယ်ရာ နေရာမှာ သွားရောက်နေထိုင်ပါသတဲ့။ ဒီအခါ အခြားရဟန်းတော်များက "ဓမ္မာရာမဟာနေစိမ့်တယ်။

---

[၂၇] ဓမ္မာရာမရဟန်းငယ်အား ဘုရားရှင်ထံသို့ ဆွဲခေါ်ကြကာ တိုင်ကြားလျှောက်ထားနေကြပုံ။

www.dhammaransi.com



တခြားမှာခွဲခွာပြီးနေတယ်” ရယ်လို့ မကျေမနပ်ဖြစ်ကြပါသတဲ့။ ဒါနဲ့ အဲဒီရဟန်းများက ဓမ္မာရာမကို ဘုရားထံဆွဲခေါ်သွားကြပြီး“အရှင်ဘုရား၊ဓမ္မာရာမဟာ ဘုရားရှင်အပေါ်နည်းနည်းကလေးမျှချစ်ခင်မှု မရှိပါ၊ ဆိတ်ကွယ်ရာမှာ တစ်ပါးတည်းပုန်းအောင်းလို့သာ နေပါတယ်။ တပည့်တော်တို့ စည်းဝေး တိုင်ပင်ကြရာသို့ ဘယ်တော့မှ သူမလာပါဘူး” လို့ တိုင်ကြားလျှောက်ထားကြပါသတဲ့။

ဒီအခါ ဘုရားရှင်က “ရဟန်းများ ပြောကြားကြတဲ့အတိုင်း ဟုတ်မှန်ပါရဲ့လား ဓမ္မာရာမ”လို့ မေးတော်မူပါတယ်။ ဓမ္မာရာမက “မှန်ပါတယ်အရှင်ဘုရား”လို့ လျှောက်ထားတဲ့အခါ၊ ဘုရားရှင်က “ဘာကြောင့် ဒီလိုနေရတာလဲ”လို့ ထပ်မံပြီး အမေးရှိတော်မူပါတယ်။

ဒီအခါ ဓမ္မာရာမရဟန်းငယ်က “မှန်လှပါအရှင်မြတ်ဘုရား၊ အရှင်မြတ်စွာဘုရားဟာ နောင် လေးလရှိရင် ပရိနိဗ္ဗာန်စံတော့မယ်၊ တပည့်တော်မှာလဲ အာသဝေါမကုန်သေးလို့ ရဟန္တာမဖြစ်သေး၊ ဒီအတိုင်းနေလို့တော့ မဖြစ်ချေဘူး။ ဘုရားရှင် သက်တော်ထင်ရှား ရှိတုန်းမှာ သဒ္ဓါဝီရိယထားပြီး ကြိုးစားပါလျှင် အရဟတ္တဖိုလ်ဆုကြီးကို ရနိုင်မှာဘဲလို့ အောက်မေ့ဆင်ခြင်ပြီး ဘုရားရှင်ဟောကြား တော်မူတဲ့ တရားဓမ္မများကို နှလုံးသွင်းကာ ဆိတ်ငြိမ်ရာမှာ တရားအားထုတ်နေပါတယ်ဘုရား”လို့ လျှောက်ထားပါသတဲ့။

ဒီအခါ ဘုရားရှင်က “သာဓု” သုံးကြိမ်ခေါ်တော်မူပြီး၊ ရဟန်းများအား “ချစ်သားတို့.... ငါဘုရားအား ချစ်ခင်ကြတယ်ဆိုရင် ဓမ္မာရာမလိုကျင့်ကြံနေထိုင်ကြ၊ ပန်းနံ့သာစတဲ့ ပစ္စည်းလေးပါး

www.dhammaransi.com



နဲ့ ပူဇော်တာဟာ ငါဘုရားကို ချစ်မြတ်နိုးရာ၊ ပူဇော်ရာမရောက်ဘူး၊ လောကုတ္တရာတရားကိုးပါးဆိုတဲ့ ငါဘုရား အဆုံးအမအတိုင်း နှလုံးသွင်း နေ့ထိုင်အားထုတ်ကြမှသာလျှင် ငါဘုရားကို ချစ်မြတ်နိုးရာ၊ ပူဇော်ရာမည်တယ်''လို့ မိန့်ကြားတော်မူပါတယ်။

ဒါကြောင့် ဘုရားကိုချစ်ရင် တရားကိုလဲ ချစ်ရမယ်။ တရားတော်အတိုင်း လိုက်နာနေထိုင်ကြရပါမယ်။ တရားကိုပူဇော်ခြင်းဟာ ဘုရားကို ပူဇော်ခြင်းဖြစ်တဲ့အတွက်၊ ဘုရားကိုပူဇော်တဲ့အနေနဲ့ တရားကို ကျင့်ကြံပွားများ အားထုတ်ကြရပါလိမ့်မယ်။ ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ ခပ်သိမ်းသော အလှူတို့တွင် တရားအလှူဟာ အမြတ်ဆုံး''ဆိုတဲ့အတိုင်း အမြတ်ဆုံးသော တရားအလှူကြီးကို ပြုကြရပါလိမ့်မယ်။ ကျင့်ကြံပွားများ အားထုတ်ကြရပါလိမ့်မယ်။

ယခုလို ဘုရားသာသနာတွင်းခေတ်ကြီးမှာ တရားတော်ကို အလွယ်တကူ နာယူပွားများ၍ ကျင့်ကြံအားထားကြ၊ ပူဇော်နိုင်ကြရပါသော်လဲ ရှေးက သာသနာပ ခေတ်များမှာဆိုလျှင် တရားလေးတစ်ပုဒ် တစ်ဂါထာမျှကိုပင် နာကြားနိုင်ဖို့ဟာ လွန်စွာပင် ခဲယဉ်းလှပါတော့တယ်တဲ့။

### ဓမ္မသုဒ္ဓရဝတ္ထု သာဓကရှု

ရှေးက ကဿပမြတ်စွာဘုရားသာသနာ လွန်မြောက်ပြီးတဲ့နောက်၊ သာသနာပအချိန်အခါမှာ ဓမ္မသုဒ္ဓရဆိုတဲ့ မင်းတစ်ပါး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီမင်းဟာ ကဿပဘုရား ပရိနိဗ္ဗာန် စံလွန်

www.dhammaransi.com



တော်မူခဲ့တယ်ဆိုတဲ့အကြောင်းကို တစ်ဆင့်ပြောစကားနဲ့ ကြားခဲ့ရဖူးပါတယ်။ ဒါကြောင့် သူဟာ ဘုရားဟောကြားတဲ့တရားကို လွန်စွာ နာကြားလိုလှပါတယ်။ ဒါပေမယ့် အဲဒီအချိန်အခါက တရား ဟောပြနိုင်တဲ့ ဓမ္မကထိကပုဂ္ဂိုလ်ဆိုတာ မရှိသလောက် ရှားပါးလှပါတယ်တဲ့။

ဓမ္မသုဒ္ဓရမင်းကလဲ တစ်ယောက်တစ်လေ ပေါ်လိုပေါ်ငြား ဆိုပြီး သူ့ကို တရားတစ်ပုဒ်တစ်ဂါထာမျှဟောပြနိုင်သူရှိရင် တရားပူဇော်ခ ငွေ အသပြာ တစ်ထောင်လှူဒါန်းမယ်လို့ နေရာအနှံ့အပြား သို့ ကြေငြာစေခဲ့ပါတယ်။ ဒါပေမယ့် ပေါ်မလာခဲ့ပါဘူး။ အသပြာငွေကို တစ်ရက်တစ်ဆ တိုးတိုး ပေးပြီး ခုနစ်ရက်တိုင်တိုင် ကြေငြာစေခဲ့သော်လဲ တရားဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်ဆိုလို့ တစ်ယောက် တလေမျှ ပေါ်မလာခဲ့ပါဘူးတဲ့။

ဓမ္မသုဒ္ဓရဘုရင်လဲ တရားနာလိုလှတဲ့တောင့်တမှုအာသာဆန္ဒက ပြင်းပြလွန်းလှတာနဲ့ ထီးနန်းကို စွန့်ခွာပြီး၊ လောကတစ်ခွင်ကို လှည့်လည်ကာ တရားဟောပြနိုင်သူကို သူကိုယ်တိုင်ထွက်ပြီးရှာဖွေခဲ့ပါ တယ်။ အဲဒီအချိန်မှာ သိကြားမင်းရဲ့ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းလို့ သိကြားမင်းက လူ့ပြည်ကို ကြည့်တဲ့အခါ ဓမ္မသုဒ္ဓရမင်း တရားနာချင်လို့ရှာတာကို တွေ့မြင်သွားခဲ့ပါတယ်တဲ့။

ဒါနဲ့ သိကြားမင်းဟာ ဘုရင်ကိုစုံစမ်းလိုတဲ့အတွက် ဘီလူးယောင်ဆောင်ပြီး လာခဲ့ပါတယ်၊ ဓမ္မသုဒ္ဓရဘုရင်နဲ့တွေ့တဲ့အခါ "သူဟာ တရားနည်းနည်းပါးပါး ဟောကြားနိုင်ကြောင်း၊ သို့ပေမယ့်

---

[၂၈] တရားဂါထာတစ်ပုဒ်မျှ နာကြားရန်အတွက် ဘီလူးအစားခံရန် ဓမ္မသုဒ္ဓရမင်း, သဘောတူညီခဲ့ပုံ။

www.dhammaransi.com



www.dhammaransi.com



ယခုဆာနေသေးလို့ မဟောနိုင်သေးကြောင်း၊ သင့်အသားကို စားပြီးမှသာ ဟောနိုင်မယ်ဖြစ်ကြောင်း” တို့ကို ပြောကြားပါတယ်တဲ့။

ဒီအခါ ဓမ္မသုဒ္ဓရာဘုရင်က “ကျွန်ုပ်ရဲ့အသားကို သင်စားလို့ ကျွန်ုပ်သေသွားခဲ့ရင် ဘယ်လို လုပ်ပြီး တရားနာနိုင်တော့မလဲ။ သင် သဘောတူမယ်ဆိုလျှင် ကျွန်ုပ်က တောင်ကမ်းပါးပေါ်က ခုန်ချမယ်။ သင်က တောင်ကမ်းပါးအောက်က ပါးစပ်ကို ဟထားရင်း တရားဂါထာကို ဟောကြား ပါ”လို့ အကြံဉာဏ်ပေးပါတယ်။ သူ့ရဲ့အကြံကို ဘီလူးကလဲ သဘောတူညီလို့ တောင်ချောက်ကြီး တစ်ခုဆီ သွားကြပြီး၊ မူလ သဘောတူညီခဲ့တဲ့အတိုင်း ဘုရင်က တောင်ကမ်းပါးကြီးပေါ်မှ တကယ် ခုန်ချပါတယ်။ သိကြားမင်းလဲ ဘီလူးအသွင်ကိုဖျက်ကာ ဓမ္မသုဒ္ဓရာဘုရင်ကို အသာအယာ ဆီးကြို ပွေ့ယူထားလိုက်ရပါတယ်။

အဲဒီနောက် သိကြားမင်းက–

“အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။”

ဆိုတဲ့ဂါထာကိုရွတ်ဆိုပြီး တရားဂါထာ ဟောကြားခဲ့ပါတယ်။ ဒီဂါထာရဲ့အဓိပ္ပာယ်ကတော့- သင်္ခါရာ၊ အကြောင်းစီမံ နှစ်ဘန်နာမ်ရုပ် ခေတ်အနုပ်တို့သည်၊ ဝတ-ဧကန္တနှ၊ စင်စစ်မလွဲ

www.dhammaransi.com



အမြဲ ကေန် အမှန် မုချအားဖြင့်။ အနိစ္စာ၊ အရှည်ခိုင်ခံ့ တည်တံ့စွာမြဲခြင်းမရှိကြကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပြီး ပျက်မြဲ တကယ်မလွဲသော သဘောတရား ရှိကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ရန် အကြောင်းနှင့် ပေါင်းဆုံနီးကာ ခဏအသစ် ဖြစ်ပေါ်ကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ကြည့်ရှုရင်းပင် ချက်ချင်းတမုဟုတ် ချုပ်ပျောက် ပျက်စီး၍ သွားကြလေကုန်၏။ တေသံ၊ ဖောက်လွဲ ဖောက်ပြန် ဖြစ်ပျက်မြန်သော နာမ်ရုပ် နှစ်ပါး သင်္ခါရတရားတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန် သည်သာလျှင်။ သုခေါ၊ ဘေးရန်တွေ မခသန်းသဖြင့် အလွန်တရာ အေးချမ်း သာယာလှပါပေ၏ တကား။ ။

[သာဓု၊ သာဓု၊ သာဓု]

www.dhammaransi.com



## "သံဃာ့ဂုဏ်တော် ပွားကြစို့"

သံဃာ့ဂုဏ်တော်ကတော့ ကိုးပါး ရှိပါတယ်။ အဲဒီ ကိုးပါးရှိတဲ့ သံဃာ့ဂုဏ်တော်များကို ကြိမ်ဖန်ထပ်ထပ် အောက်မေ့တာ ပွားများတာဟာ သံဃာ့ဂုဏ်ကို ပွားများနေတာ ဖြစ်ပါတယ်။ ပါဠိလိုဆိုတော့ "သံဃာနုဿတိ ဘာဝနာ"လို့ ခေါ်ဆိုပါတယ်။

သံဃာတော်ဆိုတာကတော့ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်, ရှစ်ယောက်သော အရိယာသံဃာတော်များကို ရည်ညွှန်းပြောဆိုလိုရင်းပါဘဲ။ ယနေ့ သာသနာ့ဝန်ဆောင် သံဃာတော် အရှင်မြတ်များကတော့ သမ္မုတိသံဃာတော်များသာ ဖြစ်ကြတဲ့အတွက် အရိယာ သံဃာတော်များ ကိုယ်စား ရည်ရွယ် မှန်းထားပြီး ကိုးကွယ် ဆည်းကပ်နေကြရပါတော့တယ်။

ဘုရားရှင်ရဲ့ တပည့်သား သံဃာတော် အရှင်မြတ်တို့ဟာ....

၁။ ကိလေသာကင်းကြောင်း သီလ, သမာဓိ, ပညာ အကျင့်ကောင်းကို ကျင့်တော်မူကြပါပေတယ်။ (သုပ္ပဋိပန္နော)

၂။ ဖြောင့်မှန်သော အကျင့်ကို ကျင့်ဆောင်တော်မူကြပါပေတယ်။ (ဥဇုပ္ပဋိပန္နော)

www.dhammaransi.com



၃။ နိဗ္ဗာန်အကျိုးငှာ ကျင့်ဆောင်တော်မူကြပါပေတယ်။ (ဉာယပ္ပဋိပန္နော)

၄။ ရိုသေသမှု ပြုထိုက်အောင် ကျင့်ဆောင်တော်မူကြပါပေတယ်။ (သာမီစိပ္ပဋိပန္နော)

၅။ အဝေးမှ ဆောင်ယူ၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံယူထိုက်တော်မူကြပါပေတယ်။ (အာဟုနေယျော)

၆။ ဧည့်သည်ကောင်းတို့အလို့ငှာ၊ အထူးသဖြင့် စီရင်အပ်သော ပစ္စည်းဝတ္ထုတို့ကို အလှူခံခြင်းငှာ ထိုက်တော်မူပါပေတယ်။ (ပါဟုနေယျော)

၇။ မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပေတယ်။ (ဒက္ခိဏေယျော)

၈။ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံယူတော်မူထိုက်ပါပေတယ်။ (အဉ္ဇလိကရဏီယော)

၉။ ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေတယ်။ (အနုတ္တရံ ပုညက္ခေတ္တံလောကဿ)

အားလုံး သံဃာ့ဂုဏ်တော် ၉-ပါး ပွားများ ပြီးပြည့်စုံသွားပါပြီ။

www.dhammaransi.com

# သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိတော်

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။ ယာဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ၁။ သုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝကသံဃော၊ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ချာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ သုပ္ပဋိပန္နော၊ အစဉ်သဖြင့် ဆုံးမသင့်ရာ သာသနာဝယ် လျှော်စွာထုံးပြု ဆုံးအမကို လုံ့ဝ လိုက်နာ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

www.dhammaransi.com


## ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝကသံဃော၊ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ချာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ ဥဇုပ္ပဋိပန္နော၊ စဉ်လဲသမှု မာယာစုဖြင့် ဖုဖုထစ်ထစ် မကောက်ကျစ်ဘဲ စင်စစ်နိဗ္ဗာန် လမ်းဖြောင့်မှန်အောင် လျှောက်ကန်ချင့်မြှော် ကျင့်ကြံတော်မူတတ်ပါပေ၏။

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော၊ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ချာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ ဉာယပ္ပဋိပန္နော၊ ကိုယ်ဝယ်ဝတ်နှောင် ဆံဥသျှောင်ကို မီးလောင်သော်ငြား မငြိမ်းအားဘဲ ကြီးမားလောင်မီး ဒုက္ခကြီးတို့ အပြီးကေန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေ၏။

## ၄။ သာမိစိပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သာဝက သံဃော၊ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ချာရှစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည်။ သာမိစိပ္ပဋိပန္နော၊ ရိုသေသမှု လူတို့ပြုသည့် သာမိစိကို လျှော်ထိုက်တန်အောင် ကျင့်ကြံတော်မူတတ်ပါပေ၏။

www.dhammaransi.com



### ၅။ အာဟုနေယျဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သော ဧသော သာဝက သံဃော၊ အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ အာဟုနေယျော၊ တို့ပြန်ကြီးလေး အကျိုးပေးသဖြင့် အဝေးမှယူ ဆောင်၍မူလည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့် လာဘ်သပ္ပကာ အဖြာဖြာကို ကောင်းစွာသိမ်းပိုက် ခံယူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

### ၆။ ပါဟုနေယျဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သော ဧသော သာဝက သံဃော၊ အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ ပါဟုနေယျော၊ ဝေးရပ်မျိုးနွယ် များဧည့်သည်ဖို့ ရည်ရွယ်မှန်း ထားပစ္စည်းများကို ဘုရားတစ်ဆူပွင့်တော်မူမှ ပေါ်လာကြသည့် ကမ္ဘာ့ဧည့်ကောင်း သူတော်ကောင်းမို့ အကြောင်းတိုက်စွာ ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

### ၇။ ဒက္ခိဏေယျဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သော ဧသော သာဝက သံဃော၊ အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ ဒက္ခိဏေ

ယျော၊ တမလွန်စခန်း ကြီးပွားလမ်းဖို့ မျှော်မှန်းရည်ရွယ် ပေးလှူဖွယ်ကို ရည်ရွယ်သမျှ အကျိုးရသဖြင့် တစ်စမချန် အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

ဂ။ အဉ္ဇလိကရဏီယဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သော သော သာဝက သံဃော၊ အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ အဉ္ဇလိကရဏီယော၊ တစ်လောကလုံး ကိုင်းညွတ်ရှိုးလျက် ရှင်ပြုံးကြည်ညို ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

ဃ။ အနုတ္တရ ပုညက္ခေတ္တဂုဏ်တော်

ဘဂဝတော၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ သော သော သာဝက သံဃော၊ အစုံလေးပါး သီးခြားရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည်။ လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံ၊ အတူမရှိ မြတ်ခေါင်ထိသော။ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မား စွင့်စွင့်ကားလျက် ဖွံ့ထွားဖွယ်ရာ လယ်ယာမြေကောင်းအတူ ဖြစ်တော်မူပါပေ၏။

ဤတွင် သံဃာ့ဂုဏ်တော် ၉-ပါး အနက်အဓိပ္ပာယ် ပြည့်စုံသွားပါပြီ။

"သံဃသဓမ"

အဲဒီလို ဂုဏ်တော်ကို ပါးနှင့်ပြည့်စုံတဲ့ သံဃာတော် အရှင်မြတ်များကို ရိုသေစွာ ရှိခိုးခြင်း လှူဒါန်းခြင်း ချီးမြှောက်ပူဇော်ခြင်းဟာ ကောင်းမြတ်တဲ့ ကုသိုလ်ဘာဝနာကြီး ဖြစ်ပါတော့တယ်။

သံဃာတော်များကို လှူဒါန်းပူဇော်တဲ့နေရာမှာ "သံဃသဓမ"ဖြစ်ဖို့ အရေးကြီးလှပါတယ်။ အရိယာ သံဃာတော်များအထိ ရည်စူးပြီး တရားနှလုံးသွင်းကာ လှူဒါန်းတတ်ကြဖို့ လွန်စွာ လိုအပ် လှပါတယ်။

"ဘုရားကို စေတီကွယ်တယ်၊ တရားကို စာအုပ်ကွယ်၊ သံဃာကို ဘုန်းကြီးကွယ်တယ်"ဆိုတဲ့ စကားဟာ အမြင်ကျဉ်းသူများ၊ ဉာဏ်ဦးစီးပြီး မဆောင်ရွက်နိုင်သူများအတွက် ပေါ်ပေါက်လာရ တဲ့စကားရပ်သာဖြစ်ပါတယ်။ စေတီကို ကိုးကွယ်တဲ့အခါ ဗုဒ္ဓဂုဏ်တော်အထိ အသိဆိုက်ပါ။ တရား စာအုပ်ကိုဖတ်ရှုသည့်အခါ တရားဂုဏ်တော်အထိ ဉာဏ်ရောက်ပါ။ ဘုန်းကြီးကို လှူဒါန်းပူဇော်သည့် အခါ အရိယာသံဃာတော်အထိ အာရုံစိုက်ပါလို့ အဓိကဆိုလိုချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောဆိုရခြင်း ပါဘဲ။

သာသနာပခေတ်မှာ အနည်းငယ်စွန့်ကြဲပေးကမ်းလှူဒါန်းတာနဲ့ နတ်ပြည်နတ်ရွာသို့ ရောက်နိုင် ကြသေးရင်၊ ယခုလို သာသနာတွင်းခေတ်မှာ ဘုရားသားတော်များ ဖြစ်ကြပြီး....

၁။ ပိဋကတ်တော်များကို သင်ကြားပို့ချ ဆောင်ထားခြင်းဆိုတဲ့ ဂန္ထဓုရ၊
၂။ သမထဝိပဿနာဘာဝနာတရားများ ပွားများအားထုတ်ခြင်းဆိုတဲ့ ဝိပဿနာဓုရ၊

အဲဒီလို ဓုရနှစ်ပါးကို ကြိုးပမ်း အားထုတ်ရွက်ဆောင်တော်မူကြတဲ့ ရဟန်းသံဃာတော်အား လှူဒါန်းပူဇော်ရခြင်းဟာ ဘယ်လောက် အကျိုးကျေးဇူးကြီးမားများပြားမယ်ဆိုတာ ခန့်မှန်း၍သာ ကြည့်ကြပါတော့။

ဒါကြောင့် သံဃာနုဿတိကို အစဉ်ပွားများလျက်ရှိကြပြီး ဂန္ထဓုရ, ဝိပဿနာဓုရဆိုတဲ့ ဓုရ နှစ်ပါးဆောင် သံဃာတော်အရှင်မြတ်များအား အမြဲဆည်းကပ်ကိုးကွယ်ကာ ကုသိုလ်တရားပွားများ ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတော့တယ်။

## မာတိကမာတာ နည်းယူစရာ

ဘုရားရှင်လက်ထက်တော်က ကောသလဘုရင်ရဲ့ တိုင်းပြည်နယ်ထဲမှာရှိတဲ့ မာတိကဆိုတဲ့ တောင်ခြေရွာငယ်လေးတစ်ရွာ ရှိခဲ့ပါတယ်။ အဲဒီရွာမှာ မာတိကသူကြီးရဲ့မိခင် မာတိကမာတာဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်လဲရှိခဲ့ပြီး သဒ္ဓါတရား အင်မတန် ထက်သန်လှတယ်လို့ ဆိုပါတယ်။

တစ်နေ့မှာ မာတိကရွာအနီးသို့ ရဟန်းပေါင်း ခြောက်ဆယ်တို့ ရောက်ရှိလာကြပါတယ်။ အဲဒီ ရဟန်းတော်တွေကတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတဲ့ ဘုရားရှင်

www.dhammaransi.com

ထံမှ ကမ္မဋ္ဌာန်းတရားတောင်းခံခဲ့ကြပြီး ရဟန်းတရားအားထုတ်ဖို့ ကြွလာတော်မူခဲ့ကြခြင်း ဖြစ်ပါတယ်တဲ့။

မာတိကမာတာဟာ ရဟန်းတော်များကို ဖူးမြင်ရတဲ့အခါ လွန်စွာကြည်ညိုလှတာနဲ့ အိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်းကျွေးမှုပြုခဲ့ပါတယ်။ အဲဒီနောက် ရဟန်းတော်များအား ဝါတွင်းသုံးလ ကာလပတ်လုံး မာတိကရွာအနီး တောင်ခြေကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူကြပါရန် လျှောက်ထားခဲ့ပြန်ပါတယ်။


ရဟန်းတော်များလဲ မာတိကမာတာရဲ့ လျှောက်ထားချက်ကို လက်ခံပြီး၊ တောင်ခြေကျောင်းမှာ သီတင်းသုံးနေထိုင်တော်မူကြကာ၊ တစ်ပါးနဲ့တစ်ပါး ကတိကဝတ်ထားကြပြီး ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ မာတိကမာတာ ဒကာမကြီးကလဲ ရဟန်းတော်များအား ရင်ဝယ်သားပမာ ကိုယ်ချင်းစာနာမှုနဲ့ ချစ်ခင်ပါတယ်။ အကျင့်သိက္ခာမြင့်မြတ်မှုကို အလေးဂရုပြုပြီးတော့လဲ ကြည်ညိုပါတယ်။ ရဟန်းတော်များအား နံနက်ဆွမ်းသာမက ညနေချမ်းမှာ အဖျော်ယမကာများကိုလဲ လှူဒါန်းခဲ့ပါသေးတယ်။

ပြီးတော့ မာတိကမာတာဟာ သရဏဂုံနဲ့ ငါးပါးသီလကို အမြဲဆောက်တည်ခဲ့ပါတယ်။ ဥပုသ်နေ့များမှာဆိုလျှင် ရှစ်ပါးသီလကို ရဟန်းတော်များအထံ၌ ခံယူဆောက်တည်ခဲ့ပါသေးတယ်။

---

[၂၄] မာတိကမာတာ ဆွမ်းဒကာမကြီးက ရဟန်းခြောက်ကျိပ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းနေပုံ။

www.dhammaransi.com



www.dhammaransi.com



တစ်နေ့မှာ မာတိကမာတာဟာ လှူဒါန်းဖွယ်ရာများနဲ့ တောင်ခြေ ကျောင်းသို့ သွားတဲ့အခါ ရဟန်းများ တစ်ပါးနဲ့တစ်ပါး ကတိကဝတ်ထားပြီး တရားအားထုတ်နေကြတာကို တွေ့ရှိခဲ့ရပါတယ်။ မာတိကမာတာလဲ ရဟန်းကြီးတစ်ပါးရဲ့ ပြောပြချက်အရ ရဟန်းတရားဆိုတာကို သိရှိခဲ့ရပြီး၊ တရားအားထုတ်ရန် စိတ်ဓာတ်ပြင်းထန်လာခဲ့ရပါတယ်။ အဲဒီနောက် ရဟန်းကြီးထံမှ ကမ္မဋ္ဌာန်းတရားတောင်းခံပြီး တရားအလုပ်ကြိုးစားအားထုတ်လိုက်တဲ့အခါ သုံးမဂ် သုံးဖိုလ်တည်ပြီး ဒိဗ္ဗစက္ခု အဘိညာဉ်များပါ ရရှိခဲ့ရပါတယ်။

မာတိကမာတာဟာ ရဟန်းတော်များအတွက် ဆွမ်းစီစဉ်ရင်း, ဝေယျာဝစ္စဆောင်ရွက်ရင်း, တရားအားထုတ်ပြီး သုံးမဂ်သုံးဖိုလ်တည်ခဲ့ရသော်လည်း ရဟန်းတော်ခြောက်ဆယ်တို့ကတော့ ယခုထိ တရားထူးမရကြရှာသေးပါဘူးတဲ့။ အဲဒီလိုရဟန်းတော်များ တရားထူးမရသေးတာကိုမာတိကမာတာက ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်တဲ့အခါ ရဟန်းတော်များ အာဟာရသပ္ပာယ မမျှလို့ တရားထူးမရသေးတာပါကလားလို့ သိမြင်ခဲ့ရပြီး၊ အာဟာရသပ္ပာယ မျှတအောင် ဆက်ကပ်လှူဒါန်းခဲ့ရပါတယ်။ဒါကြောင့် ရဟန်းတော်များလဲ မကြာမီ တရားထူးများရရှိခဲ့ကြကာ ရဟန္တာများဖြစ်ခဲ့ကြရပါတယ်တဲ့။

ရဟန္တာများလဲ ဘုရားရှင်ထံတော်သို့ ပြန်ရောက်တဲ့အခါ မာတိကမာတာ ဒကာမကြီးနှင့်စပ်တဲ့ အရပ်ရပ်သော ဂုဏ်ကျေးဇူးစကားများကို လျှောက်ထားခဲ့ကြပါတယ်။

---

[၃၀] ရေတနာသုံးပါးကိုကြည်ညိုဆည်းကပ်သည့် မာတိကမာတာ ဒကာမကြီးတရားအားထုတ်နေပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါကြောင့် ဗုဒ္ဓဘာသာဝင်များဟာ "ဓမ္မပဒအဋ္ဌကထာ အညတရဘိက္ခု ဝတ္ထု"မှာ ပါရှိတဲ့ "မာတိကမာတာ ဒကာမကြီး"ကို စံနမူနာထားကြပြီး သံဃာတော်အရှင်မြတ်များအား သဒ္ဓါတရား ထက်ထက်သန်သန်- လှူဒါန်းပူဇော်ကြမယ်ဆိုရင် မာတိကမာတာလိုဘဲ မိမိအတွက်လဲ့ အကျိုးများပြီး ရဟန်းတော်များအဖို့လဲ ရဟန်းတရားကို တရားထူးရသည်အထိ ပွားများနိုင်ကြမှာ အမှန်ဖြစ်ပါတယ်။

ဒါကြောင့် ကံ၊ကံ၏အကျိုးကို ယုံကြည်လျက်, ပုဗ္ဗ မုဥ္စ ပရစေတနာ စေတနာသုံးတန် ပြည့်စုံလျက်, ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လျက်, အလှူရေစက် လက်နဲ့မကွာကြဖို့ အထူး နှိုးဆော်လိုက်ရပါတော့တယ်။

## မဟာဓမ္မိက ထူးပေစ္စ

ရှေးက သာဝတ္ထိပြည်မှာ မဟာဓမ္မိကလို့ အမည်ရတဲ့ ဥပါသကာကြီးတစ်ယောက် ရှိခဲ့ပါ တယ်တဲ့။ သူဟာ ဥပါသကာ ငါးရာတို့ရဲ့အကြီးအမှူးကြီးဖြစ်ပြီး၊ သူ့မှာ သားခုနစ်ယောက်, သမီး ခုနစ်ယောက်တို့ ရှိပါသတဲ့။ သူ့ရဲ့ဇနီးနဲ့ သားသမီးတို့ဟာလဲ ဥပါသကာများ ဖြစ်ကြတဲ့အလျောက် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး၌ အမြဲရှိသေဆည်းကပ်ပြီး ဒါနမှု သီလမှုတွေနဲ့ မွေ့လျော် ကြတဲ့ သူတော်ကောင်းများ ဖြစ်ကြသတဲ့။

www.dhammaransi.com


မဟာဓမ္မိက ဥပါသကာကြီးဟာ အသက်အရွယ်ကြီးပြီး သေခါနီးအချိန်မှာ အိပ်ရာထဲက မထနိုင်တော့ဘဲ လဲလျောင်းရင်း တရားနာကြားလိုတဲ့ဆန္ဒများ ဖြစ်ပေါ်လာပါတယ်တဲ့။ ဒါကြောင့် ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီး မဟာသတိပဋ္ဌာနသုတ်ကို နာကြားခဲ့ပါတယ်တဲ့။

အဲဒီလို တရားနာနေဆဲ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းဟာ သူ့အိမ်ရဲ့အထက် ကောင်းကင်ယံသို့ ရောက်ရှိလာကြပြီး ရထားပေါ် ပါလာတဲ့ နတ်တွေက "ဥပါသကာကြီးအား နတ်ပြည်သို့ဆောင်ယူရန် လာကြပါကြောင်း" အသီးသီးပြောဆိုကြပါသတဲ့။ ဒီအခါ ဓမ္မိက ဥပါသကာကြီးက တရားနာနေစဉ်ဖြစ်နေလို့ "ခေတ္တဆိုင်းငံ့ကြပါဦး" လို့ ပြောဆိုတားမြစ်ပါသတဲ့။

ဒီအခါ ဓမ္မိကဥပါသကာကြီးက "ခေတ္တဆိုင်းငံ့ကြပါဦး" လို့ပြောဆိုလိုက်တဲ့စကားသံကို ရဟန်းသံဃာတော်များကြားကြရတဲ့အခါ၊ မိမိတို့အား ပြောတယ်အထင်နဲ့ ရွတ်ဆိုနေတဲ့သုတ္တန်ကို ရပ်ဆိုင်းလိုက်ကြပါသတဲ့။ ဒီအခါ သားသမီးများက "ငါတို့ဖခင်ဟာ ရှေးရှေးက တရားနာလို့မှ အားမရနိုင်ပါဘဲ၊ ယခုမှ သေရမှာကိုကြောက်လို့ တရားကို တားမြစ်ရှာတာဘဲ" လို့ အထင်ရောက်ပြီး ငိုကြွေးကြပါရောတဲ့။ ရဟန်းတော်များလဲ သားသမီးတွေငိုနေရင် ငါတို့ဆက်လက်၍ ရွတ်ဆိုဖို့ မသင့်တော့ဘူးလို့ယူဆပြီး ပြန်ကြွသွားကြပါတော့သတဲ့။

မဟာဓမ္မိကဥပါသကာကြီးလဲ သတိလစ်သွားရာမှ ပြန်သတိရလာတဲ့အခါ၊ သားသမီးများ ငိုကြွေးနေကြတာကိုတွေ့ရလို့ "ဘာကြောင့် ငိုကြွေးနေကြတာလဲ" လို့ မေးမြန်းပါသတဲ့။ သားသမီး

www.dhammaransi.com



များက "ဖခင်ဟာ ရဟန်းသံဃာတော်များ ရွတ်ဖတ်နေစဉ်မှာ "ခေတ္တဆိုင်းငံ့ကြပါဦး"လို့ တားတဲ့အတွက် သေရမှာကြောက်လို့ တားတယ်ထင်ပြီး ငိုကြွေးကြပါကြောင်း" ဖြေကြားကြပါတယ်တဲ့။

ဒီအခါ ဖခင် ဓမ္မိကဥပါသကာကြီးက "ရဟန်းသံဃာတော်များကို တားခြင်းမဟုတ်၊ နတ်ရထားနဲ့ နတ်သားတို့ကို တားခြင်းဖြစ်ကြောင်း" ပြောတဲ့အခါ၊ သားသမီးများက "ဘယ်မှာလဲ နတ်ရထားတွေ့ နတ်သားတွေ့ မမြင်ရပါလား"လို့ ပြန်ပြောကြပါသတဲ့။ မဟာဓမ္မိက ဥပါသကာကြီးက "ဘယ်နတ်ပြည်ဟာ မွေ့လျော်ဖွယ်အကောင်းဆုံးပါလဲ" လို့ မေးတော့၊ သားသမီးများက "ဘုရားအလောင်းနဲ့ ဘုရားရှဲမယ်တော် ခမည်းတော်အလောင်းတို့ နောက်ဆုံးဘဝ နေရာဖြစ်တဲ့ တုသိတာနတ်ပြည်ဟာ မွေ့လျော်ဖွယ်အကောင်းဆုံးပါဘဲ"လို့ ပြန်ပြောကြပါသတဲ့။

ဒီအခါ "သားတို့ သမီးတို့၊သင်တို့သီကုံးထားတဲ့ပန်းကုံးများကို တုသိတာနတ်ရထား၌ချိတ်မိပါစေသားလို့ အဓိဋ္ဌာန်ပြုပြီး ပစ်ကြ" လို့ မိန့်ကြားတဲ့အခါ၊ သားတစ်ယောက်က ဖခင်ပြောတဲ့အတိုင်း အဓိဋ္ဌာန်ပြုပြီး ပစ်မြှောက်လိုက်ပါသတဲ့။ ပစ်မြှောက်လိုက်တဲ့ ပန်းကုံးဟာ တုသိတာနတ်ရထားမှာ ချိတ်ဆွဲမိပြီး ကောင်းကင်ယံသို့ တက်သွားပါတော့တယ်တဲ့။

ဒီအခါ ဓမ္မိကဥပါသကာကြီးက "သားတို့ သမီးတို့၊ ထိုထို၌၌ ကြံစည်ကြောင့်ကြမနေရစ်ကြနှင့်၊ ယခု တုသိတာနတ်ပြည်သို့ ဖခင်သွားရတော့မယ်။သင်တို့လဲ ငါ့ရှဲအထံမှာ ဖြစ်လိုကြပါလျှင်

www.dhammaransi.com



ဘုရားဂုဏ်တော်ကို ပွားများကြ၊ တရားဂုဏ်တော်ကို ပွားများကြ၊ သံဃာ့ဂုဏ်တော်ကို ပွားများကြ၊ ရတနာသုံးပါးကို မမေ့မလျော့သော လုံ့လဖြင့် ဆည်းကပ်ရှိသေ ကိုးကွယ်ကြ'' လို့ မှာကြားသွားခဲ့ပါတယ်တဲ့။

ဒီဝတ္ထုမှာ မဟာဓမ္မိကဥပါသကာကြီးဟာ ရတနာမြတ်သုံးပါးကို အစဥ်အမြဲ ဆည်းကပ် ကိုးကွယ် ပွားများခဲ့ရတဲ့အတွက် လူ့ပြည်မှသေလွန်တဲ့အခါ နတ်ပြည်သို့ ရွှေးရှုရောက်ရှိသွားခဲ့ရတယ် ဆိုတာ သက်သေထင်ရှား ပြသလျက်ရှိနေပါတယ်။

ဒါကြောင့် ''ရတနာမြတ်သုံးပါးရဲ့ဂုဏ်ကျေးဇူးကို ဦးထိပ်ရွက် ပန်ဆင်ရင်း၊ လောကီချမ်းသာ လောကုတ္တရာချမ်းသာ အဖြာဖြာတို့အတွက် လောကီ ကုသိုလ်, လောကုတ္တရာ ကုသိုလ် များစွာကို ပွားများ အားထုတ် ဆောင်ရွက်ကြပါကုန်'' လို့ သတိပေး နှိုးဆော် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ရပါတော့တယ်။

www.dhammaransi.com

# နိဂုံးသစ္စာမွန်

ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးတော်ဘွဲ့ကတော့ ကိန်းခန်းဂဏန်းချပြီး ရေတွက်လို့ပင် ရနိုင်မယ်မဟုတ်ပါဘူး။ အကျိုးကျေးဇူးတရားတွေဟာ အင်မတန် ကြီးမား များပြားလှပါတော့တယ်။

ရတနာမြတ်သုံးပါးဟာ ရှိခိုးခြင်း၏တည်ရာ "ဝန္ဒနာဘာဇနဂုဏ်"၊ မြတ်နိုးခြင်း၏ တည်ရာ "မာနနဘာဇနဂုဏ်"၊ ပူဇော်ခြင်း၏ တည်ရာ "ပူဇာဘာဇနဂုဏ်"၊ အရိုအသေပြုခြင်း၏တည်ရာ "သက္ကာရဘာဇနဂုဏ်" တို့ဖြင့်လည်း ပြည့်စုံကုံလုံကြပါပေတယ်။

## "ဆုတ်ကပ်ပျက်ကပ်"

ယနေ့ခေတ်ကြီးဟာ အဓမ္မရာဂတွေ လွှမ်းမိုးတဲ့ခေတ်၊ ဝိသမလောဘတွေ ထူပြောတဲ့ခေတ်၊ မိစ္ဆာဓမ္မတွေ စိုးမိုးတဲ့ ခေတ်ဆိုးခေတ်ကြပ်ကြီး ဖြစ်ပါတော့တယ်။ ကမ္ဘာတစ်လွှားမှာ ရာသီဥတုတွေ ဖောက်ပြန်ပြီး စားနပ်ရိက္ခာတွေ ရှားပါးနေကြပါတယ်။ စစ်ပွဲကြီးတွေဖြစ်ပြီး လူတွေ သေကြေပျက်စီးနေကြပါတယ်။ မိစ္ဆာနတ်ဘီလူးတွေ သောင်းကျန်းချင်တိုင်းသောင်းကျန်းနိုင်အောင် အခွင့်သာလျက်ရှိနေပါတော့တယ်။ လူကုန်ခန်းကြောင်း တရားတွေ လောကပျက်စီးကြောင်း တရားတွေ ကြီးစိုးပြီး ဆုတ်ကပ် ပျက်ကပ်ကြီး ရောက်ရှိလို့ လာနေပါတယ်။

www.dhammaransi.com



## "ရတနာ ၁ သုံးပါး ဆည်းကပ်ထား"

ဒီလို အချိန်မျိုးမှာ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ကြပ်ကြပ်ကြီး ဆည်းကပ်ကိုးကွယ်ကြပါမှ တော်ကာကျပါလိမ့်မယ်။

ဘုရားရှင်က ဓဇဂ္ဂသုတ်မှာ-

"ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိ တတ္တံ ဝါ၊ လောမဟံ သော န ဟေဿတိ။"

ဘိက္ခဝေါ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ဗုဒ္ဓံ၊ ဘုရားဂုဏ်ကို လည်းကောင်း။ ဓမ္မံ၊ တရားဂုဏ်ကို လည်းကောင်း။ သံဃဉ္စ၊ သံဃဂုဏ်ကို လည်းကောင်း။ သရန္တာနံ၊ အောက်မေ့ကြကုန်သော သင်ချစ်သားတို့အား။ ဘယံ ဝါ၊ ကြောက်ရွံ့ခြင်းသည်လည်းကောင်း။ ဆမ္ဘိတတ္တံဝါ၊ ကိုယ်တုန်လှုပ်ခြင်းသည် လည်းကောင်း။ လောမဟံသော ဝါ၊ ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ န ဟေဿတိ၊ မဖြစ်လတ္တံ့။

"ဘေးရန် အန္တရာယ် ကြောက်ရွံ့ဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်လာတဲ့အခါ၊ ငါဘုရားကို အောက်မေ့ဆည်းကပ်ပါ။ တရားတော်ကို အောက်မေ့ ဆည်းကပ်ပါ။ သံဃာတော်ကို အောက်မေ့

www.dhammaransi.com



ဆည်းကပ်ပါ။ဘေးရန်အန္တရာယ်တွေ ဝေးကွာပြီး ကြောက်ရွံ့စိတ်တွေကင်းပြတ်သွားပါလိမ့်မယ်''ရယ်လို့ အတိအလင်း ဟောကြားတော် မူထားပါတယ်။

## "သစ္စာမှန်"

ဒါကြောင့်မို့လို့ ဓမ္မမိတ်ဆွေများ ဘေးရန် ကင်းကွာပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှု ရှိကြစေဖို့ ရတနာသုံးပါး ဂုဏ်ကျေးဇူးတရားများကို သက်သေအရာထားကာ သစ္စာ ဆိုရင်း တရားနိဂုံး အဆုံးသတ်ပါတော့မယ်။

### ဗုဒ္ဓသစ္စာ

"ဘဂဝသောတံ ဟာဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဣဋ္ဌိတံ ဝေါ သမိဇ္ဈတု။"

ဗုဒ္ဓေါ၊ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားသည်။ ဟဝေ၊ စင်စစ်ကေန် အမှန်သာလျှင်။ ဘဂ သောတံ၊ ဘဝသုံးသွယ် ရေပြင်ကျယ်ကို။ တိဏ္ဏော၊ နိဗ္ဗာန်ထုတ်ချောက် ထိုကမ်းရောက်အောင် ကူးမြောက်တော်မူခဲ့ပါလေပြီ။ လောကန္တဂူ၊ လောက၏ အဆုံးသို့ နှလုံးကြည်ဖြူ ဆိုက်ရောက်တော်မူခဲ့ပါလေပြီ။ ဝိဒူ၊ ခပ်သိမ်းသော တရားအပေါင်းကို ပိုင်းခြားထင်ထင် သိမြင်တော်မူခဲ့ပါလေပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ဝစီမင်္ဂလာ မှန်ကန်လှစွာသော ဤသစ္စာစကားကြောင့်။ ဝေါ-တုမှာကံ၊ သင် သူတော်ကောင်းတို့၏။ ဣစ္ဆိတံ၊ အလိုရှိအပ် တောင့်တအပ်သည့် ဆုမြတ် မင်္ဂလာ ကောင်းကျိုးချမ်းသာ ဟူသမျှသည်။ သမိဇ္ဈတု၊ အန္တရာယ်ကင်းပျောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံအောင်မြင်နိုင်ကြပါစေကုန်သတည်း။

ဓမ္မသစ္စာ

“ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဣစ္ဆိတံ ဝေါ သမိဇ္ဈတု။”

မဂ္ဂေါ၊ လောကုတ္တရာတရား အရိယ မဂ်လေးပါးသည်။ ယဒိ-ဇာတု၊ စင်စစ် ကေန် အမှန်သာလျှင်။ သန္တိဂမော၊ နိဗ္ဗူထုတ်ချောက် ထိုကမ်းရောက်အောင် ကူးမြောက်စေနိုင်တော်မူပါပေ၏။ မောက္ခော စ၊ အရိယမဂ်ဖြင့် ရောက်အပ် ထိုနိဗ္ဗာန် တရားတော်မြတ်သည်လည်း။ အစ္စန္တိကံသုခံ၊ ချမ်းသာစင်စစ် ကေန် ဖြစ်တော်မူပါပေ၏။

ဧတေန သစ္စဝဇ္ဇေန၊ ဝစီမင်္ဂလာ မှန်ကန်လှစွာသော ဤသစ္စာစကားကြောင့်။ ဝေါ-တုမှာကံ၊ သင်သူတော်ကောင်းတို့၏။ ဣစ္ဆိတံ၊ အလိုရှိအပ် တောင့်တအပ်သည့် ဆုမြတ်မင်္ဂလာ ကောင်းကျိုးချမ်းသာ ဟူသမျှသည်။ သမိဇ္ဈတု၊ အန္တရာယ်ကင်းပျောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံအောင်မြင်နိုင်ကြပါစေကုန်သတည်း။

www.dhammaransi.com



## သံဃသစ္စာ

သံဃော စ တိဏ္ဏကန္တာရော၊ ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဣစ္ဆိတံ ဝေါ သမိဇ္ဈတု။"

သံဃော၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်အရိယာ မြတ်သံဃာအပေါင်းတို့သည်။ စ၊ စင်စစ်ကေန် အမှန်သာလျှင်။ တိဏ္ဏကန္တာရော၊ သံသရာခရီးကို အံ့ချီးလောက်စွာ ကူးမြောက်တော်မူနိုင်ပါပေ၏။ အနုတ္တရော၊ အတုမရှိ လွန်မြတ်ဘိသော။ ပုညက္ခေတ္တော၊ ကောင်းမှုမျိုးကို စိုက်ပျိုးကြဲရာ လယ်ယာမြေအစစ် ဖြစ်တော်မူပါပေ၏။

ဧတေန သစ္စဝဇ္ဇေန၊ ဝစီမင်္ဂလာ မှန်ကန်လှစွာသော ဤသစ္စာစကားကြောင့်။ ဝေါ-တုမှာကံ၊ သင်သူတော်ကောင်းတို့၏။ ဣစ္ဆိတံ၊ အလိုရှိအပ် တောင့်တအပ်သည့် ဆုမြတ်မင်္ဂလာ ကောင်းကျိုးချမ်းသာဟူသမျှတို့သည်။ သမိဇ္ဈတု၊ အန္တရာယ်ကင်းပျောက် ရန်မနှောက်ဘဲ ထမြောက်ကိုးလုံ ပြည့်စုံအောင်မြင်နိုင်ကြပါစေကုန်သတည်း။

ပု၊ ဒိ၊ အာ နှင့် ပြည့်စုံရပါလို၏။
ပြီး၏။

www.dhammaransi.com

# “အားထားကြပါ”

ရတနာမြတ်သုံးပါး၊ အားထားကြများသူငါ၊ ။
ဘေးရန်ကွာ ချမ်းသာအပေါင်း၊
ကောင်းကြောင်းဝေဖြာ၊ ။
မြတ်ဗုဒ္ဓသာသနာ၊ ရောင်ဝါကွဲ့ထိန်လင်း၊ ။
တို့ခေတ်မှာစည်ပင်သာလို့၊
သီလ,သမာ,ပညာဖွံ့ဖြိုးအောင်၊
ကြိုးဆောင်ကြမင်း။ ။